မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၇၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံဘုရင်မင်းမြတ် ဂျစ်မီခေဆာ နန်းဂျဲလ်ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✷

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံကြည့်ရှုလေ့လာ ကိုဘေးမြို့ စီးပွားရေးအဖွဲ့အစည်းများ၏ အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၆

ဂျပန်နိုင်ငံ နာဂိုယာမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် နာဂိုယာမြို့ အနီးရှိ တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိရာ တိုယိုတာကုမ္ပဏီဉက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နာဂိုယာမြို့မှ ကိုဘေးမြို့သို့ အမြန်ရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ကိုဘေးမြို့ ANA Crown Plaza Kobe ၌ Kansai Economic Federation (Kankeiren) စီးပွားရေး အဖွဲ့အစည်းများ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့မှတစ်ဆင့် ဂျပန်နိုင်ငံ ကျိုတိုမြို့ Kinkakuji ဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ရွှေသမင်ကျောင်းတော်နှင့် *စာမျက်နှာ ၃ ကော်လံ ၁* ❁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုဘေးမြို့ စီးပွားရေး အဖွဲ့အစည်းများ၏ အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ဆီးဂိမ်းရွက်လှေပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

သတင်းနှင့်ဓာတ်ပုံ
သူဇာနွယ်(ဖျာပုံ)

ပုသိမ် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွက်လှေပြိုင်ပွဲ၏ ဒုတိယမြောက်နေ့ ပွဲစဉ်များကို ယနေ့တွင် ငွေဆောင်ပင်လယ်ကမ်းခြေ၌ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရွက်လှေ အားကစားနည်းတွင် အတန်းအားဖြင့် ၁၂ မျိုးခွဲခြားထားပြီး တစ်ကြိမ်တည်း ယှဉ်ပြိုင်ရခြင်းမျိုး မဟုတ်ဘဲ တစ်တန်းလျှင် ပွဲစဉ်ပေါင်း ၁၀ ပွဲ သို့မဟုတ် ၁၂ ပွဲယှဉ်ပြိုင်ပြီးမှ ရရှိသော အမှတ်များကိုပေါင်းပြီးရလဒ်သတ်မှတ်ရသည့်ကစားနည်း ဖြစ်သည်။

ယခုမြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပဆဲဖြစ်သော ရွက်လှေတွင် အတန်းတိုင်း ပွဲစဉ်(၁၂)ပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဒီဇင်ဘာ ၁၆ ရက်တွင် ပွဲစဉ်သုံးပွဲ ထပ်မံယှဉ်ပြိုင်ခဲ့ကြပြီးဖြစ်သည်။

ဆီးဂိမ်း ငွေဆောင်ရွက်လှေပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့်ဖိလစ်ပိုင်စသည့် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ ရွက်လှေအားကစားသမား ၁၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်နေကြကြောင်း သိရသည်။

ယနေ့မာတိကာ

ချီလီနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ သမ္မတဟောင်း မီချဲလ်ဘာချီလက် အနိုင်ရရှိ — စာမျက်နှာ - ၄

ကုက္ကိုစုကျေးရွာတွင် ကျေးလက်မီးလင်းရေး ဓာတ်အားခွဲရုံဖွင့် — စာမျက်နှာ - ၁၀

ဆီးဂိမ်းရိုးရာခြင်းလုံးအားကစားနည်း ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးရရှိခြင်း ဂုဏ်ပြု — စာမျက်နှာ - ၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စိမ်းလန်း၊ သန့်ရှင်း၊ ခင်မင်ရင်းနှီး

ကျွန်ုပ်တို့နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသော ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြကွက်တစ်ကွက်ကို ထည့်သွင်းပြသသွားသည်ကို သတိပြုမိလိုက်သည်။ လူတို့၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးယိုယွင်းလာခြင်းကို ဤပြကွက်က အသိပေးတပ်လှန့်လိုက်ခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပရိသတ်ကြီးကို အသိပေးလိုက်ခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူတိုင်းက အသိစိတ်ဓာတ်အပြည့်အဝဖြင့် ထိန်းသိမ်းကာကွယ်သွားကြရန် အသိပေးလိုက်ခြင်းဖြစ်သည်။

အမှန်စင်စစ် ဤပြကွက်သည် ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲ၏ ဆောင်ပုဒ်ဖြစ်သည့် Green,Clean & Friendship နှင့် အင်မတန်မှ လိုက်ဖက်လှပေသည်။ စိမ်းလန်းခြင်း၊ သန့်ရှင်းခြင်းနှင့် ခင်မင်ရင်းနှီးခြင်းဆိုသည့် သဘောပင်ဖြစ်သည်။ စိမ်းလန်း၊ သန့်ရှင်းခြင်းကို လူတိုင်း တန်ဖိုးထားတတ်လာစေရန်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲ အဓိကပြိုင်ပွဲများကျင်းပရန် ကျွန်ုပ်တို့နိုင်ငံမြို့တော် နေပြည်တော်သည် ဆီးဂိမ်းဆောင်ပုဒ်နှင့် အလွန်လိုက်ဖက်လှသည်ကို သတိပြုမိသည်။ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်သည် စိမ်းလန်းခြင်းနှင့် သန့်ရှင်းသော မြို့ကြီးဖြစ်သည်။ ဤသို့ စိမ်းလန်းသာယာသည့် မြို့ကြီးတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားအုပ်ချုပ်သူများနှင့် အားကစားသမားများ အတူတကွ ပေါင်းစည်းဆုံစည်းခွင့်ရခြင်းမှာလည်း အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို တိုးတက်စေခဲ့ပါသည်။ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာသည်ကို တွေ့ရပါသည်။

အမှန်စင်စစ် ဤဆောင်ပုဒ်သည် အားကစားအတွက် ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးသတိပြုရမည့်အချက်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီး စိမ်းလန်းသာယာမှသာ ကျွန်ုပ်တို့လူသားအားလုံးအတွက် ကောင်းကျိုးများရရှိမည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှု အမျိုးမျိုးမှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။

ဤဆောင်ပုဒ်မှတစ်ဆင့် လူသားတိုင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုး ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ပါသည်။ လူသားတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအပေါ် ခိုင်မြဲစွာချည်နှောင်ထားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းနိုင်ငံများ၏ ဆက်ဆံရေးသည် ဤအားကစားပြိုင်ပွဲကြီးမှတစ်ဆင့် ပိုမိုခိုင်မာစွာတိုးတက်လာရမည်ဖြစ်ပါသည်။ သန့်ရှင်းသော လူမှုဘဝကိုထူထောင်ရင်း ချစ်ကြည်ရင်းနှီးမှုကို အဆင့်မြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ စိမ်းလန်းခြင်း၊ သန့်ရှင်းခြင်းနှင့်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင်မယ်တော်မာယာ ဖွားတော်မူဟန်နှင့်ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

နှစ်စဉ်ပြည်ပမှ စားအုန်းဆီတန်ချိန် သုံးသိန်းခန့်တင်သွင်းနေရ

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးနှင့် စားသုံးဆီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၃)တို့ကို ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် UMFCCI အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းမင်းတို့က အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အများပြည်သူကျန်းမာရေးနှင့်ပိုမိုသင့်လျော်ရန် cloud Point 8 စားအုန်းဆီများကိုသာ ပြည်ပမှတင်သွင်းခွင့်ပြုထားသော်လည်း အချို့သောပြည်ပမှ တင်သွင်းသူလုပ်ငန်းရှင်များမှ cloud point 10 နှင့် ယင်းထက်အဆင့်နိမ့်သော စားအုန်းဆီများတင်သွင်းမှုရှိဆဲဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် စားအုန်းဆီဈေးနှုန်းလပေါင်း ၃၀ ဝန်းကျင်တွင် တည်ငြိမ်လျက်ရှိနေကြောင်း၊ ပြည်ပမှပြောင်းဆီအချို့ သွင်းလာမှုလည်းရှိသဖြင့် နယ်စပ်များတွင် ဆီလုပ်ငန်းရှင်အသင်းများဖွဲ့စည်းရန် လိုကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုရန်၊ ခက်တာကိုလွယ်ရန်၊ မမှန်မကန်မလုပ်ရန်၊ ကြိုးကြပ်ရန်၊ စားသုံးသူများအပေါ် အကာအကွယ်ပေးရန် မှာကြားသွားကြောင်း သိရသည်။

လူတစ်ဦးလျှင် တစ်နှစ် ဆီ ၁၀ ကီလို ခြောက်ပိသာ ဝန်းကျင် စားသုံးမှုရှိရာ မြန်မာပြည်တွင်းရှိ ခန့်မှန်းလူဦးရေသန်း ၆၀ အတွက် ဆီတန်ချိန်ခြောက်သိန်းဝန်းကျင် လိုအပ်ရာ အစားအသောက်နှင့် စက်မှုလုပ်ငန်းသုံးအတွက်ပါဆိုလျှင် ၈ ဒသမ ၅ သိန်းလိုအပ်ပြီး ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုနှင့် မလုံလောက်၍ နှစ်စဉ်ပြည်ပစားအုန်းဆီ တန်ချိန်သုံးသိန်းဝန်းကျင်တင်သွင်းနေရကြောင်း ယင်းအစည်းအဝေးမှ ပြောကြားချက်များအရ သိရသည်။

နယ်စပ်မှပြောင်းဆီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်နေမှု၊ ပြည်ပမှ တရားမဝင်တင်သွင်းလာသော အဆင့်နိမ့်အရည်အသွေးမမီ စားအုန်းဆီများ တင်သွင်းနေမှုများ၊ ဆီကန်များမှဆီထုတ်ယူရာတွင် အလေးချိန် အပြည့်အဝရရှိရေးတို့ကို သက်ဆိုင်ရာမှ အလေးထား စိစစ်ဆောင်ရွက်ပေးစေလိုသည်ဟု ဆီရောင်းချသူများက ဆိုသည်။ ပြည်တွင်းနည်းပညာ နိမ့်ကျမှုကြောင့် စားသုံးဆီအထွက်နှုန်းနည်းမှု၊ ထုတ်လုပ်မှုစရိတ်မြင့်မားမှုတို့ကြောင့် မြန်မာပြည်တွင် မြေပဲဆီဈေးနှုန်းနှင့် ပြည်ပမှ မြေပဲဆီဈေးနှုန်း နှိုင်းယှဉ်လျှင် ပြည်တွင်းမြေပဲဆီဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဝန်းကျင် ဈေးမြင့်နေကြောင်း၊ ပြည်တွင်းမြေပဲဆီ လက်ကားရောင်းဈေးမှာ ဒီဇင်ဘာ ၁၄ ရက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ နှုန်းရှိကြောင်း မြေပဲဆီရောင်းချသူတစ်ဦးထံက သိရသည်။

ခင်ဆိုင်

ထင်သာမြင်သာပြုပြင်စရာ

ပျက်စီးနေသောလမ်း အမြန်ပြုပြင်ပေးစေလို

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သည် တိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီး၏ အစိုးရရုံးစိုက်ရာ

မြို့ကြီးတစ်မြို့ဖြစ်သည်။ ပဲခူးမြို့တွင် ရွှေဟောင်းစေတီပုထိုးများနှင့် သမိုင်းဝင်စေတီတော်ကြီးများလည်း တည်ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်များတွင် လာရောက်ဖူးမြော်၍ နိုင်ငံခြားခရီးသည်များလည်း အများဆုံးလာရောက်လေ့လာဖူးမြော်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော်လည်း ပဲခူးမြို့ပေါ် အချို့နေရာများသည် ဘုရားဖူးလာကြသူများ စိတ်အနှောင့်အယှက် ဖြစ်စေလောက်အောင် လမ်းများပျက်စီးနေကြပြီး ပြုပြင်ထားမှုမရှိသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် မဟာကလျာဏီသိမ်တော်ကြီး၏ ရှေ့မှစ၍ ရွှေဂူလေးဘုရားထိပ်အထိ အမှတ်(၇) အထကကျောင်းရှေ့ လမ်းတို့သည် မော်တော်ယာဉ်များသွားလာရာ အလွန်ဆိုးရွားစွာ လမ်းများပျက်စီးယိုယွင်းနေသည်ကို ယနေ့အချိန်အထိ ပြင်ဆင်ပေးနိုင်မှုမရှိသေးပါ၍ နိုင်ငံခြားခရီးသွားယာဉ်များနှင့် အနယ်နယ် အရပ်ရပ်မှလာသော ဘုရားဖူးယာဉ်များ သွားလာရေးခက်ခဲနေပြီး ပဲခူးမြို့၏ ဂုဏ်ကျက်သရေကိုကျဆင်းစေပါသည်။ ထို့ကြောင့် အဆိုပါနေရာလမ်း တစ်လျှောက်ကို သက်ဆိုင်ရာများက ပြုပြင်သင့်ကြောင်း တိုက်တွန်းရေးသား ဖော်ပြလိုက်ရပါသည်။

မင်းသစ္စာ(ပဲခူး)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ ဂျပန်နိုင်ငံ ကျိုတိုမြို့ Kinkakuji ဘုန်းကြီးကျောင်း၌ ဆရာတော်ကြီးနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

Kinkakuji ဘုန်းကြီးကျောင်းကို ကျိုတိုခေတ် ၁၃၉၇ ခုနှစ်တွင် Shogun Ashikaga Youshimitsu က စတင်တည်ထောင်ခဲ့ပြီး ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့၍ ယခုအခါ အမျိုးသားအထိမ်းအမှတ်နေရာနှင့် အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရှိရသည်။

ညစာစားပွဲတက်ရောက်

ညနေ ၆ နာရီတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကျိုတိုမြို့ Mimiu Japanese Noodle Restaurant ၌ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe က တည်ခင်းဧည့်ခံသည့် ဂျပန်ရိုးရာ ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တိုယိုတာကုမ္ပဏီမှ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)



ရှေ့ဖုံးမှ

အလားတူ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင်ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှာရင်းတော့ဂေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြစ်မှုဆိုင်ရာနှင့် တရားမအထွေထွေလျှောက်ထားမှုများ ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးမြသိမ်းတို့ ပါဝင်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ခုံရုံးသည် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ဘူတန်အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်မှ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရင်ဇင်ဒိုဂျီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ထိုး

နေပြည်တော် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးတိုးမြှင့်စေရန် ဆန္ဒရှိကြသည်ဖြစ်၍လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်ခရီးသွားရာတွင် လွယ်ကူစေရန်လည်းကောင်း နှစ်နိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး ဆီယန်ဘွန်ဗွတ်တို့က ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်၌ လက်မှတ်ရေးထိုး၍ ချုပ်ဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E.Mr.Marzuki Alie နှင့် ကမ္ဘောဒီးယားနိုင်ငံ National Assembly ဥက္ကဋ္ဌ H.E.Mr. Samdech Akka Moha Ponhea Chakrei HENG SAMRIN တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းသန်းနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

အမျိုးသမီးဘောလုံးပွဲလက်မှတ်များ သုံးနေရာခွဲ၍ ရောင်းချမည်

မန္တလေး ဒီဇင်ဘာ ၁၆

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေးမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်တွင် ကစားမည့်ပွဲစဉ်များအတွက် လက်မှတ်များကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီမှစတင်၍ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ နှစ်နေရာခွဲ၍ အထူးတန်းနှင့် ရိုးရိုးတန်းလက်မှတ်များကို ရောင်းချမည့်အပြင် ရွှေမန်းတောင်အားကစားကွင်း မိုးကုတ်-မတ္တရာလမ်း မျက်နှာစာတွင် ရိုးရိုးတန်းလက်မှတ်များ ထပ်မံ၍ တစ်နေရာ စုစုပေါင်းသုံးနေရာခွဲခြားကာ ရောင်းချရန် စီစဉ်ထားရှိပြီး ပြိုင်ပွဲကျင်းပမည့် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင်လည်း လက်မှတ်များ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

နိုင်ငံတကာသတင်း

ချီလီနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ သမ္မတဟောင်း မီချဲလ်ဘာချီလက် အနိုင်ရရှိ

ချီလီ ဒီဇင်ဘာ ၁၆

ယခင်သမ္မတဟောင်း မီချဲလ်ဘာချီလက်သည် ချီလီနိုင်ငံ၏ သမ္မတ ရွေးကောက်ပွဲ၌ ဒုတိယအကြိမ် အနိုင်ရရှိခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ **(ဝဲပုံ)**

ဆန္ဒမဲပေးမှု ၉၀ ရာခိုင်နှုန်းနီးပါးတွင် မဲရရှိမှု ၃၈ ရာခိုင်နှုန်းရှိ အီဗာလင်မက်တေးအား မဲရရှိမှု ၆၂ ရာခိုင်နှုန်းဖြင့် မီချဲလ်ဘာချီလက်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မစ္စ ဘာချီလက်သည် ၂၀၀၆-၂၀၁၀ သက်တမ်းကာလက သူ၏ ပထမအကြိမ် သမ္မတရာထူးကို ထမ်းဆောင်အပြီး ယခုအခါ ဆက်တိုက် မဟုတ်သော်ငြား ဒုတိယအကြိမ် သမ္မတရာထူးကို ထမ်းဆောင်ရမည်ဖြစ်သည်။ အသက် ၆၂ နှစ်ရှိ မစ္စ ဘာချီလက်က "ဒီအောင်မြင်မှုက ကျွန်မကို ဝမ်းသာပီတိဖြစ်စေပါတယ်၊ ချီလီနိုင်ငံသားအားလုံးအတွက် သမ္မတကောင်းဖြစ်ဖို့ ကြိုးစားသွားပါမယ်" ဟုဆိုသည်။ မစ္စဘာချီလက်သည် ချီလီနိုင်ငံ၏ သမ္မတအဖြစ် နှစ်ကြိမ်အုပ်ချုပ်ရသူ ပထမဆုံးခေါင်းဆောင်ဖြစ်လာမည်ဖြစ်သည်။

"မစ္စဘာချီလက် အနိုင်ရသွားပါတယ်။ အငြင်းပွားစရာမရှိပါဘူး။ ကျွန်မတို့အနေနဲ့ သူ့ကို ဂုဏ်ပြုပါတယ်" ဟု ပြိုင်ဘက်ခေါင်းဆောင် အသက် ၆၀ ရှိ မစ္စ မက်တေးက ပြောကြားခဲ့သည်။

မစ္စ ဘာချီလက်သည် တက္ကသိုလ်ပညာရေးတွင် အခမဲ့သင်ကြားနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းများမှ အခွန်တိုးမြှင့်ကောက်ခံမည်ဟုဆိုပြီး နိုင်ငံရေးနှင့်စီးပွားရေးတို့တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

(ဘီဘီစီ)

ဂျပန်က လာအိုနိုင်ငံစီမံကိန်းများအတွက် ယန်း ၁၀ ဒသမ ၄၆ ဘီလီယံ ထောက်ပံ့

တိုကျို ဒီဇင်ဘာ ၁၆

လာအိုနိုင်ငံ၏အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံက ယန်း ၁၀ ဒသမ ၄၆ ဘီလီယံ အထောက်အပံ့ပေးမည်ဟု ဒီဇင်ဘာ ၁၅ ရက်က ကြေညာသည်။ လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်နှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်၏အထောက်အပံ့သည် လာအိုနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားစွာ အထောက်အပံ့ပေးလိမ့်မည် ဖြစ်ကြောင်း ဆိုသည်။

အရှေ့တောင်အာရှသည် ဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ခုအဖြစ် အသိအမှတ်ပြု ခံနေရချိန်တွင် စင်ကာပူကဲ့သို့တိုးတက်သော နိုင်ငံများနှင့် လာအိုအပါအဝင်တိုးတက်မှုနည်းပါးသော နိုင်ငံများအကြား ဘဏ္ဍာရေးဆိုင်ရာ ကွာဟချက်များ ဖြစ်ပေါ်လျက်ရှိသည်။ ယန်းသန်း ၉၀၀ ကျော် အထောက်အပံ့အပါအဝင် ၉ ဒသမ ၅ ဘီလီယံယန်းချေးငွေ သဘောတူညီချက်ကို ဝန်ကြီးချုပ်နှစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်၏ ချေးငွေများသည် မြို့တော်ဗီယင်ကျန်းရှိ နိုင်ငံတကာလေဆိပ်တိုးချဲ့ရန်နှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းများတွင် သုံးစွဲရန်ဖြစ်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အထောက်အပံ့များကိုမူ လာအိုနိုင်ငံ တောင်ပိုင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းတွင် သုံးစွဲရန်ဖြစ်သည်ဟု အဆိုပါဝန်ကြီးဌာနက ဆိုသည်။ **(ကျိုဒို)**

တရုတ်သမ္မတက လဆင်းယာဉ်အောင်မြင်မှုအတွက်ဂုဏ်ပြု

ပေကျင်း ဒီဇင်ဘာ ၁၆

တရုတ်နိုင်ငံ၏ ပထမဆုံး လပေါ်သို့ ဆင်းသက်နိုင်ခဲ့သော လဆင်းယာဉ် ချန်းငဲ-၃ ၏ ခရီးစဉ် အောင်မြင်မှုအတွက် သမ္မတ ရှီကျင့်ဖျင်က ပေကျင်းအာကာသထိန်းချုပ်ရေးဌာနတွင် ဒီဇင်ဘာ ၁၅ ရက်ညက ဂုဏ်ပြုစကားပြောကြားခဲ့သည်။

သမ္မတနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ထိန်းချုပ်ရေးဌာနမှ ဝန်ထမ်းများကို လက်ဆွဲနှုတ်ဆက်ပြီး **(အောက်ပုံ)** လဆင်းယာဉ်ခရီးစဉ် ဖြစ်မြောက်ရေး၌ ပါဝင်သူအားလုံးကို နှုတ်ဆက်စကားဆိုခဲ့သည်။

လဆင်းယာဉ်နှင့် စူးစမ်းလေ့လာရေးယာဉ်ငယ်တို့သည် လပေါ်တွင် တစ်ခုနှင့်တစ်ခုအောင်မြင်စွာ ဓာတ်ပုံရိုက်ခဲ့ကြပြီး၊ တရုတ်လဆင်းယာဉ် အကြီးအကဲ မာရှင်ကွီက ချန်းငဲ-၃ ခရီးစဉ် အောင်မြင်ကြောင်း ကြေညာခဲ့သည်။

(ဆင်ဟွာ)

တရုတ်နိုင်ငံ တောင်ပိုင်းလေဆိပ် ဆီးနှင်းများကြောင့် ခရီးစဉ်များ ဖျက်သိမ်း

ကူမင်း ဒီဇင်ဘာ ၁၆

ဆီးနှင်းများကျပြီး အအေးဓာတ်များပြားမှုကြောင့် ယူနန်ပြည်နယ် လေဆိပ်တစ်ခုတွင် ဒီဇင်ဘာ ၁၅ ရက်က လေယာဉ်ပြေးလမ်းများ ပျက်စီးခဲ့သည့်အတွက် ခရီးသည် ၈၇၀၀ ကျော် သောင်တင်ခဲ့ရကြောင်း သိရသည်။

ယင်းနေ့ ည ၉ နာရီကတည်းက လေကြောင်း ခရီးစဉ် ၁၅၂ ခုကို ဖျက်သိမ်းခဲ့ရကြောင်း ကူမင်းချန်ရှိ နိုင်ငံတကာလေဆိပ်မှ လေကြောင်းထိန်းသိမ်းရေးမှူးများက ဆိုသည်။

နှိုးဆော်

နံနက် ၉ နာရီကတည်းက အဆိုပါ လေဆိပ်တွင် ဆီးနှင်းများ စတင်ကျဆင်းခဲ့ခြင်း ဖြစ်သည်။ လေကြောင်းခရီးစဉ် ဖျက်သိမ်းခဲ့ရပြီး အချိန်ကုန်ခဲ့ရသော လေယာဉ်များမှ ရေခဲများအား ဖယ်ရှားရန် အလုပ်သမားများကို လေဆိပ်တာဝန်ရှိသူများက နှိုးဆော်ထားသည်။

(ဆင်ဟွာ)

ယီမင်ပါလီမန်က အမေရိကန်မောင်းသူမဲ့လေယာဉ်များအား တားဆီးပိတ်ပင်

ဆာနား ဒီဇင်ဘာ ၁၆

အရပ်သား ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရပြီးနောက် ယီမင်ပါလီမန်က အမေရိကန်၏ မောင်းသူမဲ့လေယာဉ်များအား တားဆီးပိတ်ပင်မှုတစ်ခုကို ဒီဇင်ဘာ ၁၅ ရက်က အတည်ပြုခဲ့သည်ဟု ဆာဘာသတင်းဌာနက ဖော်ပြထားသည်။

ဆုံးဖြတ်

လေကြောင်းရန် တိုက်ခိုက်ခံရမှုများမှ အပြစ်မဲ့ပြည်သူများကို ကာကွယ်ခြင်းသည် အရေးကြီးသကဲ့သို့ နိုင်ငံ၏အချုပ်အခြာအာဏာ ထိန်းသိမ်းခြင်းသည်လည်း အရေးကြီးကြောင်း ပါလီမန်၏ ထုတ်ပြန်ချက်ကို ဆာဘာသတင်းဌာနက ဖော်ပြထားခြင်းဖြစ်သည်။ ယီမင်အရှေ့တောင်ဘက်ပြည်နယ် အယ်လ်ဘေဒါတွင် ဒီဇင်ဘာ ၁၂ ရက်ကကျင်းပသော မင်္ဂလာဆောင်ယာဉ်တန်းကို အမေရိကန်မောင်းသူမဲ့လေယာဉ်က မှားယွင်းစွာ တိုက်ခိုက်ခဲ့သည့်အတွက် ယီမင်နိုင်ငံသား ၁၇ ဦးသေဆုံးခဲ့ပြီး ၂၀ ဦး ဒဏ်ရာရရှိစေခဲ့ပြီးနောက် အဆိုပါ ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သော ဒီဇင်ဘာ ၉ ရက်က အရှေ့ပိုင်းပြည်နယ် ဟာဒရာမောက် လမ်းမပေါ်၌ ခရီးသွားနေသောပြည်သူလေးဦးအား အမေရိကန်မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်ခဲ့ပြီးနောက် အထက်ပါဖြစ်ရပ်သည် ရက်သတ္တပတ်အတွင်း ဒုတိယအကြိမ် မှားယွင်းသော လေကြောင်းတိုက်ခိုက်မှုဖြစ်သည်။ **(ဆင်ဟွာ)**

ဂျပန် - အာရပ် စီးပွားရေးဖိုရမ်ကျင်းပ

တိုကျို ဒီဇင်ဘာ ၁၆

စီးပွားရေးခိုင်မာတောင့်တင်းစေရေး မည်သို့မည်ပုံဆောင်ရွက်မည်ဟူသော အကြောင်းအရာများ ဆွေးနွေးနေကြသည့် စီးပွားရေးဖိုရမ်ကို ဂျပန်နိုင်ငံနှင့် အာရပ်နိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးခေါင်းဆောင်များ ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရအဖွဲ့နှင့်အာရပ်ပြည်နယ်များအဖွဲ့ချုပ်က အဓိကတာဝန်ယူကာ ယခုသုံးကြိမ်မြောက် ဂျပန်-အာရပ်စီးပွားရေးဖိုရမ်ကို ကျင်းပနေခြင်းဖြစ်သည်။ ဂျပန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်း၊ တောင်အာဖရိကဒေသရှိ နိုင်ငံပေါင်း ၂၀ တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခြေခံအဆောက်အအုံများဆိုင်ရာနှင့် ပြန်ပြည့်မြဲ စွမ်းအင်ကဏ္ဍ ဥပမာရေနံသဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်ကြသည်။ ဂျပန်နိုင်ငံက အာရပ်နိုင်ငံများအချင်းချင်းအကြား စီးပွားရေးကွာဟချက် အဆုံးသတ်စေရေးအတွက် အကူအညီပေးရန် ပါဝင်သူများက ဆွေးနွေးလျက်ရှိသည်။

(အင်န်အိတ်ချ်ကေ)

တရုတ်နိုင်ငံ စင်ကျန်ပြည်နယ် ပဋိပက္ခဖြစ်၊ ၁၆ ဦးသေဆုံး

ပေကျင်း ဒီဇင်ဘာ ၁၆

တရုတ်နိုင်ငံမြောက်ပိုင်း စင်ကျန်ပြည်နယ်၌ ပဋိပက္ခဖြစ်ပွားရာ ၁၆ ဦးသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဒီဇင်ဘာ ၁၆ ရက်က ဖော်ပြထားသည်။

ဖြစ်ပွား

ဖြစ်ပွားချိန်မှာ ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းကဖြစ်ပြီး ကာရှ်ဂါမြို့ အနီးကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖောက်ခွဲရေးပစ္စည်းများနှင့် ဓားများ ကိုင်ဆောင်ထားသူများကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးအရေးယူရန် ကြိုးစားစဉ် ပြန်လည်တိုက်ခိုက်ခံကြရသည်ဟုဆိုသည်။ ယင်းပဋိပက္ခဖြစ်စဉ်အတွင်း ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ၁၄ ဦးသေဆုံးသကဲ့သို့ ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးသွားကြောင်း သိရသည်။

တရုတ်နိုင်ငံ စင်ကျန်ပြည်နယ်သည် ပဋိပက္ခဖြစ်စဉ်များ မကြာမကြာဖြစ်ပေါ်လေ့ရှိသည်။

သေဆုံးခဲ့

ပြီးခဲ့သည့်လကပင် ကာရှ်ဂါမြို့အနီး ရဲစခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခံရမှုကြောင့် အရပ်သားကိုးဦးနှင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ရသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် နမ့်ခင်နှင့် နမ့်လပ်ချောင်းများ ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ရပ်ကွက်တချို့ရေနစ်မြုပ်

ကျိုင်းတုံ ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဒီဇင်ဘာ ၁၂ ရက် ညပိုင်းမှ စတင်၍ မိုးသည်းထန်စွာ နှစ်ရက်ဆက်တိုက်ရွာသွန်းခဲ့သောကြောင့် ကျိုင်းတုံမြို့ကို ဝိုင်းပတ်ရစ်ခွေ စီးဆင်းလျက်ရှိနေကြသည့် နမ့်ခင်ချောင်းနှင့် နမ့်လပ်ချောင်းများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ချောင်းရေများ ဝင်ရောက်မှုကြောင့် ကျိုင်းတုံမြို့၏ရပ်ကွက်တချို့အတွင်းရှိ ဘာသာရေးအဆောက်အအုံများ၊ ရုံးဌာနများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများအတွင်းနှင့် လယ်မြေတချို့တို့အတွင်း ရေကြီး ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

ရေဖုံးလွှမ်း

ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းမှစတင်ကာ နမ့်ခင်ချောင်း ရေဝင်ရောက်မှုကြောင့် အမှတ်(၄) ရပ်ကွက် ကန်နားနမ့်ခင်နွဲ့ရွာ အမှတ်(၅) ရပ်ကွက် ကန်နားလုံရွာ အတွင်းရှိ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များတွင် ရေကြီး ရေဝင်နစ်မြုပ်နေခြင်းဖြစ်ပေါ်လျက်ရှိနေကာ ကျိုင်းတုံ-မိုင်းယန်းကားလမ်းမကြီးပေါ် ရေကျော်ရေဖုံးလွှမ်းခြင်း၊ လယ်မြေအနည်းငယ်တို့အတွင်း ရေဝင်ရေနစ်မြုပ်နေခြင်းဖြစ်ပေါ်လျက်ရှိနေသကဲ့သို့ ဒီဇင်ဘာ ၁၅ ရက်ညပိုင်းမှ စတင်ကာ နမ့်လပ်ချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ နမ့်လပ်ချောင်းရေဝင်ရောက်မှုကြောင့် စိုက်ပျိုးရေးတံတားအနီး ကျိုင်းတုံ-လွယ်မွေ ကားလမ်းမကြီးပေါ် ရေကျော် ရေဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့ပြီး အမှတ်(၃) ရပ်ကွက်၊ ဟိုခုံရွာ၊ သဲဆိုင်းရွာအတွင်းရှိ လူနေအိမ်များ၊ ရုံးဌာနများအတွင်း ချောင်းရေဝင်ရောက် နစ်မြုပ်နေခြင်း၊ မြို့တော်ခန်းမအနီး မြို့ပတ်လမ်းတစ်လျှောက်ရှိ ရုံးဌာန ၁၀ ခု၊ မူလတန်းကြိုကျောင်း၊ သီလရှင်စာသင်တိုက်၊ လူနေအိမ်များ၊ ပုဂ္ဂလိကဆေးရုံတစ်ရုံနှင့် ကားဝပ်ရှော့များ၊

ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြို့တွင်းလမ်းများ၌ ရေကြီးနေသည်ကို တွေ့ရစဉ်။

ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ချောင်းရေများ ကား လမ်း များ ပေါ်သို့ လျှံတက်ရာ သက်ဆိုင်ရာက သွားလာမှု အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

အမှတ်(၄) ရပ်ကွက်၊ မြို့သစ်ရပ်ရှိ ရုံးဌာန လေးခု၊ သင်တန်းကျောင်းတစ်ကျောင်း၊ အထက(၅)၊ ကျိုင်းတုံဘိုးဘွားရိပ်သာ၊ လူနေအိမ်များ၊ ကားဝပ်ရှော့များ၊ လယ်မြေအနည်းငယ်တို့အတွင်း ရေကြီး ရေဝင် ရေနစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိနေကာ ကျိုင်းတုံ-လေယာဉ်ကွင်းကားလမ်းမကြီးပေါ် ရေကျော်ရေဖုံးလွှမ်းမှုဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ ကားလမ်းမကြီးအပေါ် ယာဉ်သွားလာမှု ပြတ်လပ်မှုမရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ နေအိမ်များ၊ ရုံးဌာနများအတွင်းမှ လိုအပ်သောပစ္စည်းများကို ရွှေ့ပြောင်းခြင်းလုပ်ငန်းများ အဆင်ပြေမှုရှိစေရေး၊ရေနှင့် အစားအစာများ၊ သီလရှင်များအတွက် ဆွမ်းစသည့် လိုအပ်ချက်များကို အဆင်ပြေမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီသို့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့မှတစ်ဆင့် ပေးပို့တင်ပြလာသည့်အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် (၁၃)ရပ်ကွက်၊ အောင်ကပ်ကျော်ရပ်ကွက်လျှပ်စစ်မီးရရှိရေးအတွက် အထောက်အပံ့ရရှိခဲ့သည့် ၃၁၅ ကေဗွီအေ ထရန်စဖော်မာနေရာအတွက် ၁၂ ပေပတ်လည်မြေနေရာရရှိရန် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုချက်အပေါ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှု

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် (၁၃)ရပ်ကွက်၊ အောင်ကပ်ကျော်ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတည်ဆောက်ရန် မြေနေရာ (၁၂×၁၂)ပေ တောင်းခံမှုအား ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ၂၅-၁၁-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှလည်း ၂၉-၁၁-၂၀၁၃ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ၁-၁၂-၂၀၁၃ ရက်နေ့မှစ၍ တိုင်ကျင်းများ တူးဖော်ခြင်း၊ ၇-၁၂-၂၀၁၃ ရက်နေ့တွင် တိုင်များစိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှလည်း ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီသို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ

မုံရွာကြက် / ငုံးမွေးမြူရေးအထူးဇုန်တွင် မီးလောင်မှုဖြစ်ပွား

မုံရွာ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်စစ်ပုံကျေးရွာ ကြက်/ငုံး မွေးမြူရေးအထူးဇုန်အတွင်း အမှတ်(၇) လမ်းဘေး ဝဲ/ယာ ရှိ ငုံးခြံနှင့် ကြက်ခြံများ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်ပွားပုံမှာ အဆိုပါကြက်/ငုံး မွေးမြူရေးဇုန်အတွင်းရှိ ငုံးမွေးမြူရေးလုပ်ငန်းရှင် ဦးဇော်တင့်၏ ငုံးခြံအတွင်း နံနက် ၈ နာရီခွဲခန့်တွင် အမှိုက်များ ရှင်းလင်းပြီး မီးရှို့စဉ် စတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နယ်မြေခံ စစ်ဒေသမှူးနှင့် တပ်ရင်းများမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးဦးစီးသော မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကားများ၊ မီးသတ်ရေသယ်ယာဉ်များ၊ လယ်ဇင်ကျေးရွာ၊ ခင်မွန်စံပြကျေးရွာ၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ ကြေးမုံ၊ အလုံ၊ ချမ်းမြသာစည်၊ စက်မှုဇုန်၊ ထန်းတောရပ်ကွက်/ကျေးရွာများမှ မီးသတ်ကားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ခိုင်ဖြိုး ပါတီမှ လူငယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ ၂၀ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ငုံးမွေးမြူရေးခြံ ရှစ်ခြံ၊ ကြက်မွေးမြူရေးခြံ ၂၂ ခြံ၊ လူနေအိမ် ခုနစ်လုံး မီးလောင်ကျွမ်းဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး "ငုံးခြံအမှိုက်ရှင်းပြီး မီးရှို့ရင်း စလောင်တာလို့ ပြောတယ်၊ ငုံးမွေးမြူရေးခြံတွေနဲ့ ကြက်မွေးမြူရေးခြံတွေက ကိုက် ၁၀၀၀ ကျော်လောက်ဝေးတယ်၊ ဒါကြောင့် ကြက်ခြံသမားတွေက မထင်ကြဘူးလေ၊ မီးလောင်တော့ လေတွေတိုက်လာတယ်၊ အဲဒီမှာ ကြက်ခြံဘက်ကို မီးလုံးပြတ်ကျပြီး လောင်တော့တာပဲ၊ ဟိုမှာပဲ မဲပြီး မီးသတ်နေကြတုန်း ကြက်ခြံတွေဘက်ပါ မီးလောင်တော့ မငြိမ်းသတ်နိုင်ဘူး၊ နောက်ပြီး မီးစလောင်တာနဲ့ လျှပ်စစ်မီးတွေက ဖြတ်လိုက်တော့ ရေတွင်းတွေကလည်း သုံးမရတော့ဘူးဖြစ်တာပေါ့။ တချို့လည်း ကြက်ခြံတံခါးတွေ ဖွင့်ပေးတော့ ကြက်တွေလွတ်သွားတယ်။ တချို့ခြံတွေကတော့ ခြံဖွင့်ချိန်ကို မရလိုက်ဘူးဖြစ်သွားတယ်" မီးဘေးသင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မုံရွာမြို့နယ်အတွင်း ယခုမီးလောင်မှုသည် ဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်း ကနဦးသတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၆

အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်၏ 14th Council Meeting ကို ယနေ့ညနေ ၅ နာရီခွဲက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပရာ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Sanguan Kosavinta၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေ အတွင်းရေးမှူးချုပ် MAJ(Rtd) Baharuddin Jamil နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥက္ကဋ္ဌ Mr.Sanguan Kosavinta၊ ဒေါက်တာခင်ရွှေ၊ MAJ(Rtd) Baharuddin Jamil တို့က အသီးသီး အမှာစကားပြောကြားကြပြီး ယခုကျင်းပနေသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲ အခက်အခဲများကို ဖြေရှင်းဆွေးနွေးကြသည်။ ထို့နောက် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်းမှာ ကမ္ဘာ့အဆင့်မီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများက သဘောကျ ချီးကျူးကြကြောင်း၊ ထို့ကြောင့် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရန် တင်ပြ တောင်းဆိုသွားမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

❊ *ကျော်ဖုံးမှ*

အမျိုးသမီး ၅၃ ကီလိုတန်းတွင် ရွှေတံဆိပ်၊ အမျိုးသား ၆၉ ကီလိုတန်းတွင် ကျော်မိုးဝင်းနှင့် အမျိုးသမီး ၆၉ ကီလိုတန်းတွင် လဲ့လဲ့ဝင်းတို့ ငွေတံဆိပ် နှစ်ခု၊ အမျိုးသား ၅၆ ကီလိုတန်းတွင် ပြည့်ဖြိုးနှင့် အမျိုးသား ၆၂ ကီလိုတန်းတွင် မြင့်ကြည်တို့က ကြေးတံဆိပ် နှစ်ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ငါးခုကို ရယူနိုင်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲ၌ အမျိုးသား ၈၅ ကီလိုတန်းတွင် ထိုင်းနိုင်ငံက အမြန်မ ၁၅၁ ကီလို၊ နှစ်ဆင့်မ ၁၉၀ ကီလို စုစုပေါင်း ၃၄၁ ကီလိုမကာ တစ်ဦးတည်း စံချိန်သစ် သုံးခုတင်နိုင်ခဲ့သည်။ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းတွင် အမျိုးသား ၅၆ ကီလိုတန်း၌ ဗီယက်နမ်က ၂၈၅ ကီလို၊ အမျိုးသား ၆၂ ကီလိုတန်းတွင် အင်ဒိုနီးရှားက ၃၀၄ ကီလိုနှင့် အမျိုးသမီး ၅၈ ကီလိုတန်းတွင် ထိုင်းက ၂၂၅ ကီလိုတို့ဖြင့် စံချိန်သစ်များ တင်ခဲ့ကြသည်။ အမြန်မတွင် အမျိုးသား ၆၉ ကီလိုတန်း၌ အင်ဒိုနီးရှားက ၁၄၈ ကီလိုနှင့် အမျိုးသား ၇၇ ကီလိုတန်းတွင် ထိုင်းက ၁၅၁ ကီလိုတို့ဖြင့် အရှေ့တောင်အာရှ စံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။ နှစ်ဆင့်မတွင် အမျိုးသား ၉၄ ကီလိုတန်း၌ ထိုင်းနိုင်ငံမှ ၁၉၄ ကီလိုဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အလေးမပွဲစဉ်များတွင် အရှေ့တောင်အာရှ အလေးမ အားကစားအတွက် စံချိန်သစ် ကိုးခုတင်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး အသိပညာပေးနှင့် သုတေသန

လှလှအောင်
(မြန်မာနိုင်ငံလျှင်ကော်မတီ)

သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး ကြိုတင်ပြင်ဆင်ပေး ဆောင်းပါး ရေးသားပြီးနောက် ဤအသိပညာပေးဆောင်းပါးကို ဆက်လက်ရေးသားရန် လိုအပ်လာပါသည်။ သဘာဝဘေးမှကင်းဝေးစေရန် ပြည်သူများတစ်ဦးချင်း ပြင်ဆင်ရမည်များကို အသိပညာပေးရပါမည်။ သဘာဝဘေး မကြာခဏ ကြုံနေ သော နိုင်ငံများ၏ သုတေသနပြုစုစည်းထားသည့်အချက်များကို အလွယ်ကူဆုံး ပြန်လည်ရေးသားထားခြင်းဖြစ်သည်။ ငလျင်လှုပ်သည် ဆိုသည်မှာ ယေဘုယျအားဖြင့် ရှင်းပြရလျှင် ကမ္ဘာကြီးအတွင်းပိုင်းတွင် ရှိနေသည့် ပြတ်ရွေ့(သို့) ကျောက်ထုချပ်တို့ဆုံရာအနားသတ်တို့တွင် ဘေးတိုက်ဖြစ်စေ၊ အထက်အောက်ဖြစ်စေ ရွေ့သွားခြင်းမှ ပေါ်ထွက်လာသော ငလျင်လှိုင်း များကြောင့် မြေမျက်နှာပြင်တုန်ခါ၍ ငလျင်လှုပ်ခြင်းဖြစ်သည်။ သဘာဝ သဘောတရားအရ လှုပ်ရှားသွားခြင်းမျှသာဖြစ်သည်။ သို့သော် ဤလှုပ် သွားသည့်ဒေသတစ်ဝိုက်တွင် ကျေးရွာမြို့များတည်ထောင်၍ လူများစုဝေး နေထိုင်နေသောအခါ ထိုအဆောက်အအုံများ ငလျင်ဒဏ်ခံနိုင် စွမ်းမရှိသည့် အတွက် ပြိုကျရာမှ လူ့အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံး ရခြင်းဖြစ် သည်။ ငလျင်လှုပ်သည်က လူကိုမသေစေပါ။ ငလျင်လှုပ်၍ တိုက်ပြိုခြင်းကြောင့် လူ့အသက်ဆုံးရှုံးရခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ငလျင် လှုပ်ရာမှာ ဖြစ်ပေါ်လာသည့် ကွင်းဆက်ဆိုးကျိုးများတွင် အဆောက် အအုံအမျိုးမျိုး ပြိုကျခြင်း၊ ပျက်စီးခြင်း၊ မီးလောင်ခြင်း၊ တောင်တန်း တောင်စောင်းရှိရာ ဒေသများတွင် ငလျင်လှုပ်လျှင် မြေပြိုခြင်း၊ ကျောက် တောင်ပဲ့ကျ/ပြိုကျခြင်းများ ရှိတတ်သဖြင့် အသက်အိုးအိမ်များ ပျက်စီးရ သည်။ ငလျင်လှုပ် ၍ မီးလောင်ရခြင်းသည် ဆိုးကျိုးတစ်ရပ်ဖြစ်သော်လည်း ငလျင်လှုပ်တိုင်း မီးလောင်ခြင်း အမြဲမဖြစ်ပေ။ မီးလောင်ရခြင်း အကြောင်း တရားမှာ ငလျင်လှုပ်ခါလိုက်သည့်အခါ လျှပ်စစ်တိုင်များပြိုလဲပြီး လျှပ်စစ် လိုင်းများ ပြတ်တောက်ရာမှလည်းကောင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း များ ကျိုးပဲ့ပျက်စီးရာမှလည်းကောင်း မီးလောင်မှု ဖြစ်ပွားရသည်။ တစ်ဖန် မီးလောင်ရာ ဒေသအရပ်သို့ မီးသတ်ကားများ အချိန်မီရောက်မလာနိုင်ခြင်း၊ လမ်းများ ပိတ်ဆို့သဖြင့် အလျင်အမြန် လာရောက်မငြိမ်းသတ်ပေးနိုင်ခြင်း အပြင် မီးသတ်အဆောက်အအုံနှင့် မီးသတ်ကားများ ငလျင်ဒဏ်ကြောင့် ပျက်စီး သွားရခြင်းကြောင့် မီးလောင်မှုသည် အနည်းငယ်မှ နေရာများစွာကို ဝါးမျိုလောင်ကျွမ်းစေသည်။ ဤသို့သော ဖြစ်ရပ်များစွာ သာဓကများတွင် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် များစွာဖြစ်ပျက်ခဲ့ဖူးကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်မူ ၁၉၃၀ ခုနှစ် ပဲခူး ငလျင်ကြောင့် မီးလောင်မှုဖြစ်ပေါ်၍ လူအများ အသက်ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

ငလျင်၏ နောက်ဆက်တွဲ ဆိုးကျိုးတစ်မျိုးဟု သိရှိထားသော ဆူနာမီ လှိုင်းဝင်ရောက်လွှမ်းမိုးခြင်းမှလည်း လူ့အသက်အိုးအိမ်စည်းစိမ် ပျက်စီး ဆုံးရှုံးစေသည်။ သို့သော် အဆိုပါဆူနာမီဆိုးကျိုးမှာ နေရာဒေသတိုင်း တွင် မဖြစ်ပါ။ ဆူနာမီသည် ပင်လယ်အောက်ရှိ ပြတ်ရွေ့(သို့)ကျောက် ထုချပ်တို့ ရွေ့သွား၍ ငလျင်လှုပ်ရာမှ ဆူနာမီလှိုင်းလုံးကြီးများ ဖြစ်ပေါ်လာစေ ခြင်းဖြစ်သည့်အတွက် ပင်လယ်ကမ်းစပ်တစ်လျှောက်ရှိ ဒေသမျိုး၊ တစ်ဖန် ထိုကမ်းခြေများ၏ ပင်လယ်အောက်တွင် ပြတ်ရွေ့ရှိနေသည့် ဒေသမျိုးတို့ တွင်သာ ဆူနာမီလှိုင်းများ ရောက်ရှိလွှမ်းမိုးသွားနိုင်သည်ဖြစ်သည်။ ယခုအခါ သိပ္ပံပညာရှင်များ၏ အစဉ်တစိုက် သုတေသနပြုလုပ်ချက်၏ ရလဒ်ဖြစ်သော ဆူနာမီသတိပေးကိရိယာများ ရှိလာပြီဖြစ်သဖြင့် ဆူနာမီဘေးကင်းဝေးစေ နိုင်မည် ဖြစ်သည်။ သို့သော်လည်း သဘာဝဖြစ်စဉ်များ ပြောင်းလဲလာသည် ဆိုသည့်အတိုင်း ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက် ဂျပန်နိုင်ငံ အရှေ့ဘက် ကမ်းခြေ ပင်လယ်အောက်ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ကာ လူ့အသက် အိုးအိမ်စည်းစိမ်များစွာ ပျက်စီးခဲ့ရသည်။ မြန်မာနိုင်ငံတွင်မူ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ဆူမားတြားကမ်းခြေ ပင်လယ်အောက်ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်၍ မြန်မာနိုင်ငံ တနင်္သာရီကမ်းခြေတစ်လျှောက်နှင့် ရခိုင် ကမ်းခြေတစ်လျှောက်တို့တွင် ဆူနာမီလှိုင်းများ ရောက်ရှိလာသဖြင့် ပျက်စီးမှု အနည်းငယ်ရှိသည်ဟု မှတ်တမ်းများအရ သိရသည်။

အောက်ပါ ငလျင်မလှုပ်ခင် / လှုပ်နေစဉ်နှင့် လှုပ်ပြီး ဆောင်ရန်၊ ရှောင်ရန်များမှာ သဘာဝဘေးနှင့် ယှဉ်တွဲနေတတ်စေရန်အတွက် သုတေ သနပြုချက်များမှ ရရှိထားခြင်းဖြစ်သည်။

ငလျင်မလှုပ်ခင်

၁။ မိမိနေထိုင်လျက်ရှိသော အိမ်များကိုကြံ့ခိုင်မှုရှိအောင် ဆောက်ပါ၊ သို့မဟုတ် ပြုပြင်ပါ။

၂။ အသစ်ဆောက်လုပ်မည်ဆိုပါက ငလျင်ဒဏ်ခံနိုင်သော ဆောက် လုပ်ရေး ဒီဇိုင်းများ၏ စည်းကမ်းအချက်အလက်များအတိုင်း လိုက်နာဆောက်လုပ်ပါ။

၃။ နေရာသစ်သို့ ပြောင်းရွှေ့နေထိုင်မည်ဆိုပါက ဆောက်လုပ်ထားသည့် အဆောက်အအုံ ခိုင်မြဲမှုရှိ၊ မရှိ စစ်ဆေးပါ။

၄။ အရေးပေါ်သုံးပစ္စည်းများပါရှိသည့် သေတ္တာငယ်ကို ပြင်ဆင်ထား ပါ။ ပါရှိရမည်များမှာ-

- တစ်ဦးချင်းသုံးစွဲနေသော ဆေးနှင့် ဆေးပစ္စည်းများ
- ရှေးဦးသူနာပြုပစ္စည်းများ
- လက်အိတ်များ
- အိမ်ထောင်စုစာရင်းမိတ္တူနှင့် မိသားစုမှတ်ပုံတင်မိတ္တူများ
- သောက်ရေသန့်ဘူးများ
- သုံးစွဲရန်ငွေနှင့် အစားခြောက်များ
- မိသားစုဖုန်းနံပါတ်များ
- ဓာတ်ခဲသုံးဓာတ်မီးများနှင့် ဓာတ်ခဲများ
- မိသားစုဝင်မဟုတ်သော အဝေးရှိမိတ်ဆွေများ၏ ဖုန်းနံပါတ် များ စုစည်းထားပါ။
- မိသားစုအား သဘာဝဘေးကြုံလျှင် လုပ်ဆောင်ရမည့်အချက် များကို ပြောပြထားပါ။

ငလျင်လှုပ်ပြီဆိုလျှင်

(၁) ဦးစွာမိမိရောက်ရာနေရာမှာ ထိုင်ချလိုက်ပါ။ ခေါင်းပေါ်လက်ယှက် တင်၍ခိုင်ခံ့သော စားပွဲကဲ့သို့သော နေရာအောက်သို့ တဖြည်း ဖြည်းရွှေ့သွားပြီး စားပွဲတိုင်ကို မြဲမြဲဆုပ်ကိုင်ထားပါ။ ငြိမ်နေပါ။ ငလျင်လှုပ်ခြင်းရပ်မှ အဆောက်အအုံများလွတ်ကင်းမည့် ကွင်း ကျယ်ရှိရာပြေးပါ။

(၂) ကြောက်လန့်တကြား ပြေးမသွားပါနှင့်။ ပတ်ဝန်းကျင်ကို လေ့လာ ပြီးမှ လှုပ်ရှားပါ။

(၃) ပြေးလျှင်လည်း ဓာတ်လှေကား မသုံးပါနှင့်။ ရိုးရိုးလှေကားကိုသာ သုံးပါ။

(၄) လမ်းပေါ်ရောက်နေလျှင် ဓာတ်မီးတိုင်၊ လျှပ်စစ်မီးကြိုး၊ မှန်နှင့် ဆောက်ထားသော အထပ်မြင့်တိုက်များမှ ဝေးအောင် ရှောင်ပါ။

(၅) ကားမောင်းနေလျှင် ကားကို ဘေးလွတ်ရာတွင် ထိုးရပ်ထားပါ။

ငလျင်လှုပ်ပြီး

(၁) လျှပ်စစ်မီးခလုတ်ကို ပိတ်ချလိုက်ပါ။ ဓာတ်ငွေ့အိုးကို ပိတ်ချလိုက် ပါ။

(၂) ငလျင်လှုပ်ခါမှု ရပ်တန့်သွားပြီး သေချာမှ မိမိနေရာမှထ၍ ပတ်ဝန်း ကျင်ကို လေ့လာပါ။

(၃) အိမ်သားများကို ဘေးကင်းမှုရှိ/မရှိ စစ်ဆေးပါ။ အရေးပေါ် ပြုလုပ် ရမည်များကို ချက်ချင်းဆက်လက်ဆောင်ရွက်ပါ။

ယနေ့ကမ္ဘာပေါ်ရှိ ဒေသများစွာတို့တွင် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းများ တဖြည်းဖြည်း တိုးပွားများပြားလာနေသည်ကို တွေ့ရှိ နေရသည်။ သဘာဝဘေးများဖြစ်သော ငလျင်လှုပ်ခြင်း၊ မီးတောင် ပေါက်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ မြေပြိုခြင်း၊ ရာသီအလိုက်မိုးကြီးခြင်း၊ ရေလွှမ်းမိုးခြင်းကို အချို့ကမ္ဘာ့ဒေသများတွင် ကြီးကြီးမားမား ဆိုးရွားစွာ ခံစားဖူးနေပြီဖြစ်သည်။ မြို့ကြီးပြကြီးများစွာမှာလည်း ခံစားဖူးပြီး ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းကြောင့် သဘာဝဘေးအန္တရာယ် ပျက်စီး စေရန် အခြေအနေမှာလည်း ပိုမိုများပြားလာနေပြီဖြစ်သည်။ ၄င်းအပြင် သဘာဝဘေးဖြစ်ပေါ်မှု အကြိမ်အရေအတွက်နှင့် သဘာဝဘေး အင်အား အကြီး/အသေးကလည်း ပို၍ပို၍ တိုးပွားဖြစ်ပျက် နေသည်။ သဘာဝဘေး၏ ပျက်စီးခြင်းဒဏ်ကို ခံစားခဲ့ရသည့် တိုင်းပြည်များအနက် ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် တိုင်းပြည်များဖြစ်သည်ဟု ဆိုသည်။

သုတေသနပညာရှင်များ အဆိုအရ ငလျင်အန္တရာယ်အများဆုံးဖြစ်နိုင် ခြေဒေသမှာ ဟိမဝန္တာလျင်ကြောတစ်လျှောက်ရှိဒေသများ ဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် လူဦးရေတိုးပွားလာခြင်းနှင့်ကမ္ဘာ့ရာသီဥတုပြောင်းလဲ လာခြင်း၊ သဘာဝဘေးဒဏ်ခံနိုင်ရည်နည်းပါးလာခြင်းစသည့်ပြောင်းလဲလာ သည့် အခြေအနေများအရ မြေပြန့်ရပ်ဝန်းဒေသများတွင် ရေလွှမ်းခြင်းနှင့် မုန်တိုင်းတိုက်ခြင်းတို့ကြောင့် သေကျေပျက်စီးမှု ပို၍များပြားလာနိုင်သည်ဟု ဆိုသည်။

ယခုအခါ သဘာဝဘေးတစ်မျိုးဖြစ်သော ငလျင်/ဆူနာမီ လျော့ပါး စေရေးအတွက် နိုင်ငံကြီးများစွာသည် ငလျင်လှုပ်လေ့လှုပ်ထရှိသည့် နိုင်ငံများနှင့် ပူးတွဲ၍သုတေသနများ ပြုလုပ်နေကြပြီဖြစ်သည်။ (ဥပမာ- ငလျင် /ဆူနာမီအလွန်ဖြစ်တတ်သော အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံ ပူးတွဲသုတေသနလုပ်ဆောင်ချက်) ဤသို့ သုတေသနပြုရာတွင် ဘာသာရပ် ပေါင်းစုံမှ ပညာရှင်များစွာပါဝင်ပြီး အဓိကရည်ရွယ်ချက်မှာ ငလျင်အန္တရာယ် လျော့ပါးစေရေးဖြစ်သည်။ ၄င်းသုတေသနပြုချက်များမှ ရရှိလာသည့် ရလဒ်များကို လူသားများ ဘေးကင်းစေရေးတွင် အသုံးပြုမည်ဖြစ်သည်။ ဆိုလိုသည်မှာ ငလျင်လှုပ်ခြင်းကို ဖြစ်စေသည့်ဖြစ်စဉ်သည် ရှုပ်ထွေးလှ သည့် အကြောင်းအရင်းများ ပါဝင်နေသည်ဖြစ်သဖြင့် သုတေသနပြုလုပ် ခြင်းမှ ဤအကြောင်းရင်းများကို တွေ့ရှိ/သိရှိလာမည်ဆိုလျှင် ငလျင် လှုပ်ရခြင်းအကြောင်းရင်းကို သိရှိမည့်အပြင် ငလျင်ကို ကြိုတင်ခန့်မှန်း လာနိုင်သည်အထိ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ငလျင်ကြိုတင်ခန့်မှန်း နိုင်မည်ဆိုလျှင် လူသားများအတွက် ငလျင်ဘေး ကင်းဝေးနိုင်စေမှာ အသေအချာပင် ဖြစ်သည်။ အစဉ်တစိုက် သုတေသန ပြုနေမှသာ သဘာဝဘေးမျိုးစုံနှင့် ယှဉ်တွဲနေထိုင်နေကြသော လူသား များ အေးချမ်းသက်သာမည် ဖြစ်သည်။ ။

ကျွန်းလှမြို့၌ မိုးသီးများပြင်းထန်စွာကျသဖြင့် စပါးခင်းများပျက်စီး

ကျွန်းလှ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁ နာရီမှ ၄ နာရီအထိ မိုးသီးများအဆက်မပြတ် ပြင်းထန်စွာ ကျသဖြင့် စပါးခင်းများပျက်စီးသွားကြောင်း သိရသည်။

ထိုသို့ပျက်စီးသွားသည့် ကျေးရွာများတွင် သစ်ချိုကျေးရွာအုပ်စုအတွင်း ရှိ ခေါ်တောကျေးရွာ (မယားသာတောင်ကွင်း)တွင် လယ် ၆၅ဧကနှင့် မကျီး ကုန်းကျေးရွာ (မယားသာတောင်ကွင်း)တို့၌ ၁၄၆ ဧက သိမ်းဆည်းရန်ကျန်ရှိ နေသည့် စပါးခင်းများပျက်စီးသွားကြောင်း ကျေးရွာတာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ သိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုးသည်းထန်ပြီးလေပြင်းတိုက်ခတ် လျှပ်စစ်နှင့်ဖုန်းလိုင်းများ ယာယီပြတ်တောက်

တာချီလိတ် ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီ လိတ်မြို့၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မိုးရွာသွန်းလေပြင်း တိုက်ခတ်မှုကြောင့် ဟောင်လိတ် ကျေးရွာအုပ်စု လေယာဉ်ကွင်းအနီး တစ်ဝိုက်တွင် အုန်းပင်၊ ကျွန်းပင်၊ အဝေရာပင်တို့မှ အကိုင်းအခက်များ ကျိုးကျ၍ လမ်းဘေးဓာတ်တိုင်နှင့် ဖုန်းကြိုးများပေါ်သို့ လဲကျခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ အကိုင်းအခက်များ ကျိုး ကျမှုကြောင့် လမ်းမပေါ်တွင် မော် တော်ယာဉ်နှင့် လူများထိခိုက်မှု မရှိ ခဲ့ကြောင်း၊ မြို့ပေါ် မီးလိုင်းနှင့် ဖုန်း လိုင်းများ ယာယီပြတ်တောက်ခဲ့ပြီး တာချီလိတ်ခရိုင် လျှပ်စစ်အင်ဂျင် နီယာ A.E ဦးဟန်ဝင်းနောင်၊ မြို့နယ် မီးလင်းရေးကော်မတီရုံးခွဲ မန်နေဂျာ ဦးမောင်ငယ်နှင့်အဖွဲ့တို့က ကြိုးပမ်း ဆောင်ရွက် ရှင်းလင်းဖယ်ရှားခဲ့ရာ နံနက် ၉ နာရီခွဲတွင် မြို့မီးလင်းရေး ကော်မတီမှပေးထားသော မြို့ပေါ် ရပ်ကွက်များ မီးပြန်လည်ရရှိခဲ့ပြီး မြို့မီးလင်းရေးကော်မတီ(ရုံးခွဲ)မှ ပေး ထားသော ဟောင်လိတ်ကျေးရွာ အုပ်စုတွင် ညနေ ၃ နာရီက မီး ပြန်လည်ရရှိခဲ့ပြီး၊ ဖုန်းလိုင်းများ ပြန်လည်ကောင်းမွန်ခဲ့ကြောင်း သိရ သည်။ မြင့်မိုရ်(တာချီလိတ်)

လေပြင်းတိုက်မိုးရွာစဉ် မိုးသီးများကျရောက်မှုကြောင့် စပါးခင်းများပျက်စီး

ကန့်ဘလူ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မင်းကုန်းကျေးရွာနှင့် ညောင် ဇင်ကျေးရွာတို့တွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၂ နာရီမှ ၄ နာရီခန့်အထိ လေပြင်းများတိုက်ခတ်၍ မိုးရွာစဉ် ဆီးဖြူသီးခန့်မိုးသီးများပါ ကျရောက်ခဲ့မှု ကြောင့် တောင်သူများ စိုက်ပျိုးထားသော ရိတ်သိမ်းရန်ကျန်ရှိသော စပါးခင်း များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးဆုံးရှုံးသည့် လယ်မြေများကို ရွှေဘိုခရိုင်လဝကမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်းနှင့် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇေယာထိုက်တို့ ဦးစီးသောအဖွဲ့တို့ ကွင်းဆင်း စစ်ဆေးလျက်ရှိပြီး ၄င်းပျက်စီးဆုံးရှုံးမှုဧကနှင့် တန်ဖိုးများကို စိုက်ပျိုးရေး၊ မြေစာရင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က တိုင်းတာတွက်ချက်လျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး ဒဏ်ရာရ

ရန်ကုန် ဒီဇင်ဘာ ၁၆

ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်စက်မှုဇုန်(၁) လမ်းမကြီး အတိုင်း ယာဉ်မောင်းထွန်းဇော်ဦး ဒဂုံ မြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူ မောင်းနှင်လာသော ၅ခ/---- လိုက် အေ့ပစ်ကပ် အဖြူ/နံ့သာရောင် ယာဉ်သည် ဟားခါးလမ်းဆုံအရောက် အသက်(၁၉နှစ်)ခန့်ရှိ အမျိုးသား တစ်ဦး (စုံစမ်းဆဲ) စီးနင်းလာ သောစက်ဘီးကို တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်နှင့်စက်ဘီး ပျက်စီးသွားခဲ့ပြီး စက်ဘီးစီးနင်းလာသူအမျိုးသားတွင် ဒဏ်ရာများရရှိကာ သယ်န်းကျွန်း စံပြ ဆေးရုံကြီးတွင် အတွင်းလူနာ (စိုးရိမ် ရ) အဖြစ် တင်ပို့ကုသရသော ကြောင့် ယာဉ်မဆင်မခြင် မောင်းနှင် သူ ထွန်းဇော်ဦးကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရ သည်။ စိုးဝင်း(SP)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ တည်ထောင်သည့် ဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတည်ထောင်သည့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနရုံးရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးအေးမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီး ဦးဉာဏ်ထွန်းဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍**(ယာပုံ)** ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာအားလုံးအတွက် ထူးခြားသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မြန်မာအင်ဂျင်နီယာများ ကာလကြာရှည်စွာ အိပ်မက်မက်ခဲ့ရသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို အခိုင်အမာတည်ထောင်နိုင်လိုက်ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အဓိကရည်ရွယ်ချက်မှာ အင်ဂျင်နီယာ ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် နည်းပညာ၊ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးထိန်းသိမ်း မြှင့်တင်ရန်၊ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရေးတို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းပေးရန်၊ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်တို့ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု (ခ) ပွဲစဉ်များ ပြီးဆုံး

ထိုင်းနှင့်အင်ဒိုနီးရှား အကြိုဗိုလ်လုပွဲတက်၊ အိမ်ရှင်မြန်မာအုပ်စုအဆင့်ဖြင့်သာ ကျေနပ်လိုက်ရ

ရန်ကုန် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံး ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လှိုင်လူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်း(သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ အကြိုဗိုလ်လုပွဲသို့ အပြီးသတ် တက်ရောက်နိုင်မည့်ရလဒ်များ ပေါ်ထွက်သွားပြီ ဖြစ်သည်။

ထိုင်း - ဂိုးမရှိ
ကမ္ဘောဒီးယား - ဂိုးမရှိ

ပထမပွဲစဉ်တွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လုနီးနီး ထိုင်းအသင်းကို မျှော်လင့်ချက်မဲ့ ကမ္ဘောဒီးယားအသင်းက စိတ်ဓာတ်အပြည့်ဖြင့် ကစားရှိန်မြှင့်ကစားနေ၍ ပွဲမှာ အကြိတ်အနယ်ဖြစ်သွားသည်။

ထိုင်းက ကွင်းလယ်ကစားကွက် အပေးအယူဖြင့် အနာမခံဘဲ တည်တည်ငြိမ်ငြိမ် ထိုးဖောက်ကစားစဉ် ကမ္ဘောဒီးယားက မထင်မှတ်ဘဲ အပြန်အလှန်ထိုးဖောက်ကစားနိုင်၍ ပထမပိုင်းတွင် ထိုင်းအခက်တွေ့သွားရသည်။

ပွဲအစ ခြောက်မိနစ်အတွင်း ကမ္ဘောဒီးယားတိုက်စစ်မှူး နံပါတ်(၂၁)Phourng Soksana နှင့် အလယ်တန်းကစားသမား Sos Suhana တို့၏ ကန်သွင်းချက်များ ဂိုးဘေးကပ်ထွက်သွား၍ ထိုင်းသက်သာသွားသည်။

ကမ္ဘောဒီးယား၏ မမျှော်လင့်ဘဲ တုံ့ပြန်မှုကြောင့် ထိုင်းက ပထမပိုင်း ၁၅ မိနစ်နောက်ပိုင်းတွင် တိုက်စစ်ကို ပြန်မြှင့်တင် ကစားလာသော်လည်း ကမ္ဘောဒီးယားနောက်တန်းက ကာကွယ်ဖျက်ထုတ် ကစားနိုင်သကဲ့သို့ တန်ပြန်တိုက်စစ်ကိုပါ တစ်ချက်တစ်ချက် အသုံးပြုကစားသွား၍ ထိုင်းနောက်တန်း အလုပ်များသွားရသည်။

ကမ္ဘောဒီးယားကို ထိုင်းတို့လျှော့တွက်မိလိုက်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် ထိုင်းကပွဲအစမှာပင် ဖိဖိစီးစီး သတိကြီးကြီးဖြင့် ကမ္ဘောဒီးယားကို ဖိကစားနေစဉ် ဒုတိယပိုင်း ငါးမိနစ် (ပွဲချိန် မိနစ် ၅၀)တွင် ကမ္ဘောဒီးယားတန်ပြန်တိုက်စစ်မှတစ်ဆင့် နံပါတ်(၁၂)Charyl က ဂိုးသမားနှင့် တစ်ဦးချင်းအတွေ့တွင် ပိတ်သွင်းရာ ဂိုးဘေးကပ်ထွက်သွား၍ ကမ္ဘောဒီးယားတို့ ဦးဆောင်ဂိုးနစ်နာသွားရသည်။

အလားတူ ဒုတိယပိုင်း ၁၃ မိနစ် (ပွဲချိန် ၅၈ မိနစ်တွင်)ထိုင်းအလယ်တန်းကစားသမားတစ်ဦး ကန်ချက် ကမ္ဘောဒီးယားဂိုးသမားလျှံထွက်လာစဉ် အသင်းခေါင်းဆောင် နံပါတ်(၂၀) Chananan အနီးကပ်ပိတ်သွင်းစဉ် ဘေးထွက်သွား၍ ထိုင်းတို့နစ်နာသွားပြန်သည်။

မြန်မာနှင့် အင်ဒိုနီးရှား ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ပွဲပြီးရန်မိနစ်များ ကုန်ဆုံးလေလေ ကမ္ဘောဒီးယားကို အနိုင်ယူမည့် ထိုင်းတို့၏ မျှော်လင့်ချက်အိပ်မက်များ ပြိုကွဲစပြုလေလေဖြစ်၍ ကမ္ဘောဒီးယားတို့က သရေပွဲရလဒ်ကို လေလွင့်အချိန်ပို ငါးမိနစ်အပြင် ပွဲပြီးသည်အထိ ဆွဲခေါ်သွားနိုင်ခဲ့၍ ပွဲအပြီးတွင် မထင်မှတ်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

အကြိုဗိုလ်လုပွဲ တက်ရောက်ခွင့် မျှော်လင့်ချက်မရှိသော်လည်း ယနေ့ပွဲတွင် ဒေသတွင်း ဘောလုံးအင်အားကြီး ထိုင်းကို အားကစားစိတ်ဓာတ် အပြည့်ဖြင့် ဂိုးမရှိ သရေရလဒ်ရရှိရန် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားခဲ့သော ကမ္ဘောဒီးယားအသင်းကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သည်။

ဒုတိယပွဲစဉ်တွင် အိမ်ရှင်မြန်မာနှင့်အင်ဒိုနီးရှားတို့ နောက်ဆုံးပွဲစဉ်အဖြစ် ဆုံတွေ့ကြသည်။

ယနေ့ပွဲတွင် မြန်မာအသင်းက **ဂိုး**-ပြည့်ဖြိုးအောင်၊ **နောက်တန်း**တွင် အောင်ဇော်နှင့် စည်သူအောင်၊ **အလယ်တန်း**တွင် အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း၊ နေလင်းထွန်း၊ ဒေးဗစ်ဒန်း၊ ရန်အောင်ဝင်း၊ ကောင်းစည်သူ၊ ဇော်မင်းထွန်း၊ **ရှေ့တန်း**တွင် ရဲလင်းအောင်နှင့် ကျော်မင်းဦးတို့ ပွဲထွက်လာသည်။

ယနေ့ပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် ဗီယက်နမ်မှ Vo Minh Tri နှင့် လက်ထောက်ဒိုင်များအဖြစ် အိန္ဒိယမှ Biplab Kr Podder နှင့်မလေးရှားမှ Md Sabri B M Daud တို့က ဆောင်ရွက်ခဲ့ကြသည်။

အင်ဒိုနီးရှားက ယနေ့ပွဲတွင် အနိုင်ရမှ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ ယခင်နေ့ပွဲစဉ်များကဲ့သို့ မဟုတ်ဘဲ မာမာထန်ထန်ဖောင်ဖျက်ကစား၍ပွဲအစပိုင်းတွင် မြန်မာဂိုးသမားနှင့်နောက်တန်း ဖျက်ထုတ်ကာကွယ်နေရသည်။ ပွဲအစ လေးမိနစ်တွင် အင်ဒိုနီးရှား၊ အလယ်တန်းကစားသမား နံပါတ် (၂၃) Bayu Gatra ကန်သွင်းချက်ကို မြန်မာဂိုးသမား ပြည့်ဖြိုးအောင်နှင့် မြန်မာနောက်တန်းက ကာကွယ်ဖျက်ထုတ်လိုက်ရသည်။

ပထမပိုင်း မိနစ် ၂၀ ကျော်အထိ မြန်မာတို့ ကစားကွက်တည်မရဖြစ်နေသည့်အပြင် အင်ဒိုနီးရှားတိုက်စစ်ကို ခံစစ်ဖြင့် တုံ့ပြန်နေရသည်။ အင်ဒိုနီးရှားအလယ်တန်းကစားသမား နံပါတ် (၂၃) Bayu ၏ ကွင်းညာခြမ်းမှဖြတ်တင်ဘောများကို မဖြတ်တောက်၊ မပိတ်ဆို့နိုင်၍ မြန်မာဂိုးပေါက်ကို မကြာခဏ ခြိမ်းခြောက်လျက်ရှိသည်။ ထို့ပြင် ယနေ့ပွဲ၏ ဖိအားအရှိန်ကြောင့် မကြာခဏ လူပေးမှားနေ၍ မြန်မာအသင်းတိုက်စစ် အားလျော့နေသည်။

သို့ဖြင့် ပထမပိုင်း ၃၅ မိနစ်တွင် မြန်မာဂိုးသမား ပြည့်ဖြိုးအောင်က အင်ဒိုနီးရှားမှ နံပါတ် (၂၆) Alfin Ismailကို တစ်ဦးချင်း ရင်ဆိုင်အတွေ့တွင် ဖျက်ထုတ်ရာမှ ဘောလုံးကို မထိဘဲ လူကိုလှဲချမိ၍ ပယ်နယ်တီပြစ်ဒဏ်ဘောပေးလိုက်ရရာ Alfin Ismail ကပင် သွင်းယူ၍ အိမ်ရှင်မြန်မာတို့ ဗွေဆော်ဦးဂိုးပေးလိုက်ရပြီး အင်ဒိုနီးရှားက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် မြန်မာက ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်သောအသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းအစား ကျော်ကိုကို၊ ဒေးဗစ်ဒန်းအစား သိန်းသန်းဝင်းတို့ကို လူစားလဲ၍ တိုက်စစ်ပြန်မြှင့်တင်သည်။

မြန်မာအသင်းက သရေရလဒ်ရလျှင်ပင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ ချေပဂိုးပြန်လည်ရရှိရေးအတွက် ကြိုးစားကစားသော်လည်း အချိတ်အဆက်ကမမိ၊ ကစားကွက်က မရှိဘဲ ကန်တင်ပြေးဖြစ်နေ၍ အင်ဒိုနီးရှားနောက်တန်းကို မကျော်ဖြတ်နိုင်ဖြစ်နေသည်။

ပွဲပြီးခါနီး ၈၈ မိနစ်တွင် မြန်မာအသင်းမှ ရဲလင်းအောင်ကအနီကတ်ဖြင့် အထုတ်ခံရ၍ မြန်မာအသင်း လူတစ်ယောက်လျော့ ၁၀ ဦးဖြင့်ကစားသွားရပြီး ချေပဂိုးတစ်ဂိုးကိုပင် ပြန်မသွင်းနိုင်၍ အင်ဒိုနီးရှားက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားပြီး head to head စနစ်အရ အိမ်ရှင်မြန်မာအသင်းမှ အုပ်စုအဆင့်ဖြင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကြီးကို နှုတ်ဆက်လိုက်ရပြီဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု (ခ) ပွဲစဉ်များယနေ့ပြီးစီးသွားပြီဖြစ်ရာ ထိုင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားက မြန်မာအသင်းနှင့်အတူ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်တူသော်လည်း head to head စနစ်အရ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အိမ်ရှင်မြန်မာအသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ်လေးမှတ်ရရှိခဲ့သော တီမောလက်စ်တေနှင့်တစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ်တစ်မှတ်ရရှိခဲ့သော ကမ္ဘောဒီးယားအသင်းတို့နှင့်အတူ (၂၇)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကြီးကို နှုတ်ခွန်းဆက်သလိုက်ရပြီ ဖြစ်သည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)ကျောင်းသား ကျောင်းသူဟောင်းများ ၁၉၆၉-၁၉၇၆ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆေးတက္ကသိုလ်(၂)တွင် ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ



စစ်တက္ကသိုလ်အမှတ်စဉ်(၂၀) ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းအရာရှိများ၏ အာစရိယပူဇော်ပွဲ ဦးစီးကော်မတီအစည်းအဝေး

စစ်တက္ကသိုလ်အမှတ်စဉ်(၂၀) ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းအရာရှိများ၏ အာစရိယပူဇော်ပွဲပြုလုပ်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးအား နေပြည်တော် FEEL စားသောက်ဆိုင် (ပန်းခင်းလမ်းနှင့် ရုံးပေါင်းစုံလမ်းထောင့်)၌ ၂၁-၁၂-၂၀၁၃ ရက် ၁၈:၀၀ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အာစရိယပူဇော်ပွဲဦးစီးကော်မတီ
စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)

ပြည်တွင်းသတင်း

မြန်မာ့စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားနိုင်ငံ၌ စွမ်းအင်ဆိုင်ရာဆွေးနွေးပွဲများ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၆

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ခေါင်းဆောင်သော မြန်မာ့စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် 2nd International Seminar for Nuclear Cooperation နှင့် 3rd International Energy Cooperation Symposium များသို့ ကိုရီးယားနိုင်ငံ၊ အမေရိကန်၊ အိန္ဒိယ၊ အီတလီ၊ ပြင်သစ်၊ ကနေဒါ၊ အာဂျင်တီးနား၊ မက္ကဆီကို၊ ဟန်ဂေရီ၊ မလေးရှား၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ၏ နျူကလီးယားစွမ်းအင်ကဏ္ဍတွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ နျူကလီးယားစွမ်းအင်ကို ပြည်သူများ လက်ခံယုံကြည်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဖူကူရှီးမားနျူကလီးယား ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကို လေ့လာသင်ခန်းစာယူမှုနှင့်ကုစားခြင်းဆိုင်ရာ နည်းပညာ အချက်အလက်များကို ဆွေးနွေးကြပြီး ဟန်ဂေရီ၊ မလေးရှား၊ ဗီယက်နမ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် လက်ရှိနျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ အကောင်အထည်ဖော်မှု၊ ချမှတ်ထားသော မူဝါဒနှင့် ရည်မှန်းချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည့် 3rd International Energy Cooperation Symposium များသို့ တက်ရောက်၍ သဘာဝသယံဇာတအရင်းအမြစ်ဆိုင်ရာ မူဝါဒများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ရေနံဓာတုဗေဒကဏ္ဍနှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအချက်အလက်များကို ဆွေးနွေးကြပြီး မြန်မာ့စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်က မိမိတို့နိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု၊ မူဝါဒ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် မြန်မာ့စွမ်းအင်ကဏ္ဍတွင် ကိုရီးယားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးများသည် ကိုရီးယားနိုင်ငံရှိ POSCO LNG Combined Cycle & Fuel Cell Power Plants၊ Yeongheung Energy Park၊ KOGAS LNG Production Plant ၊ Daewoo Shipbuilding & Marine Engineering Okpo Shipyard နှင့် SK Petrochemical Complex တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် သေနတ်ပစ်အားကစားပြိုင်ပွဲ ကြည့်ရှုအားပေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် သေနတ်ပစ်အားကစား ပြိုင်ပွဲတွင် ဆုရရှိသောသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သေနတ်ပစ်ကွင်း၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပွဲစဉ်များအနက် သေနတ်ပစ် အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်နိုင်ငံများအား ဆုတံဆိပ်များ ချီးမြှင့်ပေးသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (Disaster Management Training Centre) အတွက် အဝင်တံတားနှင့် အဝင်မုခ်ဦးတည်ဆောက်မည့်မြေနေရာများကို လည်းကောင်း ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပွဲစဉ်များအနက် မြန်မာ-ဗီယက်နမ်အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်အဆောင်များ ပြန်လည်သက်ဝင်လှုပ်ရှား

ရန်ကုန် ဒီဇင်ဘာ ၁၆

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏အဆောင်များတွင် စည်ပင်သာယာနယ်နိမိတ်ပြင်ပနေ ပထမနှစ်ကျောင်းသားသစ်များကို စတင်လက်ခံနေပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ အဆောင်ပေးမည်ဖြစ်ပြီး အခြားတက္ကသိုလ်ကောလိပ်များတွင်လည်း ပထမနှစ်အပြင် အခြားအတန်းများတွင်လည်း အဆောင်ပေးနိုင်ရေးအတွက် စိစစ်လျက်ရှိသည်။ စစ်တွေ တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် စစ်ကိုင်းတက္ကသိုလ်တို့တွင်မူ အဆောင်ပေးနိုင်ခြင်းမရှိသေးဘဲ ရှေ့စာသင်နှစ်တွင် အဆောင်ပေးနိုင်ရန် စီစဉ် လျက်ရှိသည်။

ပျော်ရွှင်စွာ ဖြတ်သန်း

အဆောင်လခအနေဖြင့် တစ်လလျှင် ကျပ်ငါးထောင်သာကောက်ခံမည်ဖြစ်ပြီး စားသောက်ရေးအဆင်ပြေချောမွေ့စေရေးအတွက်လည်း ညှိနှိုင်းစီစဉ် ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။ တက္ကသိုလ်များရှိ အဆောင်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ပြီဖြစ်သဖြင့် မိဘများမှာလည်း သားသမီးများအတွက် စိတ်ချစွာ အလုပ်လုပ်ကိုင်နိုင်ကြပြီ ဖြစ်သည်။ တက္ကသိုလ်ပါမောက္ခချုပ်၊ အဆောင်မှူး၊ အဆောင်နည်းပြများကလည်း စည်းကမ်းရှိသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများအဖြစ် တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရန် အလေးပေးဆောင်ရွက်လျက်ရှိသည်။

ပိုမို အဆင်ပြေ

ယခုအခြေအနေတွင် ရှိရင်းစွဲအဆောင်များကို ကျောင်းသားကျောင်းသူများအတွက် အတတ်နိုင်ဆုံး၊ အထိရောက်ဆုံးနှင့် အမျှတဆုံး ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အဆောင်များကိုလည်း ဆက်လက်တိုးချဲ့ ဆောက်လုပ်မည်ဖြစ်သဖြင့် နောင်တွင် အဆောင်နေထိုင်ရေး ပိုမို အဆင်ပြေအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အေးချမ်းသာယာပြည်မြန်မာနှင့် လှုပ်ရှားအားမာန် မြန်မာအာဆီယံ ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် "လှုပ်ရှားအားမာန် မြန်မာအာဆီယံ" ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၏ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ထရိတ်ဒါးဟိုတယ်၌ ကျင်းပသည်။

ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)** (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "အေးချမ်းသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရ ကျော်ကျော်ဝင်း၊ ဒုတိယဆုရ မျိုးဇော်ဦးနှင့် တတိယဆုရ ကြည်စိုးထွန်း(ကျောက်မဲ) တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ "လှုပ်ရှားအားမာန် မြန်မာအာဆီယံ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ဒုတိယဆုရ မင်းဇာနည်ဇော်နှင့် တတိယဆုရ ဦးသက်လွင်တို့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ အထူးဆုရရှိကြသော ပြည်စိုးထွန်း (ပန်းချီ) ကော့သောင်း၊ ကျော်ဇောလေးနှင့် ဇော်ဇော်ထွန်းတို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ အထူးဆုရရှိကြသော စစ်ကိုင်းအောင်ကျော်တင် (တင်မောင်-ဓာတ်ပုံ)နှင့် ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)တို့အား မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်ကလည်းကောင်း၊ "လှုပ်ရှားအားမာန် မြန်မာအာဆီယံ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ အထူးဆုရရှိကြသော အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ မင်းဇာနည်ဇော်နှင့် ကိုကိုထွေး (IPRD) တို့အား မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က လည်းကောင်း၊ UNESCO ထွန်းအောင်ကျော်နှင့် စိုင်းခမ်းလင်း (Hawk Eyes) တို့အား မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးက လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ရှင်းလင်းတင်ပြပြီး ဓာတ်ပုံဆုရရှိကြသူများ ကိုယ်စား အောင်ကျော်ထွန်း (ပုသိမ်ကြီး)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၁၀၀ က ဓာတ်ပုံပေါင်း ၅၉၂ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး "လှုပ်ရှားအားမာန် မြန်မာအာဆီယံ" ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၂၂ ဦးက ဓာတ်ပုံပေါင်း ၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆုများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ မာရသွန်ပြိုင်ပွဲ တာလွှတ်ခြင်းကို ကြည့်ရှုအားပေးပြီး အားကစားရှာ၌ မြန်မာမြားပစ်အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသား အမျိုးသမီးမာရသွန်ပြိုင်ပွဲကို ကြည့်ရှုအားပေးရာ အမျိုးသားပွဲစဉ်တွင် စင်ကာပူက ပထမ၊ မြန်မာမှသောင်းအေးက ဒုတိယ၊ ဖိလစ်ပိုင်က တတိယ၊ အမျိုးသမီးပွဲစဉ်တွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာမှမြင့်မြင့်အေး၊ တတိယ မြန်မာမှ ပပတို့က ရရှိသွားကြသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ မြားပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း(ကွန်ပေါင်း)ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာမှ အောင်ငိုမ်းက အင်ဒိုနီးရှား အားကစားသမားကို ၁၃၈ မှတ်၊ ၁၃၀ မှတ်ဖြင့် အနိုင်ရရှိဗိုလ်စွဲသည်။ အမျိုးသားများပွဲတွင် ဗီယက်နမ်က ထိုင်းကို ၁၃၈ မှတ်၊ ၁၃၆ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသည်။

ယင်းနောက် အမျိုးသမီး (ကွန်ပေါင်း)ပြိုင်ပွဲ ပထမဆုရ မြန်မာနိုင်ငံမှ အောင်ငိုမ်း၊ ဒုတိယ အင်ဒိုနီးရှားနှင့် တတိယ မလေးရှားတို့အား ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ကြပြီး အမျိုးသား(ကွန်ပေါင်း)ပြိုင်ပွဲ ပထမဗီယက်နမ်၊ ဒုတိယထိုင်းနှင့် တတိယ စင်ကာပူနှင့် အမျိုးသမီးတစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရ အားကစားသမားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘိလိယက်အားကစားရုံ၌ ဘိလိယက်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ ဆီမီးဖိုင်နယ်ပွဲကို ကြည့်ရှုအားပေးရာ မြန်မာမှ အောင်ဌေးနှင့် နေသွေးဦးတို့အတွဲက စင်ကာပူမှအတွဲကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၆

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့တွင်ကျင်းပခဲ့သော Officers Training Academy ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနား တက်ရောက်ပြီး ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ကိုးလ်ကတ္တားမြို့ Netaji Subhash Chandra Base International Airpot လေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာအရာရှိ Major General K Eswaran က ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များ လေ့ကျင့်

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များ စုပေါင်းလေ့ကျင့်မှုကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်) စုပေါင်းလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကြည့်ရှုအားပေးသည်။

စုပေါင်း လေ့ကျင့်ရေးကွင်း၌ ပိတ်ပွဲအခမ်းအနားတွင် တင်ဆက်မည့် ဖျော်ဖြေရေးအစီအစဉ်များဖြစ်သည့် "ရောင်စုံပန်းများ၏ မြစ်ကြေးမုံ" အစီအစဉ်၊ "ဆင်ရတနာအက" အစီအစဉ်၊ "ထာဝရမြန်မာ" အစီအစဉ်၊ "ပြန်ဆုံမယ်" အစီအစဉ်၊ "တို့မြန်မာ့ခြင်းလုံး" အစီအစဉ်နှင့် "အားမာန်ဝင့်ချီရှေ့သို့ဆီ" အစီအစဉ်များကို လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အတွက် ဝင်ခွင့်လက်မှတ်များ၊ ကားလက်မှတ်များ ရောင်းချပေး

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ယှဉ်ပြိုင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် ဆီမီးဖိုင်နယ်ပွဲစဉ်သို့ သွားရောက်ကြည့်ရှုကြမည့်သူများအတွက် ချမ်းမြေ့ပြည် ကျွဲဆည်ကန်ကားကြီးဝင်းမှ မော်တော်ယာဉ်များဖြင့် နံနက် ၈ နာရီမှ ၁၀ နာရီခွဲအတွင်း အသွားအပြန်နေ့ချင်းပြန် ကားခနှုန်းထားငွေကျပ် ၉၀၀၀ ဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရှိရပြီး ဆီမီးဖိုင်နယ်ပွဲစဉ် လက်မှတ်စောင်ရေ ၃၀၀၀ ကို ဒီဇင်ဘာ ၁၈ ရက်တွင် အမျိုးသားကဇာတ်ရုံ မန္တလေး၌ နံနက်ပိုင်းမှစတင်၍ ရောင်းချပေးမည်ဖြစ်သည့်အပြင် ကားဖြင့်လိုက်ပါလိုသူများအတွက် ကားလက်မှတ်များကိုပါ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

သက်မွေးဝမ်းကျောင်းသင်တန်းများလျှောက်ထားနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ရန်ကုန်မြို့မှ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလသင်တန်းများဖြစ်သော စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ဆံသသင်တန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် သင်တန်းအပတ်စဉ် (၃/ ၂၀၁၃) ကို ဖွင့်လှစ်သင်ကြားပေး မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများသည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၂၅၀၁၇၀၀၂၃ သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး အဆောင်နေ စားစရိတ်ငြိမ်းနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ အချိန်နှင့်အမျှ ကွင်းသန့်ရှင်းရေး လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေစဉ်။

(သတင်းစဉ်)

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၁၆

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အကြောင်းပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေး ရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်က သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးအောင်မင်းက မေးမြန်းမည့်မေးခွန်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လွင်လွင်ညွှန့်က အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက အထောက်အကူပြုကော်မတီဝင်များအဖြစ် ပါဝင်ကူညီပံ့ပိုးပေးရမည့်အကြောင်းအရာများကိုလည်းကောင်း အသီးသီးရှင်းလင်းဟောပြောခဲ့ကြသည်။

တက်ရောက်

အဆိုပါ ဟောပြောဆွေးနွေးပွဲအခမ်းအနားသို့ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် အရာရှိကြီးများ၊ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်းစာရင်းကော်မတီဝင်များ၊ တပ်နယ်မှ အရာရှိစစ်သည်နှင့် ရဲမေများ စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်လိုသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများ ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော် ဓာတ်အားထုတ်လုပ်လိုသူ ပုဂ္ဂလိကကုမ္ပဏီများကို ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများအား ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် တစ်ကြိမ်ခေါ်ယူခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နေပြည်တော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံလိုသူများ စုပေါင်းဖိတ်ခေါ် ရှင်းလင်းဆွေးနွေးပွဲလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိဆောင်ရွက်လိုသော ဓာတ်အားပေးစက်ရုံ အမျိုးအစား၊ တည်ဆောက်အကောင်အထည်ဖော်လိုသည့် နေရာ၊ ဒေသ၊ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကို ပြည့်စုံစွာဖော်ပြ၍ ဆောင်ရွက်မည့်ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးအဆိုပြုနိုင်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိတို့ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာမည့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီလေ့လာ၍ လေ့လာတွေ့ရှိချက်အရ ခွင့်ပြုလက်ခံနိုင်သော အစီအစဉ်များနှင့်အညီ ဆောင်ရွက်နိုင်မည့်ကုမ္ပဏီများကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ဤအချက်ကို အထူးအလေးထား၍ အဆိုပြုတင်ပြကြရန် ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြစ်ငယ်မြို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဓမ္မဗိမာန် တည်ဆောက်ခြင်း (၈)နှစ်မြောက်အထိမ်းအမှတ်ကျင်းပ

မြစ်ငယ် ဒီဇင်ဘာ ၁၆

မိုးကုတ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ၏ မွေးဖွားရာဇာတိမြေ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ ဥယျာဉ်တော်ရပ်တွင် မိုးကုတ်ဆရာတော်ကြီး၏ အထိမ်းအမှတ် ရွှေချက်သို ပုညသာမဂ္ဂီ ဓမ္မဗိမာန်တော် တည်ဆောက်ခြင်း (၈)နှစ်မြောက်အထိမ်းအမှတ်နှင့် မိုးကုတ်ဆရာတော်ကြီး၏ (၁၁၄)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲကြီးတွင် သံဃာအပါး ၂၅၀ အား စာရေးတံမဲနှင့် သံဃဒါန ဆွမ်းလောင်းလှူပွဲကြီးကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။ မိုးကုတ်ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီဖြစ်သော်လည်း

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကို ရည်မှန်း၍ အဆိုပါဓမ္မဗိမာန်တော်ကြီး တည်ဆောက်ခြင်းအထိမ်းအမှတ်(၈)နှစ်ပြည့်နှင့် ဆရာတော်ကြီး၏ (၁၁၄)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

"မိုးကုတ်ဆရာတော်ကြီးရဲ့ ကျေးဇူးတော်က အလွန်ပဲကြီးမားလှပါတယ်။ ဆရာတော်ကြီးရဲ့ ကျေးဇူးတော်ကို ဆပ်တဲ့အနေနဲ့ ဆရာတော်ကြီးရဲ့ မွေးဖွားရာအရပ်ဒေသ၊ ငယ်စဉ်က နေထိုင်ခဲ့တဲ့ အိမ်ဝိုင်းနေရာမှာ အခုလို ရွှေချက်သို ပုညသာမဂ္ဂီ ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရခြင်းဖြစ်ပါတယ်"ဟု ရွှေချက်သို ပုညသာမဂ္ဂီ ဓမ္မဗိမာန်တော် တည်ဆောက်ရာတွင် ဦးစီးဆောင်ရွက်ခဲ့သူ နာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရက မိန့်ကြားသည်။

အဆိုပါ ရွှေချက်သို ပုညသာမဂ္ဂီ ဓမ္မဗိမာန်တော် တည်ဆောက်ခြင်း (၈)နှစ်ပြည့်အထိမ်းအမှတ်နှင့် မိုးကုတ်ဆရာတော်ကြီး၏ (၁၁၄)နှစ်ပြည့် ဝိဇာတ မွေးနေ့ပူဇော်ပွဲကြီးတွင် ဒီဇင်ဘာ ၁၀ ရက် ည ၉ နာရီက ဖိုက်စတားအဖွဲ့မှ လူရွှင်တော်များဖြစ်ကြသော ကျင်ဝှက်၊ အောင်သော်၊ အောင်မော်၊ မျောက်ရှုံး၊ ကြာစိနှင့် မင်းသမီး ဝါဝါလှိုင်တို့အဖွဲ့က မေတ္တာဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ပရိယတ္တိစာသင်တိုက်သို့ ငွေကျပ် ၂၅ သိန်းတန် အဝီစိစက်ရေတွင်းလှူဒါန်း

ကောလင်း ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြောက်အင်းရပ် ဥတ္တရာရာမ ပရိယတ္တိစာသင်တိုက်အတွင်း ဝါဆိုသံဃာတော်များအသုံးပြုရန် ငွေကျပ်၂၅ သိန်းတန် အဝီစိစက်ရေတွင်း ရေစက်ချလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ ရက်က အဆိုပါကျောင်းတိုက် ချမ်းသာကြီးဓမ္မာရုံ၌ကျင်းပရာ ကျောင်းတိုက်ဦးစီးပဓာနဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကောသလ္လ(စူဠဂန္ဓဝါစက) အား ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်အားရည်စူး၍ ဇနီးဒေါ်မြနှင့် မိသားစုတို့က ရေစက်ချလှူဒါန်းကြောင်း သိရသည်။ **ကိုကိုညိမ်း(ကောလင်း)**

လာမည့်နွေစပါးစိုက်ပျိုးချိန်တွင် ဆစ်ပိုး(တံခွန်ဖြူအနံ့) မကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်

ရွှေဘို ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း လာမည့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နွေစပါး ဧကပေါင်း သုံးသိန်းခန့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ချိန်တွင် ရွှေဘိုပေါ်ဆန်းစပါးကောက်ပင်များတွင် ဆစ်ပိုးကျရောက်မှုမှာ ဧကပေါင်း ၉၀၇၂ ဧကရှိခဲ့ကြောင်း၊ ၎င်းပိုးကို ကာကွယ်နှိမ်နင်းရန်နှင့် လာမည့်နွေစပါးစိုက်ပျိုးချိန်တွင် ဆစ်ပိုးကျရောက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကို သီးနှံကာကွယ်ရေးရုံးချုပ်မှ ညွှန်ကြားရေးမှူးနှင့် ပညာရှင်အဖွဲ့များ လာရောက်ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်နေကြောင်း၊ မိုးစပါးစိုက်ဧကများတွင် ဆစ်ပိုးများ ကျရောက်နေသဖြင့် ဆစ်ပိုးဖလံများကို နှိမ်နင်းရာတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် မီးတုတ်ထွန်းညှိဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ မီးထောင်ချောက် ထွန်းညှိနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ တိုက်တွန်းနှိုးဆော်နေကြောင်း ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းစသည့် မြို့နယ်ပေါင်း ခြောက်မြို့နယ်ဖြစ်ကြောင်း သိရသည်။ **ရောင်နီတင်ဝင်း**

မန္တလေး၌ စုပေါင်းလမ်းလျှောက်

မန္တလေး ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ မင်္ဂလာတံတားထိပ် ၇၃ လမ်းနှင့် ၂၆ လမ်းဆုံ စုရပ်နေရာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန (အားကစားနှင့် ကာယပညာသိပ္ပံ၊ မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး အားကစား ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဘောလုံးဒိုင်လူကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၂၅၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

သတ်မှတ်စုရပ်တွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသည့် အင်အားစာရင်းကိုတင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကြည်သောင်းက အချက်ပြသေနတ်ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် မန္တလေးမြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်ကြသူများသည် စုရပ်နေရာများမှ စတင်၍ ၂၆ လမ်းကျုံးတောင်ဘက်လမ်းအတိုင်း ၆၆ လမ်းအထိ၊ ထိုမှ ကျုံးအရှေ့ဘက် ၆၆ လမ်းအတိုင်း ၁၉လမ်းအထိ၊ ထိုမှ လာလမ်းအတိုင်း စုရပ်နေရာအထိ စုပေါင်းလမ်းလျှောက်ကြကာ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို **(အောက်ပုံ)** တပျော်တပါး ဆင်နွှဲကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

စည်ပင်နှင့်လွှတ်တော်ပူးပေါင်းဆောင်ရွက်မည့် ကျေးလက်လမ်းကွင်းဆင်းကြည့်ရှု

မိုးညှင်း ဒီဇင်ဘာ ၁၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စက်ကုန်း-အောင်ချမ်းသာ-ဟဲလုံ ကျေးလက်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်နှင့် ဦးဖေသောင်းတို့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုး၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးအင်ခွန်အောင်တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုကြသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ ဦးမြင့်ဆွေက ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသပြီး ဟဲလုံကျေးရွာအဝင် အရှည်ပေ ၂၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၆ ပေရှိသော အောင်ချမ်းသာကွန်ကရစ်တံတားတည်ဆောက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြခဲ့သည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ သိန်းဖြင့် အရှည်ပေ ၂၀၀၀ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် လွှတ်တော်ရန်ပုံငွေကျပ် ၁၆ သိန်းဖြင့် အရှည် ၂၇၅ ပေ တစ်ဆက်တည်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် ဟဲလုံစံပြကျေးရွာအဝင်လမ်းနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ကေဆိုင်နော်(ဖားကန့်)

မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

ဆိပ်ဖြူ ဒီဇင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားသည်။ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးအေးဟောက်စွာမ်းမန်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ရရှိသူများ၊ အခွင့်အရေးများ၊ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ် မြေစာရင်းဦးစီးမှူးတို့က တောင်သူကိုယ်စားလှယ်များအား ပေးအပ်ခဲ့ပြီး ကဖွန်းမကျေးရွာနေ တောင်သူဦးကြည်မြင့်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်းနှင့်ပတ်သက်၍ တောင်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆိပ်ဖြူမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ ကျေးရွာပေါင်း ၁၃၈ ရွာ၊ ဦးပိုင်ပေါင်း ၄၇၁၁၃၊ တောင်သူ ၂၁၉၅၀၊ ၇၈၈၉၈ ဧက ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုက္ကိုစုကျေးရွာတွင် ကျေးလက်မီးလင်းရေးဓာတ်အားခွဲရုံဖွင့်

ပုလဲ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ကုက္ကိုစုကျေးရွာ ကျေးလက်မီးလင်းရေး ဓာတ်အားခွဲရုံကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က ကုက္ကိုစုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးဓာတ်အားခွဲရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ညွန့်က "ကျွန်တော်တို့ကျေးရွာရဲ့ ကျေးလက်မီးလင်းရေးဓာတ်အားခွဲရုံ ဖြစ်မြောက်လာအောင် ကျေးရွာနေပြည်သူများရဲ့ ထည့်ဝင်ငွေကျပ် သိန်း ၅၇၀ ကျော် အကုန်အကျခံကာ ဆောင်ရွက်ခဲ့ပါတယ်။ ရွာမှာရှိတဲ့ အိမ်ထောင်စု ၁၀၀ ကျော်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်ကစပြီး လျှပ်စစ်မီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ယနေ့အခမ်းအနားကို ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးနဲ့ ဌာနတာဝန်ရှိသူများလည်း တက်ရောက်တဲ့အတွက် ကျေးရွာနေပြည်သူများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။ ကျေးရွာမီးဖွင့်ပွဲအဖြစ် ညပိုင်းတွင် အငြိမ့်ဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

သတိပေးနှိုးဆော်ချက်

နေပြည်တော် ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော် ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းလျှော်မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရေစကြိုတွင် သိန်းထိုက်စံ စာကြည့်တိုက်ဖွင့်

ရေစကြို ဒီဇင်ဘာ ၁၆

ကျေးလက်ဒေသနေပြည်သူများ အသိပညာဗဟုသုတတိုးပွား၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆားလင်းကုန်းကျေးရွာအုပ်စု ဆားလင်းကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး သိန်းထိုက်စံစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းယုမော်၊ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှု နာယက ဦးစိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့/ထောက်အဖွဲ့ဝင် ဦးအောင်ဆန်း၊ အမျိုးသားစာပေဆုရ ဆရာကြီးဦးသန်းအောင်(သန်းအောင်-အညာမြေ)၊ စာရေးဆရာ ဆွေလှိုင်ဦး(ဆွေလှိုင်ဦး-ရေစကြို)တို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။

ယင်းစာကြည့်တိုက်မှာ အလျား ပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းဖြစ်ပြီး သုတ၊ ရသ စာအုပ်စာစောင် ၁၄၀၀၊ ဗီရိုသုံးလုံး၊ စာအုပ်စင်တစ်ခု၊ စားပွဲနှစ်လုံး၊ဖိုက်ဘာခုံ ရှစ်လုံးတို့ပါဝင်ပြီး ကျေးရွာမိဘပြည်သူများနှင့် ရပ်ဝေးရောက်ဒေသခံအလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

ပဲမျိုးစုံရောင်းဝယ်ရန် သတ်မှတ်စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန် ကုန်စည်ဒိုင်တွင် ပဲမျိုးစုံ D.O (Delivery order) ဖြင့် ရောင်းဝယ်ထားမှုများမှ D.O များအား သက်ဆိုင်ရာ ရောင်းချသူ ကုန်ရုံများက ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ထုတ်ယူကြရန်နှင့် ပဲမျိုးစုံရောင်းဝယ်ရန် သတ်မှတ်စည်းကမ်းချက်များကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် သာမက ပြင်ပမည်သည့်နေရာတွင်မဆို ရောင်းဝယ်မှုအားလုံးအတွက် အကျုံးဝင်သည်ဟု ဒီဇင်ဘာ ၆ ရက်နေ့စွဲဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြေညာချက်ကပ်ထားကြောင်း ပဲရောင်းဝယ်သူတစ်ဦးက ဆိုသည်။

အဆိုပါ ကြေညာချက်တွင် ပဲမျိုးစုံ ပြည်တွင်းရောင်းဝယ်မှုနှင့် ပြည်ပတင်ပို့မှုလုပ်ငန်းများတွင် မမှန်မကန်ဈေးကစားမှုများ၊ ပစ္စည်းမရှိဘဲ D.O (Delivery Order)များ လက်ပြောင်းလက်လွှဲပြုလုပ်၍ လေရောင်း၊ လေဝယ်ဆောင်ရွက်မှုများမှာ ပပျောက်သွားခြင်းမရှိသောကြောင့် ပြည်တွင်းဈေးကွက်တည်ငြိမ်ရေးနှင့် ပြည်ပသို့ ပုံမှန်တင်ပို့နိုင်ရေးတို့ကို ထိခိုက်ခဲ့ကြောင်း၊ နိုင်ငံတော်မှ ပဲမျိုးစုံ ပြည်ပသို့တိုးမြှင့် တင်ပို့ရေးလုပ်ငန်းကော်မတီကို မြန်မာနိုင်ငံ ပဲမျိုးစုံဈေးကွက်တွင် အရောင်းအဝယ် စနစ်တကျ မှန်ကန်မှုရှိစေပြီး ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ပြည်တွင်း ရောင်းဝယ်သူ ကုန်သည်များ၊ ပြည်ပတင်ပို့သူ ပို့ကုန်လုပ်ငန်းရှင်များ မျှတစွာ အကျိုးရှိစေရေးနှင့် ပဲမျိုးစုံဈေးကွက် ရေရှည်တည်ငြိမ်ခိုင်မာ ဖွံ့ဖြိုးစေရေး ရည်ရွယ်၍ ဖွဲ့စည်းတာဝန်ပေးခဲ့ရာ ယင်းကော်မတီ၏ ပဥ္စမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးမှ ပဲမျိုးစုံကို မူလဆုံးဖြတ်ထားသည့်အတိုင်း ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်သို့ ပြောင်းသည့် D.O မှအပ ကျန်အရောင်းအဝယ်များ အားလုံး ဩဂုတ် ၁၅ ရက်မှစ၍ D.O ဖြင့် ရောင်းဝယ်ခြင်းမပြုလုပ်ဘဲ စာချုပ်ဖြင့်သာ ပြုလုပ်ရန်ပါရှိသည်ဟု သိရသည်။

ထို့ပြင် ၂၀၁၂ ခုနှစ်ကုန်မှ ၂၀၁၃ ခုနှစ်သို့ ပြောင်းလဲထုတ်ပေးထားသည့် D.O နှင့် ပတ်သက်၍ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပစ္စည်းထုတ်ယူသွားရန်နှင့် လွှဲပြောင်းရောင်းချရာတွင် D.O အတိုင်း ရောင်းချခြင်းမပြုဘဲ စာချုပ်ဖြင့်သာ ရောင်းချရန်၊ ယင်းသို့ ရောင်းချရာတွင် စာချုပ်ချုပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ ထက် မကျော်စေဘဲ သဘောတင်ခြင်း သို့မဟုတ် ပစ္စည်းထုတ်ယူခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းထုတ်ယူရာတွင် ကုန်ထုတ်မိန့်ကို သုံးစွဲနိုင်ပြီး ကုန်ထုတ်မိန့်သက်တမ်းသည် ရက်သတ္တပတ်ခုနစ်ရက်ထက် မကျော်ရေး၊ ကုန်ထုတ်မိန့်အား လက်လွှဲရောင်းချခြင်း၊ လုံးဝ(လုံးဝ) ခွင့်မပြုဟု သိရသည်။

ဖော်ပြထား

လိုက်နာမှုမရှိသော ဝယ်သူ၊ ရောင်းသူ မည်သူ့ကိုမဆို ပို့ကုန်ဈေးကွက်ပျက်ပြားစေရန် ဆောင်ရွက်သူများအဖြစ် စာရင်းရယူ၍ လိုအပ်သလို အဆင့်ဆင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဲကုန်သည်များအား အသိပေးကြောင်း၊ အသင်းသားအားလုံးကို အသိပေးပြီးဖြစ်သော်လည်း ကုန်စည်ဒိုင်အတွင်း မမှန်မကန်ဈေးကစားမှု၊ ကုန်ပစ္စည်းမရှိဘဲ D.O များ လက်ပြောင်းလက်လွှဲပြုလုပ်၍ လေရောင်း၊ လေဝယ် ဆောင်ရွက်နေသူများသည် အသင်းဝင်အချို့ (ယခင်ကုန်စည်ဒိုင်အသိအမှတ်ပြုပွဲစားများ) ကြားခံ၍ ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိမြဲဖြစ်ကြောင်း တွေ့ရှိရသည်ဟု ယင်းကြေညာချက်တွင် ဖော်ပြထားသည်ဟု ကုန်သည်တစ်ဦးက ဆိုသည်။

အမှန်တကယ် ပဲဖိုးငွေပေးချေရခြင်းမရှိဘဲ ဈေးနှုန်းကွာခြားချက်ပေါ် အလောင်းအစားပြုလုပ်မှုမျိုး ပဲလောကတွင်ရှိနေဆဲဖြစ်၍ သက်ဆိုင်ရာမှ ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ရခြင်းဖြစ်ရာ ယင်းစည်းမျဉ်းစည်းကမ်းများအတိုင်း ပဲရောင်းဝယ်သူများ လိုက်နာရန်၊ တိကျစွာစောင့်ကြည့် အရေးယူရန် လိုအပ်ကြောင်း၊ ပဲမျိုးစုံနည်းတူ စားသုံးဆီများပါ ကုန်ပစ္စည်းဖိုး ပေးချေခြင်း၊ ကုန်ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိဘဲ ကြိုရောင်း ကြိုဝယ် လေပတ်ကားသဘောမျိုး နေ့စဉ် ကုန်စည်ဒိုင်အတွင်း လုပ်ကိုင်ခြင်းမရှိရန်၊ လုပ်ဆောင်ပေးနိုင်လျှင် ပဲနှင့် စားဆီလောကတွင် ငွေကြေးအရှုပ်အရှင်း မရှိဘဲ စိတ်ချမ်းသာစွာ လုပ်ကိုင်နိုင်မည်ဟု ကုန်စည်ဒိုင်သို့ နေ့စဉ်သွားရောက်သူလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

ဆီးဂိမ်း ရိုးရာခြင်းလုံးအားကစားနည်း ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးရရှိခြင်းကို ဂုဏ်ပြု

သီပေါ ဒီဇင်ဘာ ၁၆

နှစ်ပေါင်း ၄၄ နှစ်ကြာမှ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့် ဆီးဂိမ်းမြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို အမျိုးသားသုံးဆု၊ အမျိုးသမီး သုံးဆု ရွှေတံဆိပ်ဆုများ ပထမဆုံး ဆွတ်ခူးပေးနိုင်ခြင်းကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်အတွင်းရှိ ရှေးနှစ်ပေါင်း ၁၂၁ နှစ်က အုန်းဘောင်စော်ဘွားကြီးစောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲတွင် ဒီဇင်ဘာ ၁၅ ရက်က သီပေါ၊ ကျောက်မဲ၊ လားရှိုး ခြင်းလုံးအားကစားသမားများအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကို ဦးခိုက်၍ ခြင်းလုံးအလှခတ်ကာ ဂုဏ်ပြုခဲ့ကြသည်။

ဂုဏ်ပြု

ဆီးဂိမ်းရိုးရာခြင်းလုံးအားကစားနည်း ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးရရှိခြင်း ခြင်းလုံးအလှခတ်ဂုဏ်ပြုပွဲသို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ် အားကစားဦးစီးအရာရှိ ဒေါ်သန်းရွှေမာနှင့် အားကစားဝါသနာရှင်များ၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၊ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက အိုးစည်ဗုံမောင်းများ တီးခတ်၍ ဂုဏ်ပြုကြကြောင်း သိရသည်။

စိုင်း(သီပေါ)

မောင်းမကန် ပင်လယ်ကမ်းခြေမှအပြန် သုံးဘီးဆိုင်ကယ်တိမ်းမှောက် ကိုးဦးဒဏ်ရာရ

ထားဝယ် ဒီဇင်ဘာ ၁၆

ထားဝယ်မြို့ ကျွန်းမွေးရပ်မှ မိသားစုတစ်စုသည် လောင်းလုံမြို့နယ် မောင်းမကန်ပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်ပြီး ရေပူစမ်းမှရေချိုးပြီးအပြန် ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီက မောင်းမကန် သုံးထပ်လမ်းတောင်အဆင်းတွင် တင်ထွေးမောင်နှင်လာသော သုံးဘီးဆိုင်ကယ် ဟ/----သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလက်ယာဘက်သို့ တိမ်းမှောက်သွားသည်။

ပို့ဆောင်ပေးခဲ့

သုံးဘီးဆိုင်ကယ်တိမ်းမှောက်မှု ဖြစ်ပွားနေစဉ်တွင် ထားဝယ်တပ်နယ်မှ တာဝန်ဖြင့်သွားနေသည့် တပ်မတော်ယာဉ်တန်းနှင့်တွေ့ဆုံ၍ တပ်မတော်သားများက ဒဏ်ရာရရှိသော မိသားစုများအား လိုအပ်သောအကူအညီများပေးပြီး အထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဆိုင်ကယ်တိမ်းမှောက်ရာတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်းကိုးဦး ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိသွား၍ ထားဝယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသပေးလျက်ရှိကြောင်းနှင့် ယာဉ်မောင်း တင်ထွေးကို မောင်းမကန်ရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖိုးရွှေသွန်း-ထားဝယ်

တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကြီးမြို့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲသုံးထပ် သံကူကွန်ကရစ်အဆောက်အအုံ ဆောက်လုပ်ရန်ရှိပါသဖြင့် ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်တွင် ၂၀ရာခိုင်နှုန်း ဆောက်လုပ်မည်ဖြစ်ပြီး ကျန် ၈၀ရာခိုင်နှုန်းကို ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တည်နေရာ** / **လုပ်ငန်း**

တည်နေရာ	လုပ်ငန်း
သစ်တောရပ်ကွက် တောင်ကြီးမြို့	အလျားပေ ၆၀× အနံ ၃၂ပေ သံကူကွန်ကရစ် အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ လျှပ်စစ်မီးနှင့် ရေစင်အပါအဝင် တည်ဆောက်ခြင်း

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၁၂-၂၀၁၃ ရက်မှ ၁၄-၁-၂၀၁၄ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁-၂၀၁၄ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၀၀၂၈၈၊ ၀၈၁-၂၁၂၁၃၄၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်လိုသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများ ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော် ဓာတ်အားထုတ်လုပ်လိုသူ ပုဂ္ဂလိကကုမ္ပဏီများကို ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ၂၀၁၂ခုနှစ် ဇွန် ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် တစ်ကြိမ်ခေါ်ယူခဲ့ပြီး ၂၀၁၂ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် နေပြည်တော်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံလိုသူများ စုပေါင်းဖိတ်ခေါ်ရှင်းလင်းဆွေးနွေးပွဲလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိဆောင်ရွက်လိုသော ဓာတ်အားပေးစက်ရုံအမျိုးအစား၊ တည်ဆောက်အကောင်အထည်ဖော်လိုသည့်နေရာ၊ ဒေသ၊ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကို ပြည့်စုံစွာဖော်ပြ၍ ဆောင်ရွက်မည့်ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေး အဆိုပြုနိုင်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိတို့ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီလေ့လာ၍ လေ့လာတွေ့ရှိချက်အရ ခွင့်ပြုလက်ခံနိုင်သော အစီအစဉ်များနှင့်အညီ ဆောင်ရွက်နိုင်မည့်ကုမ္ပဏီများကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ဤအချက်ကို အထူးအလေးထား၍ အဆိုပြုတင်ပြကြရန်ဖြစ်ပါသည်။

အမျိုးသားလွှတ်တော်ရုံး

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်

ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲ အချိန်စာရင်းကြေညာခြင်း

၁။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြေညာခေါ်ယူထားသည့် အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အထက်ပါရာထူးနေရာများအတွက် လျှောက်ထားသူများအနက်မှ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့် ရရှိသူများစာရင်းကို ၂၀-၁၂-၂၀၁၃ရက်မှစ၍ ရုံးအမှတ် ၂၀၊ လွှတ်တော်ရုံးတွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ရရှိသူများကို ၂၆-၁၂-၂၀၁၃ရက်နှင့် ၂၇-၁၂-၂၀၁၃ရက်များတွင် ရုံးချိန်အတွင်း ဖြေဆိုခွင့်ကတ်ပြားများထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် ရုံးအမှတ် ၂၀ တွင် လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၃။ ဖြေဆိုရမည့် ၂၁-၁၂-၂၀၁၃ရက်အစား အောက်ပါနေ့ရက်၊ နေရာနှင့် အချိန်စာရင်းအတိုင်းဖြစ်ပါသည်။

(က) ဖြေဆိုရမည့်နေ့ရက်	- ဒုတိယဦးစီးမှူးများ ၂၈-၁၂-၂၀၁၃ ရက် (စနေနေ့)
	- အငယ်တန်းစာရေးများ ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(ခ) ဖြေဆိုရမည့်နေရာ	- အမျိုးသားလွှတ်တော်ရုံး၊ အစည်းအဝေးဆောင် ('ဝ'ဘုရားအနီး၊ အမှတ် ၁ ဂိတ်မှ ဝင်ရန်)
(ဂ) ဖြေဆိုရမည့်အချိန်/ဘာသာရပ်	- နံနက် ၉ နာရီမှ ၁၂ နာရီအထိ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)

၄။ အသေးစိတ်သိရှိလိုပါက အမျိုးသားလွှတ်တော်ရုံး၊ စီမံရေးဌာန ဖုန်း-၀၆၇-၅၉၁၂၄၀နှင့် ၀၆၇-၅၉၁၂၃၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(လူတွေ့ဖြေဆိုခွင့်ရရှိသည့်စာရင်းကို ထပ်မံကြေညာပါမည်။)

ပြည်တွင်းသတင်း

ပြင်ဦးလွင်မြို့၌ နှစ်တို၊ နှစ်ရှည်ပင်များ ဖြစ်ထွန်းအောင်မြင်

ပြင်ဦးလွင် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီးအား တောအုပ်များဖုံးလွှမ်းနေသော တိုင်းဒေသကြီးဖြစ်ရမည်ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနမှ ချမှတ်ပေးအပ်ခဲ့သော စီမံချက်များနှင့်အညီ သစ်တောဌာနစိုက်ခင်းများ သစ်တောဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ပြုထားသော စိုက်ခင်းများတွင် နှစ်တို၊ နှစ်ရှည်ပင်များဖြစ်သည့် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ခါတော်မီ၊ ယူကလစ်၊ သစ်မွှေး၊ မက္ကဒေးမီးယား၊ ထောပတ်ပင်များနှင့် အခြားသစ်မျိုးစုံအပင်များ

ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့မြင်နေရသည်။

သစ်တောအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ရ ပြင်ဦးလွင်နှင့်တစ်မိုင်ခန့်အကွာအဝေးရှိ ဧက ၅၀ ဦးကြည်ဝင်း၏ အစုအဖွဲ့ပိုင် တည်ထောင်ခွင့်ရစိုက်ခင်းတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာနှင့် ပံ့ပိုးကူညီမှုရယူ၍နှစ်တို၊ နှစ်ရှည်ပင်များဖြစ်သည့် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ခါတော်မီ၊ ယူကလစ်၊ သစ်မွှေး၊ မက္ကဒေးမီးယားနှင့် ထောပတ်ပင်များသည် သဘာဝမြေဩဇာ အသုံးပြုလျက် အတန်းလိုက်စိုက်ပျိုးထားရှိရာ ဖြစ်ထွန်းရှင်သန်ကြီးထွားလျက် ရှိနေပြီး အတန်းလိုက်စိုက်ပျိုးထားရှိသော နှစ်တို၊ နှစ်ရှည်ပင်များအောက်၌ မြန်မာကော်ဖီ၊ မြန်မာလက်ဖက်၊ တရုတ်လက်ဖက်၊ မြန်မာသဘော်၊ မြန်မာမာလကာပင်များသည် သဘာဝမြေဩဇာအသုံးပြုလျက် စိုက်ပျိုးထားရှိရာတွင် အသီးများဝေဆာလျက် အသီးသီးနေသည်ကို တွေ့ရသည်။

ပြင်ဦးလွင်မြို့နယ်အတွင်း မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောကြိုးဝိုင်းမြေများ ဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ပြုထားခြင်းဖြင့် သစ်တောများ ပြန်လည်ထိန်းသိမ်းရာဖြစ်လာပြီး နှစ်တို၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့်အတွက် ပြင်ဦးလွင်မြို့တော်၏ဝန်းကျင်၌ မကြာမီအချိန်အတွင်း တောအုပ်များဖုံးလွှမ်းလာမည်ဖြစ်သည်။ **(၀၃၂)**

ကျောချောင်းတစ်ခွင်အာလူးစိုက်ပျိုးရန် တောင်သူများထွန်ရေးပြင်

ပေါက် ဒီဇင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျောချောင်းတစ်လျှောက်တွင် ယခုအချိန် ဆောင်းဦးကာလ၌ အာလူးစိုက်ပျိုးရန် တောင်သူများ စတင်ထွန်ယက်ဆောင်ရွက်နေကြောင်း သိရသည်။

ပြောကြား

"ကျွန်တော်တို့ရွာမှာ အိမ်ထောင်စုတိုင်းအာလူးစိုက်ပျိုးခြင်း၊ ကြက်သွန်စိုက်ပျိုးခြင်းများဆောင်ရွက်ဖို့ မြေနေရာအတွက်အခမဲ့ မဲနှိုက်ယူရပါတယ်။ မဲကျရာနံပါတ်အလိုက် မြေနေရာ (ဝေကျိုး)ရတယ်။ ၁၀ တောင်ပတ်လည်ကို တစ်ကျင်းခေါ်ပါတယ်။ တစ်ဦးမဲကျတစ်နေရာကို ကျင်း ၃၀ မှ ၄၀ ကျော် အထိရနိုင်ပါတယ်။ နွားလေးရှဉ်းမှ ခုနစ်ရှဉ်းအထိ ဆွဲရပါတယ်။ တစ်မနက်ဆိုရင် ထွန်ဦးစီးလုပ်အားခ ငွေကျပ် ၁၅၀၀ ရှိပါတယ်။ ယခင်က နွားတစ်ရှဉ်းကို ငွေကျပ် ၃၅၀၀ ပေးခဲ့ရပါတယ်။ ယခုအခါ ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ အထိ ဈေးမြင့်တက်လာပါတယ်။ ကျွဲတစ်ရှဉ်းကို ငွေကျပ် ၅၀၀၀ အထိ ပေးရပါတယ်"ဟု အင်းတောရွာ တောင်သူတစ်ဦးက ပြောကြားသည်။

အာလူးစိုက်ပျိုးရန်အတွက် မြေကိုပြုပြင်ရာတွင် မြေဆွဲခြင်း၊ မြေဖို့ခြင်း၊ မြေသားညှိခြင်းများ ဆောင်ရွက်ရကာ ကျင်း ၈၀ ခန့်ရရှိမည့်မြေအရိုင်း (သဲသောင်ပြင်)တစ်နေရာလျှင် ငွေကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်ထွန်းနေကြောင်း သိရသည်။ ယခုအချိန်တွင် အာလူးစိုက်ပျိုးရန်အတွက် မြေနေရာ၊ နွားရှဉ်း၊ မြေဆွဲခ၊ နွားချေးမြေဩဇာ၊ မြေဆီစသည့်အပြင် လုပ်အားခများရှိနေရာ အာလူးစိုက်တောင်သူများ အရင်းအနှီးကုန်ကျစရိတ် များပြားသည့်အတွက် ရင်းနှီးရမှုနှင့် ထွက်ရှိလာမည့်အာလူးတွက်ခြေကိုက်ပါ့မလားဟု တောင်သူများကတွက်ဆနေကြောင်းသိရသည်။

အောင်(မန်းတက္ကသိုလ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၇၅၀၀-၆၁၈၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၇၇၀၀-၆၁၉၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၈-၉၈၄	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၆၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂.၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၆၇-၁၆.၄	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၅-၂၉၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၅၅၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၃၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၁၀၀၀-၂၄၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၀၀-၁၀၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၅၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၇၀-၆၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၅၀၀-၃၆၀၀
၁၂။ သကြား	တစ်ပိဿာ	၉၅၀-၁၀၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စုစည်းတင်ပြသည်။

ကျေးငှက်သားရဲ့ တောမှာမြဲ၏

ကန့်ဘလူမြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ကန့်ဘလူ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်များအလိုက် တစ်မြို့နယ် ငွေကျပ်သိန်း ၁၀၀၀ ခွဲဝေပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်လေးဦး ပါဝင်ဖွဲ့စည်း၍ ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်သည့် နေရာများတွင် သုံးစွဲရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သိန်း ၁၀၀၀ ဖြင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်နေရာများတွင် သုံးစွဲရန်၊ အဓိကအားဖြင့် သောက်သုံးရေရရှိရေး၊ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေလိုအပ်သောကဏ္ဍများတွင် သုံးစွဲရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးမှုအားနည်းသောကျေးရွာများကို ဦးစားပေးဆောင်ရွက်ရန် သုံးလသာကျန်တော့သည်ဖြစ်၍ အရေးကြီးသောလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများ၊ တင်ပြထားသောလုပ်ငန်းများ မထပ်စေရေး စိစစ်ဆောင်ရွက်ကြရန်တို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို နာယကအဖြစ် ဒေါက်တာမြင့်နိုင်၊ ဥက္ကဋ္ဌအဖြစ် ဒေါက်တာ ချမ်းငြိမ်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသင်းလှိုင်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာခင်မောင်ဝင်းတို့ ပါဝင်ဖွဲ့စည်းပြီး လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဆည်မြောင်း၊ စည်ပင်သာယာကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ အထောက်အကူပြုကော်မတီ၊ မြို့နယ် ထွေ/အုပ်၊ မြို့နယ်စာရင်းစစ်အရာရှိတို့မှ လုပ်ငန်းများ အောင်မြင်အောင် တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်ငွေ သိန်း ၁၀၀၀ ထုတ်ယူနိုင်ရေးအတွက် ဒေါက်တာချမ်းငြိမ်း၊ ဒေါက်တာခင်မောင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ဖြင့် ဆောင်ရွက်ပြီး သုံးဦးအနက် နှစ်ဦးဖြင့် ငွေထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ငွေထုတ်ယူမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်လေးဦးထံ ကြိုတင်တင်ပြရန်နှင့် ခွင့်ပြုချက်ရမှသာ ထုတ်ယူရန် လိုအပ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရွေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်းတွင် ရွေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၄၄/၂၀၁၃)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်မြမာလာစိုးက "ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ မွေးစမှငါးနှစ်အရွယ်ထိသည် အရေးကြီးသောဖွံ့ဖြိုးမှုများ စတင်ပုံဖော်နေသည့် အသက်အရွယ်(Formative Age)ဖြစ်ပြီး လူ့ဘဝတစ်ခုလုံး၏ အခြေခံအုတ်မြစ်ကောင်း ရရှိအောင် ပြုစုပျိုးထောင်ပေးမှသာလျှင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် (Human Resources Development)အတွက် ဖြည့်ဆည်းပေးရာရောက်မည်ဖြစ်၍ ကလေးများအား ပြုစုပျိုးထောင်မှု ကောင်းလေလေ၊ ကလေးများ၏ ခံယူမှတ်သားမှုအား ကောင်းလေလေဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးသူ ဆရာမများသည် နိုင်ငံအကျိုး၊ ရပ်ရွာအကျိုး၊ ကလေးငယ်များ၏အကျိုးကို ရှေးရှုပြီး မိမိတို့တတ်မြောက်လာသော ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် တတ်အားသရွေ့ ဖြန့်ကြက်ဆောင်ရွက်သွားကြစေလိုကြောင်း" ဖြင့် သင်တန်းဆင်းအမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုမှ သင်တန်းသူ ၆၂ ဦးတို့ကို လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းအုပ်ဆရာမကြီးက တစ်ဦးချင်းသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ စစ္စတာထရေဇာက သင်တန်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသူများက သင်တန်းဆိုင်ရာ တေးသီချင်း၊ ကဗျာများ သီဆိုဖျော်ဖြေသွားသည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တလေးပတ် ဖြစ်သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

နိုင်ငံတကာအားကစားသတင်း

အသင်းကြီးတွေ ခက်ခဲဦးမယ့် ကက်ပီတယ်ဝမ်းကွာတားဖိုင်နယ်

မိုးမြင့်လင်းလက်

အင်္ဂလန်ကက်ပီတယ်ဝမ်းဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ယှဉ်ပြိုင်ကစားပါတော့မယ်။ ကွာတားဖိုင်နယ်မှာ ပရီမီယာလိဂ်က ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်စီးတီး၊ ချယ်လ်ဆီး၊ မန်ယူနဲ့ စပါးအသင်းတွေ ပါဝင်နေတာမို့ ပရိသတ်တွေ ရင်ခုန်ရဦးမှာဖြစ်ပြီး ပေါက်ကွဲမှုသံစဉ်တွေနဲ့အတူ ပရိသတ်တွေ အဖြေညှိကြရဦးမှာ ဖြစ်ပါတယ်။

လက်စတာနှင့် မန်စီးတီး

လက်စတာတို့အတွက် အိမ်ကွင်းဖြစ်ပေမယ့် မန်စီးတီးကို မွန်းကျပ်စွာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ မန်စီးတီးဟာ ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့မဖြစ်ရေးအတွက် အဖြစ်နိုင်ဆုံးဖလားအဖြစ် ရည်မှန်းထားတဲ့ ကက်ပီတယ်ဝမ်းဖလားကို ရယူဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ နိုင်ပွဲတွေဆက်နေတဲ့ မန်စီးတီးဟာ လက်စတာကို ရလဒ်ပြတ်သားစွာနဲ့ ချေမှုန်းဖို့ကြိုးစားပါလိမ့်မယ်။

ဆန်းဒါးလန်းနှင့် ချယ်လ်ဆီး

ဆောက်သမ်တန်ကို အနိုင်ကစားပြီး စိတ်ဓာတ်တက်ကြွနေတဲ့ ဆန်းဒါးလန်းဟာ အိမ်ကွင်းမှာ ခြေစွမ်းနိုင်တာမို့ ချယ်လ်ဆီးတို့ သတိထားရပါလိမ့်မယ်။ မော်ရင်ဟိုဟာ ဒီဖလားကို ပစ်မှတ်ထားတာ မဟုတ်ပေမယ့် အလေးထားပြီးကစားမှာလို့ ပြောနေပါတယ်။ ချယ်လ်ဆီးဟာ အဝေးကွင်းဆိုပေမယ့် ဆန်းဒါးလန်းကို ဒီပွဲအနိုင်ယူဖို့အတွက် အဓိက ကစားသမားတွေ အစုံအလင်နဲ့ ချီတက်လာမှာဖြစ်လို့ ဆန်းဒါးလန်းတို့ မျှော်လင့်ချက်မဲ့သွားနိုင်ပါတယ်။

စတုတ်နှင့် မန်ယူ

ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းအတက်အကျဖြစ်နေတဲ့ မန်ယူဟာ စတုတ်ကွင်းမှာ ခဲယဉ်းစွာနဲ့ ရင်ဆိုင်ရပါဦးမယ်။ စတုတ်ဟာ အသင်းကြီးတွေကို ခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းရှိပြီး မန်ယူကို အကျပ်အတည်းဖြစ်အောင် ကစားပါလိမ့်မယ်။ မန်ယူဟာ ကက်ပီတယ်ဝမ်းဖလားကိုရယူဖို့ ကြိုးစားမှာဖြစ်လို့ အမာခံတိုက်စစ်မှူးတွေ ထုတ်သုံးပါလိမ့်မယ်။ မန်ယူရဲ့ ပွဲထွက်ကစားသမားအခင်းအကျင်း မှန်ကန်ရင်တော့ ပျော်ရွှင်မှုဟာ မန်ယူပရိသတ်အတွက် ဖြစ်နိုင်ပါတယ်။

စပါးနှင့် ဝက်စ်ဟမ်း

ဒီနှစ်ဘောလုံးရာသီမှာ အသွင်သစ်နဲ့ ဖြတ်သန်းနေတဲ့စပါးဟာ ပုံမှန်ခြေစွမ်းရဖို့ ကြိုးစားနေရဆဲဖြစ်ပါတယ်။ စပါးရဲ့ အိမ်ကွင်းလက်ရှိခြေစွမ်းက ဝက်စ်ဟမ်းကိုတော့ အသာစီးရနိုင်တဲ့ အနေအထားရှိပါတယ်။ ဒီပွဲမှာစပါးတို့ အိပ်မက်တွေရှင်သန်နိုင်ဖို့ရှိပါတယ်။

ဥရောပပွဲစဉ်များနှင့် ဂိုးရလဒ်များ

သီဟ

အင်္ဂလန်ကက်ပီတယ်ဝမ်းဖလား			ဒီဇင်ဘာ ၁၈
လက်စတာ	-	မန်စီးတီး	နံနက် ၂း၁၅
ဆန်းဒါးလန်း	-	ချယ်လ်ဆီး	နံနက် ၂း၁၅

စပိန်ကိုပါဖလား			ဒီဇင်ဘာ ၁၈
လီဗန်တေး	-	ရီခရီယေတီဗို	နံနက် ၁း၃၀
ဂီတာဖေး	-	ဂျီရိုနာ	နံနက် ၁း၃၀
အယ်လ်ချီ	-	ဗီလာရီးရဲလ်	နံနက် ၁း၃၀
အိုဆာဆူနာ	-	မာလာဂါ	နံနက် ၁း၃၀
ဘာစီလိုနာ	-	ကာတာဂျီနာ	နံနက် ၃း၃၀
ဂရန်နာဒါ	-	အယ်ကော်ကွန်	နံနက် ၃း၃၀

ဒီဇင်ဘာ ၁၅/၁၆ ဂိုးရလဒ်များ		
နော့ဝှစ်ချ်	၁-၁	ဆွမ်ဆီး
စပါး	၀-၅	လီဗာပူး
အယ်မာရီးယား	၀-၀	အက်စ်ပန်ညို
ဆိုစီဒက်	၅-၁	ဘက်တစ်
ဆီဗီလာ	၁-၁	ဘီလ်ဘာအို
အက်သလက်တီကို	၃-၀	ဗလင်စီယာ
ချီယေဗို	၀-၁	ဆမ်ဒိုးရီးယား
ဖီအိုရင်တီးနား	၃-၀	ဘိုလော့ဂ်နာ
ဂျီနိုအာ	၁-၁	အတ္တလန္တာ
လာဇီယို	၂-၀	လီဗော်နို
ပါးမား	၀-၀	ကက်ဂလီယာရီ
အူးဒီးနိစ်	၀-၂	တိုရီနို
နာပိုလီ	၄-၂	အင်တာ
ရော်လ်ကေး	၂-၀	ဖရိုင်းဘတ်
လေဗာကူဆင်	၀-၁	ဖရန့်ဖတ်
ဘော်ဒိုး	၂-၁	ဗလင်စီနက်
လိုင်လီ	၂-၁	ဘတ်စ်တီယာ

မန်ယူတို့ ရှုံးပွဲအဆုံးသတ်

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် မန်ယူနှင့်အက်စ်တွန်ဗီလာတို့ ဒီဇင်ဘာ ၁၅ ရက်ညက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက သုံးဂိုးပြတ်ဖြင့် နိုင်လိုက်သဖြင့် မန်ယူတို့ဆက်တိုက်ရှုံးပွဲကြုံမှုကို အဆုံးသတ်သွားပြီဖြစ်သည်။ မန်ယူအတွက် အဖွင့်ဂိုးနှစ်ဂိုးကို ဝဲလ်ဘက်က ပွဲစပြီး ၁၈ မိနစ်အတွင်း သွင်းယူပေးခဲ့သည်။

ကလီဗာလေက ရွှန်းနေအကွက်ဆင်ပေးသော ဘောလုံးမှတစ်ဆင့် မန်ယူအတွက် တတိယအနိုင်ဂိုးသွင်းယူပေးခဲ့သည်။

သို့သော် မန်ယူတို့ထိပ်ဆုံးရောက် အာဆင်နယ်နှင့် ၁၀မှတ်ခွာ၍ လိုက်နေရဆဲဖြစ်သည်။ ထိပ်ဆုံးလေးသင်းနေရာရောက်အသင်းဖြစ်ရန် ခြောက်မှတ်လိုနေသည်။

ဝက်စ်ဘရွန်းနည်းပြ လေးပွဲဆက်တိုက်ရှုံးပြီး အလုပ်ပြုတ်ခံရ

ဝက်စ်ဘရွန်းနည်းပြ စတိဗ်ကလပ်အား ပရီမီယာလိဂ်တွင် လေးပွဲဆက်တိုက်ရှုံးနိမ့်ပြီးနောက် နည်းပြအဖြစ်မှ အလုပ်ဖြုတ်ခဲ့သည်။ အသက် ၅၀အရွယ်ရှိ စကော့တလန်နိုင်ငံသား စတိဗ်ကလပ်သည် ဒီဇင်ဘာ ၁၄ ရက်က ကာဒစ်ဖ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သောပွဲတွင်အသင်းကို နောက်ဆုံးကိုင်တွယ်ပေးခဲ့သည်။

အသာရထား

လက်ရှိပရီမီယာလိဂ် ပြိုင်ပွဲများအပြီး တန်းဆင်းဇုန်အထက် နှစ်မှတ်သာ အသာရထားသည်။ ၂၀၁၃ ခုနှစ်အတွင်း ပရီမီယာလိဂ်ပွဲပေါင်း ၃၄ ပွဲကစားခဲ့ရာတွင် ခုနစ်ပွဲသာအနိုင်ရသည်ဟု ဆိုသည်။

ဝက်စ်ဘရွန်းက နည်းပြသစ်ရှာဖွေနေစဉ် လက်ထောက်နည်းပြ ကိတ်ဒေါင်းနင်းက တာဝန်ယူသွားမည်ဟု ဆိုသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဧစ္စစပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ ဦးမောင်မောင်တာ-ဒေါ်နန်းအေးအေးသန်းတို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးခိုင်ခန့်ကို M.B.,B.S, M.Med. Sc (Surgery) 2nd Year

နှင့်

နေပြည်တော်နေ ဗိုလ်မှူးကြီးညိုမြင့်(ငြိမ်း)-ဒေါ်ဖြူဖြူလွင်တို့၏ တစ်ဦးတည်းသောသမီး

မချစ်ဖြိုးငယ် B.Sc (Physics)

တို့သည် ၁၅-၁၂-၂၀၁၂ ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ ဧစ္စစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးခိုင်ခန့်ကို-မချစ်ဖြိုးငယ်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၂၁၄/၂၁၆၊ Penthouse A ဘက်ခြမ်း၊ ပေ(၂၅×၆၀)အကျယ်အဝန်းရှိ အခန်းတစ်ခန်းနှင့် ၄င်းတို့နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဦးခင်မောင်တင့် ၉/မနမ(နိုင်)၀၃၀၇၈၉ က တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အမှုအခင်းအရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ညို LL.B	**ဦးတင်ဦး LL.B**
တရားလွှတ်တော်ရှေ့နေ (၅၂၅၉/၉၀)	**အထက်တန်းရှေ့နေ (၁၂၀၁၆)**
ဖုန်း-၀၉-၄၉၂၀၉၆၆၇	**ဖုန်း-၀၅၆-၄၀၅၁၇၊ ၀၉-၄၂၀၁၉၂၉၄၉**

အမှတ် ၄၊ လေးကျွန်းမာန်အောင်ဘုရားလမ်း၊ အမှတ်(၇)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်

ဘားအံတက္ကသိုလ် တတိယနှစ် ပထဝီဝင်အထူးပြုဖြင့် တက်ရောက်နေသော မရီရီမြင့် ၃/ကကရ(နိုင်)၁၆၆၄၈၃၏ဖခင်အမည်မှန်မှာ ဦးအန်းကူ(ခ)ဦးကြည်ဝင်း ၃/ကကရ(နိုင်)၀၆၃၇၅၇ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၈)၊ မြေကွက်အမှတ် ၇၁၀ ၁/၂၊ အကျယ်အဝန်း (အလျားပေ၂၀×အနံ ပေ၅၀)၊ ဧရိယာအားဖြင့် စတုရန်းပေ ၁၀၀၀ရှိ နှစ်၆၀ဂရန်မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမ၊ မြေကွက်အမှတ် ၇၁၀ ၁/၂ ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဦးမျိုးခင်(ကွယ်လွန်)၊ ဒေါ်ခင်စိန်(ကွယ်လွန်)တို့၏သားသမီးများထံမှ အရပ်စာချုပ်ဖြင့် ဦးမျိုးမင်းစိုး (ဘ)ဦးသန်းစိုး ၈/မကန(နိုင်)၁၁၁၄၄၉ က အပြီးအပိုင်လွှဲပြောင်းရယူထားခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံကတိပြုပါသည်။ ယခုအခါ ဦးမျိုးမင်းစိုးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဆက်သွယ်ရန်ဖုန်း-	**ဦးချစ်ကိုကို**
၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၂၀၀၁၁၁၆၅၊	**အထက်တန်းရှေ့နေ**
၀၉-၄၃၀၉၀၆၅၅၊ ၀၁-၂၅၄၉၁၈	**အမှတ် ၇၂၊ ယောမင်းကြီးလမ်း၊**
	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့





ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

ပုသိမ် ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၆ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် စတင်ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ညောင်တုန်းမြို့နယ် ကျီးကန်းသိုက်ကျေးရွာ အမှတ် (၁၀၂)အခြေခံပညာ မူလတန်းကျောင်း ပြုပြင်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ပြီး ကျောင်းဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၁၀၂)အခြေခံပညာ မူလတန်းကျောင်းအတွက် ရန်ပုံငွေ ကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကြိမ်ချောင်းကျေးရွာ အမှတ်(၁၇၃)အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်း၏ပြုပြင်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ပြီး ကျောင်းဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကျောင်းဆောင်တွင် ကျင်းပပြုလုပ်သည့် ကြိမ်ချောင်းကျေးရွာအမှတ်(၁၇၃)အခြေခံပညာ မူလတန်းကျောင်းနှင့် ကျီးကန်းသိုက်ကျေးရွာ အမှတ်(၁၀၂)အခြေခံပညာ မူလတန်းကျောင်းတို့၏ ကျောင်း ပြုပြင်မွမ်းမံပြီးစီး၍ ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က "ဧရာဝတီတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများ၊ ပညာရေးနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်(စီမံ)က ပညာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ မေတ္တာမီးအိမ်လူမှုရေးအဖွဲ့ အစည်းဥက္ကဋ္ဌ ဦးခင်မောင်ချိုက ညောင်တုန်းမြို့နယ်အတွင်း မိမိတို့အဖွဲ့မှ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဧရာဟံသာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်က ကြိမ်ချောင်းကျေးရွာ အမှတ်(၁၇၃)အခြေခံပညာ မူလတန်းကျောင်း ကျောင်းပြုပြင်မှု မှတ်တမ်းကိုလည်းကောင်း၊ ဧရာဟံသာကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးစည်သူစိုးက ကျီးကန်းသိုက်ကျေးရွာ အမှတ်(၁၀၂)အခြေခံပညာမူလတန်းကျောင်း ကျောင်းပြုပြင်မှု မှတ်တမ်းကိုလည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက လက်ခံယူခဲ့ပြီး မေတ္တာမီးအိမ် လူမှုရေးအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးခင်မောင်ချိုက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ရာ ဧရာဟံသာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်က လက်ခံယူခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိမ်ချောင်းကျေးရွာ အမှတ်(၁၇၃)အခြေခံပညာ မူလတန်းကျောင်းအတွက် ရန်ပုံငွေ ကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကြိမ်ချောင်းကျေးရွာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကရင်ဒုံးယိမ်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာလာရာ ပုသိမ်မြို့သို့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တာဝန်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး သမဝါယမ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ပုသိမ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ပန်းတောင်း ဒီဇင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရဲအောင်ခန်းမ၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပခဲ့သည်။ အခမ်းအနားသို့ ထုံးဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မြင့်ဦးက ရဲတပ်ဖွဲ့ လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စုရုံး(ပဲခူး)လက်အောက်ရှိ တပ်ဖွဲ့စုမှူးရုံးခွဲ(ပြည်-သာယာဝတီ)မှ ဒုတိယရဲမှူးမျိုးသိန်းက လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေးအသိပညာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ ထုံးဘိုနယ်မြေမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဆယ်အိမ်စုမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်အောင်(ထုံးဘို)

ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်

စဥ့်ကူး ဒီဇင်ဘာ ၁၆

စဥ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု ရွှေပန်းကျောင်းတိုက်အတွင်းရှိ ရှေးဘိုးဘွားတို့ အစဉ်အဆက်တည်ထားကိုးကွယ်ခဲ့သော လောကချမ်းသာစေတီတော်မြတ်ကြီးသည် သဘာဝဘေးဒဏ်ကြောင့် ကွဲအက်ပျက်စီးသွားရာမှ အများကောင်းမှုဖြင့် အသစ်တစ်ဖန် ပြန်လည်ပြုပြင်တည်ထားပြီးဖြစ်ရာ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်အတွင်းရှိ စေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လောကချမ်းသာစေတီတော်မြတ်ကြီးသို့ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ရွှေထီးတော်တို့ကို ရွှေပန်းကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်သည်။ ဆက်လက်၍ တာဝန်ရှိသူတို့က စိန်ဖူးတော်နှင့် ရွှေထီးတော်တို့ကို သယ်ယူပင့်ဆောင်ကာ စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိန်၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို လောကချမ်းသာစေတီတော်မြတ်ကြီးအထွတ်သို့ လက်ဆင့်ကမ်း၍ အောင်မြင်စွာ တင်လှူပူဇော်ကြပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသောဘဏနှင့် သံဃာတော်အရှင်မြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ကြပြီး အလှူရှင်များက ပင့်သံဃာ ၄၈ ပါးတို့ကို သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ဝင်းမောင်

တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၆

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)မှ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိသော ပညာသင်ထောက်ပံ့ကြေးများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဆက်လက်ပေးသွားမည်ဖြစ်၍ ခရမ်းမြို့နယ်(ရန်ကုန်)အသင်းဝင်မိသားစုများအတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး တက္ကသိုလ်အသီးသီးသို့ ဆက်လက် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများသည် ဆယ်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ၊ မိဘအသင်းဝင်အမှတ် အထောက်အထားများနှင့်အတူ လျှောက်လွှာကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ပညာရေးကော်မတီသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနလက်အောက်ရှိစက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန၊ စဥ့်ကိုင်မြို့နယ်၊ ဘယ်လင်းတွင် ရေသန့်စက်ထားရန် အုတ်ညှပ်တစ်ထပ်အဆောက်အအုံ (၂၀' ×၁၅'×၁၀') တစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၃ ရက်မှ ၂၆-၁၂-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၄၀၄၅၁၁

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၃၁-၁၂-၂၀၁၃ရက် နံနက် ၁၀နာရီ (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးဝင်း၊ နေပြည်တော်တွင် နို့စားနွားသုတေသန၊ နွားခြံဝင်းအား သစ်သားခြံစည်းရိုး၊ ပေ ၅၂၀ အရှည် (၃×၃)လက်မ သစ်သားတိုင်၊ ၉လက်မ ကွန်ကရစ်တိုင်ပုံဖြင့် ကာရံခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၃ ရက်မှ ၂၆-၁၂-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၄၀၄၅၁၁

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၃၁-၁၂-၂၀၁၃ ရက် နံနက် ၁၀ နာရီ (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးဝင်း၊ နေပြည်တော်တွင် ဂိုဒေါင် (၆၀'×၂၀'×၉') ဝါးထရံကာ၊ ကွန်ကရစ်အုတ်မြစ်၊ ကွန်ကရစ်ခင်း၊ သွပ်မိုးအဆောက်အအုံတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၃ ရက်မှ ၂၆-၁၂-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၄၀၄၅၁၁

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၃၁-၁၂-၂၀၁၃ ရက်၊ နံနက် ၁၀ နာရီ (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးဝင်း၊ နေပြည်တော်တွင် ရွှေဇီဝသုတေသနတွင် နေရာ(၇)ခု၌ မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၃ ရက်မှ ၂၆-၁၂-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၄၀၄၅၁၁၊ ၀၁-၆၆၇၃၄၀ (ရန်ကုန်)

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၃၁-၁၂-၂၀၁၃ရက် နံနက် ၁၀ နာရီ (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ခင်အုန်းမြင့်၏သမီး မမိုးသင်္ဂီခိုင် ၁၂/ဒဂဆ(နိုင်)၀၀၅၈၉၂သည် မိခင်နှင့် အုပ်ထိန်းသူတို့၏ ပြောဆိုဆုံးမမှုကို လုံးဝနာခံခြင်း၊ လိုက်နာခြင်းမရှိဘဲ ၉-၁၂-၂၀၁၃ရက်တွင် မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်အုန်းမြင့်

ပြည်တွင်းသတင်း

တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအထောက်အကူပြု ဗဟိုဌာနများ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization-WIPO) တို့ ပူးပေါင်းစီစဉ်မှုဖြင့် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအထောက်အကူပြု ဗဟိုဌာနများ (Technology and Innovation Support Centers-TISCs) ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဘရှေ့က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်သည် ပုဂ္ဂလိကကဏ္ဍ၊ အစိုးရကဏ္ဍများမှ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအထိ အဓိကကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကဏ္ဍ တိုးတက်စေရန်အတွက် မြန်မာနိုင်ငံတွင် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအထောက်အကူပြုဗဟိုဌာနများတည်ထောင်ရန် ဆောင်ရွက်မှုများလိုအပ်ပါကြောင်း၊ အဆိုပါ ဗဟိုဌာနများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိတီထွင်သူများ၊ သုတေသနပြုလုပ်သူများကို ဒေသအလိုက် နည်း ပညာသတင်းအချက်အလက်များနှင့် ဆက်စပ်နေသော လုပ်ငန်းများအား ပိုမိုမြင့်မားစေရန်၊ တီထွင်မှုများ အသုံးချရာတွင် ကူညီပေးရန်၊ နိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများအား ဖန်တီးရန်၊ ကာကွယ်ရန်၊ စီမံခန့်ခွဲနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင်တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအထောက်အကူပြု ဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအထောက်အကူပြု ဗဟိုဌာနနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာဖတ်သည့်အလေ့အထများ တိုးတက်ဖြစ်ပေါ်လာစေရေးနှင့် စာပေဗဟုသုတ တိုးပွားလာစေရေးအတွက် စာဖတ်ရှိန် မြှင့်တင်ရေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။အဆိုပါပြည်သူများစာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များအနက် ယခုကျင်းပသည့် iRead Orientation အစီအစဉ်သည် ရန်ကုန်အနောက်ပိုင်းခရိုင် ပညာ့အလင်းခေတ်မီစာကြည့်တိုက်ရှိ သုတ/ရသ စာအုပ်စာစောင်များကို တစ်လတာအတွင်း နာရီပေါင်း ၃၀ ဖတ်ရှုလေ့လာစေပြီးနောက် ရရှိလာသည့် အသိပညာဗဟုသုတများကိုပြန်လည်ရှင်းလင်းမျှဝေစေပြီး အသိအမှတ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်မည့်အစီအစဉ်ဖြစ်သည်။ ထို့ပြင် တစ်လအတွင်း သတ်မှတ်ထားသော နာရီ ၃၀ ထက် ပိုမိုဖတ်ရှုသူများအား ဆုချီးမြှင့်မည်ဖြစ်သည်။ယင်းအစီအစဉ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် American Center iNature Environmental Club တို့ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်နံနက် ၁၀နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပညာ့အလင်းခေတ်မီ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က အမှာစကားပြောကြားပြီး သရုပါ စာကြည့်တိုက်မှူး ဦးရဲထက်ဦးနှင့် American Center iNature Environmental Club ခေါင်းဆောင် ဦးရှိုင်းဝင်းလတ်တို့က ကျင်းပသည့် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စာပေပညာရှင် ဆရာဟိန်းလတ်နှင့် ဆရာ ခင်မောင်ညို (ဘောဂဗေဒ) တို့က စာပေလေ့လာဖတ်ရှုခြင်းနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ကြောင်းသတင်းရရှိသည်။

(တိုင်း ပြန်/ဆက်)

ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာ၌စာကြည့်တိုက်ဖွင့်

ပန်းတောင်း ဒီဇင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာအုပ်စု၌ ပညာဗိမာန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းထွန်းမြင့်က စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားပြီးစာအုပ်များလှူဒါန်းကာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းထွန်းမြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်တို့က ပညာဗိမာန် စာကြည့်တိုက် အဆောက်အအုံရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အောက်ပုံ)** ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်ဝင်းက ပညာဗိမာန်စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံခြားဖြစ်ဝိုင်နှင့် အရက်မျိုးစုံ ကျပ်သိန်း ၅၇၀၀ကျော်ဖိုး တရားမဝင်တင်သွင်းသိုလှောင်မှုကို အမှုဖွင့်တရားစွဲဆို

ရန်ကုန် ဒီဇင်ဘာ ၁၆

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ရန်ကုန်တိုင်းဒေသကြီး ကွပ်ကဲမှု တာဝန်ခံထံသို့ နိုဝင်ဘာ ၂၈ ရက် ညနေ ၆နာရီတွင် တာဝန်သိပြည်သူတစ်ဦးက အမှတ်(၁၀)မြမာလာလမ်း စက်မှုလက်မှု ရပ်ကွက် သာကေတ စက်မှုဇုန်သိုလှောင်ရုံ၌ အကောက်ခွန်မဲ့ပစ္စည်းများ သိုလှောင်ပြီး ယာဉ်ကြီး/ယာဉ်ငယ်များဖြင့် ရန်ကုန်မြို့တွင်းသို့ သယ်ဆောင်နေကြောင်း ဖုန်းဖြင့် သတင်းပေးပို့တိုင်ကြားမှုအပေါ် နိုဝင်ဘာ၂၉ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ သတင်းထောက်လှမ်းပြီး ဒီဇင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီအထိ လိုင်စင် ID မူရင်းများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ စားသောက်ကုန်မျိုးစုံ ၃၇ ဒသမ ၁၅ တန်သည် တရားဝင်တင်သွင်းထားသော မူရင်းအထောက်အထားများ ပြသနိုင်သော်လည်းနိုင်ငံခြားဖြစ် အရက်မျိုးစုံ ၁၂၉၇ ပုလင်းနှင့် နိုင်ငံခြားဖြစ်ဝိုင်မျိုးစုံ ၈၇၅၇၈ ပုလင်းတို့မှာ Premium Food Service Products Co., Ltd မှ တရားဝင် တင်သွင်းထားသည့် မူရင်းစာရွက် စာတမ်းများပြည့်စုံစွာ တင်ပြစစ်ဆေးခံနိုင်ခြင်းမရှိခဲ့ကြောင်း၊ သို့အတွက် တရားဝင်တင်သွင်းခွင့်ဆိုင်ရာ သွင်းကုန်လိုင်စင် (မူရင်း)နှင့် အကောက်ခွန်သွင်းကုန်ကြေညာလွှာ (မူရင်း) များ ပြည့်စုံစွာ စစ်ဆေးခံနိုင်ခြင်းမရှိသော နိုင်ငံခြားဖြစ် အရက်မျိုးစုံ ၁၂၉၇ ပုလင်းနှင့်ဝိုင်မျိုးစုံ ၈၇၅၇၈ ပုလင်းတို့အား အကောက်ခွန်အမှုတွဲအမှတ် ၄ကက (လရ-ရေ/၂၀၁၃(၁၃)) (၁၄-၁၂-၂၀၁၃) ခန့်မှန်းတန်ဖိုး ၅၇၇၈၇၉၇၀၀ (ကျပ်သိန်း ငါးထောင့်ခုနစ်ရာကျော်) အမှုတွဲဖွင့်လှစ်၍ ပင်လယ်ကြောင်း အကောက်ခွန်ဥပဒေအရ အရေးယူနိုင်ရေး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်း ပေးအပ်ထားရှိပြီး နိုင်ငံခြားဖြစ် ဝိုင်နှင့် အရက်မျိုးစုံအား တရားမဝင်သိုလှောင်ထားရှိမှုအပေါ် Premium Food Service Products Co., Ltd မှ တာဝန်ရှိသူ BOD အဖွဲ့ဝင် ဒါရိုက်တာတစ်ဦးအား သာကေတမြို့နယ် ရဲစခန်းတွင် ပို့ကုန်/သွင်းကုန်ဥပဒေ (၂၀၁၂) ပုဒ်မ (၈)၊ အမှုတွဲ အမှတ်(ပ) ၈၇၄/၂၀၁၃ ဖြင့် ဒီဇင်ဘာ ၁၄ ရက်တွင် တရားစွဲဆို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဟောပြောပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲဆုချီးမြှင့်

ရမည်းသင်း ဒီဇင်ဘာ ၁၆

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်စာရေးဆရာအဖွဲ့မှ ဦးစီးကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁နာရီခွဲကရမည်းသင်းမြို့နယ် ရွှေဒါးကျေးရွာအုပ်စုအခြေခံပညာအထက်တန်းကျောင်း (ခွဲ) ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ(စာရေးဆရာအသင်းဥက္ကဋ္ဌမှ စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးညွန့်ရွှေ (သတင်းထောက်-ညွန့်ရွှေ)က ဖတ်ကြားပြီး ဥက္ကဋ္ဌဦးတင်လှ(တက္ကသိုလ်မောင်လှ)က ကျပန်းစကားပြောပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျောင်းသား ကျောင်းသူ ရှစ်ဦးက မိမိမဲကျရာ ခေါင်းစဉ်ကို ယှဉ်ပြိုင်ကြသည်။ ထို့နောက် အသင်းဝင်စာရေးဆရာများဖြစ်သည့် ဦးအောင်ဝင်း၊ ဦးမင်းဟိန်းခန့်နှင့် ဦးစိုးမြင့်တို့ကသုတရသစာပေများနှင့်ဆောင်ရန်ရှောင်ရန်များကို ပညာပေး ဟောပြောကြသည်။ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုကို မြို့နယ်စာရေးဆရာဥက္ကဋ္ဌ၊ ဒုတိယဆုကို မြို့နယ်စာရေးဆရာ အတွင်းရေးမှူးနှင့် တတိယဆုကိုအဖွဲ့ဝင် ဦးငွေသိန်းတို့ကလည်းကောင်း၊ နှစ်သိမ့်ဆုငါးဆုကို ခရိုင်ပြန်ဆက်ဦးစီး ကျောင်းအုပ်ဆရာမကြီးက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

(ဝ၁၁)

ကျန်းမာရေးဝန်ကြီးဌာန၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီး၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၁၀-၁၂-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁၂-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

ဆေးရုံအုပ်ကြီး
အထူးကုဆေးရုံကြီး(ဝေဘာဂီ) ဖုန်း-၀၁-၉၆၉၀၁၇၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ အမျိုးအစားမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

NISSAN AD VAN (2008 Model) 5 Nos

၂။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၂၀-၁၂-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း (အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက် ရေးလုပ်ငန်း စိစစ်မှုကော်မတီ) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၄တို့သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရှေ့တန်းစခန်း ပုသိမ်(ကန်ကြီးထောင့်) မြေနေရာအနက်မှ အကျယ်အဝန်းပေ(၅၀၀×၂၀၀) ၂ဒသမ ၂၉၀၈ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းလိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါသွင်းရမည့်ရက်/အချိန်** - ၂၃-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၃-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရှေ့တန်းစခန်း(ကန်ကြီးထောင့်)ရုံးတွင် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မုံလယ် ဒီဇင်ဘာလ တရားစခန်းပွဲ

မိုးကုတ်ဝိပဿနာပြန့်ပွားရေး မုံလယ်တောရ ဓမ္မရိပ်သာ အမှတ်(၁) တိုက်ခွဲ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့တွင် ခုနစ်ရက်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော်(၈)ရက်မှ (၁၄)ရက်အထိ၊ (၂၅-၁၂-၂၀၁၃ရက်မှ ၃၁-၁၂-၂၀၁၃)ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ယူဆောင်လျက် ၂၄-၁၂-၂၀၁၃ရက် နံနက် ၇နာရီထက်မစော ညနေ ၄နာရီထက် နောက်မကျစေဘဲ တရားစခန်းသို့ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်းသာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

အကြောင်းစုံသိလိုပါက ဖုန်း-၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

[illegible]

အထက(၂)[illegible]
[illegible] မြိတ်ဆရာ[illegible]

[illegible]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်သန်းသန်းဝင်း၏သား မောင်ကျော်ဆန်းလွင်သည် မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သွာနုတ္တ သားအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်သန်းသန်းဝင်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရအဖွဲ့ဆပ်ကော်မတီနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကော်မတီဝင်များ၊ အသင်းအဖွဲ့ များမှ တာဝန်ရှိသူများနှင့်တွေ့ ဆုံဆွေးနွေး

တောင်ကြီး ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရအဖွဲ့ဆပ်ကော်မတီနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ကော်မတီဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက စည်ပင်သာယာမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မ တီ(Delivery Unit)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကော်မတီ(Delivery Unit)ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ၊ UN/INGOs နှင့် လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများနှင့်စည်ပင်သာယာရေးကော်မတီများမှ ပြန်လည်အကြံပြုဆွေးနွေးတင်ပြခဲ့သည်။

ယင်းပြန်လည်အကြံပြုဆွေးနွေးတင်ပြချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌက ထပ်မံဖြည့်စွက်ဆွေးနွေး၍နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ဇိနမာန်အောင်(၃၁)ဘုံ အကျွတ်အလွတ်စေတီတော် တည်ဆောက်ရေးပါဝင်လှူဒါန်း

ကျိုက်ထို ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့ ရွှေညကြက်ကော်ရပ်ကွက်မြသိန်းတန်ကျောင်းတိုက်ဝင်း၌ ဇိနမာန်အောင်(၃၁)ဘုံ အကျွတ်အလွတ်စေတီတော်မြတ်ကို ဆရာတော်ဘဒ္ဒန္တသောဘိတ ဦးစီးနာယကပြုကာ တည်ဆောက်လျက်ရှိသည်။**(ယာပုံ)**

စေတီတော် တည်ဆောက်ရာတွင် ပုထိုးတော်မှာ ၁၅ ပေ အမြင့်ရှိပြီး အထက်တွင် ဉာဏ်တော်အမြင့် ၁၁ ပေရှိ စေတီတော်နှင့် အမြင့် ငါးပေ၊ အရံစေတီလေးဆူ၊ ဉာဏ်တော်အမြင့် သုံးပေရှိ ရုပ်ပွားတော်ငါးဆူ၊ ခြေကျော်တံခါး ပြတင်းပေါက်များ၊ ပလ္လင်တော်များ၊ ရွှေသားမျက်နှာကြက်တော်များ၊ မြန်မာမှုကျောက်ပန်းဆွဲများနှင့် ပန်းပုလက်ရာများ၊ တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းအရပ်ရပ်တို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

ဇိနမာန်အောင်(၃၁)ဘုံ အကျွတ်အလွတ်စေတီတော်မြတ်၏ သာသနာပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တသောဘိတ ဖုန်း-၀၉-၄၂၅၃၆၀၅၇၀သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

(၅၃၇)

ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းသက်သာစေရေး စည်းကမ်းနှင့်အညီမောင်းနှင်ခြင်းဖြင့် ဝိုင်းဝန်းကူညီပါ

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုများဖြေလျှော့နိုင်ရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ နေ့စဉ်နှင့်အမျှ ဆောင်ရွက်လျက် ရှိနေပေသည်။

ဒီဇင်ဘာ ၁၃ ရက်နံနက်က စည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်များအား ဖမ်းဆီးအရေးယူခြင်းကို လသာမြို့နယ် မဟာဗန္ဓုလလမ်းမကြီးပေါ် သံဈေးအနီးတွင် ဆောင်ရွက်နေသည်ကိုတွေ့မြင်ခဲ့ရသည်။ ယာဉ်ငယ်တစ်စီးကို ကရိန်းကားဖြင့် တင်ဆောင်သွားခြင်းဖြစ်သည်။ **(အပေါ်ပုံ)** ထိုမှမဟာဗန္ဓုလလမ်းတစ်လျှောက် (လသာမြို့နယ်အတွင်း) ထိုကဲ့သို့ စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။

လသာမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမင်းထွန်းက"လောလောဆယ်ဒီနံနက်ပိုင်းမှာစည်းကမ်းမဲ့ ရပ်နားထားတဲ့ မော်တော်ယာဉ်လေးစီးကို ဖမ်းဆီးအရေးယူထားပါတယ်။ စီမံချက်စကတည်းက အခုထိဆို မော်တော်ယာဉ်အစီး ၄၀ လောက်အရေးယူခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ရပ်ထားတဲ့ ယာဉ်ရဲ့ဒရိုင်ဘာနေရာမှာ မောင်းသူရှိနေရင်တော့ မဖမ်းပါဘူး"ဟု ဖြေကြားခဲ့သည်။

၎င်းကပင်ဆက်လက်၍ "ယာဉ်ကြောကျပ်တည်းမှုဖြေ လျှော့ရေးမှာ ယာဉ်မောင်းသူအားလုံးက ဖမ်းဆီးသူရှိရှိ မရှိ ရှိ သတ်မှတ်စည်းကမ်းများနဲ့အညီ မောင်းကြ၊ ရပ်ကြပြီးဝိုင်းဝန်းကူညီစေချင်ပါတယ်။ ဝိုင်းဝန်းကူညီကြမှလည်း ဒီလိုအကျပ်အတည်းတွေ သက်သာမှာပါ"ဟု ဆိုခဲ့သည်။

အနီးရှိရပ်ကြည့်နေသူ အမျိုးသားကြီးတစ်ဦးက "ဟုတ်တယ်ဗျ ယာဉ်ကြောကျပ်တယ်၊ ကျပ်တယ်လို့ ပြောနေကြတဲ့ ယာဉ်မောင်းအတော်များများ ကိုယ်တိုင်က စည်းကမ်းမလိုက်နာကြလို့ ဖြစ်တာများတယ်။ သူများစည်းကမ်းပျက်လို့ ကိုယ်ပါလိုက်ပျက်မယ်၊ မောင်းကြမယ်ဆိုရင်တော့ ယာဉ်ကြောကျပ်တည်းမှုတွေက အမြဲဖြစ်နေဦးမှာပဲ"ဟု သုံးသပ်ပြောသံကို ကြားခဲ့ရသည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)

မူးယစ်အန္တရာယ် အသိပညာပေး ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၆

တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၂ ရက် နံနက် ၉နာရီခွဲက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အန္တရာယ်ကာကွယ်တားဆီးရေးဟောပြောပွဲကို မြပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဒေါ်သီဂီဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာမွေမြို့နယ်စခန်းမှူး ဒုတိယရဲမှူးခင်စိုးက မူးယစ် ဆေးဝါးနှင့် ပတ်သက်သည့် ပုဒ်မများ၊ အပြစ်ပေးအရေးယူမှုများကို လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှမြင့်က အမျိုးသားရေးစိတ်ဓာတ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူးယစ်တပ်ဖွဲ့မှ ရဲအုပ်နေလင်းဦးက မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဆိုးကျိုးများရရှိပုံများကိုလည်းကောင်း၊ မြို့နယ်ရဲမှူးခင်မောင်မြက မြန်မာနိုင်ငံရဲတပ်ဖွဲ့အကြောင်းနှင့် လူကုန်ကူးမှုအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှလှ

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဓာရီမှုအမှတ်-၂၁

ဦးစိုင်းလုံ(ခ)ဦးအိုက်လုံ **နှင့်** ဦးဘိုစော
(၎င်း၏အခွင့်ရ ကိုယ်စားလှယ်
ဦးတင်ဝင်းထွဋ်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးဘိုစော ဒုတပ်ကြပ်(ကိုယ်ပိုင်အမှတ်-၅၃၃၉၈၁)၊ ခလရ(၇၆)၊ ပုသိမ်ကြီးမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းလုံ(ခ)ဦးအိုက်လုံ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်းထွဋ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၅ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ် တရားမဓာရီမှုအမှတ်-၂၂

ဦးစိုင်းလုံ(ခ)ဦးအိုက်လုံ **နှင့်** ဦးလှကြည်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးတင်ဝင်းထွဋ်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးလှကြည် ဒုအရာခံဗိုလ် (ကိုယ်ပိုင်အမှတ်-၁၀၀၉၄၀)၊ ခလရ(၄)၊ ပုသိမ်ကြီးမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၂ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းလုံ(ခ)ဦးအိုက်လုံ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်းထွဋ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၅ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဓာရီမှုအမှတ်-၂၃

ဒေါ်လီလီမြင့် **နှင့်** ဦးမောင်ဉာဏ်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးတင်ဝင်းထွဋ်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးမောင်ဉာဏ်၊ ဒုတပ်ကြပ် (ကိုယ်ပိုင်အမှတ်-၂၆၇၀၅၃)၊ ခလရ(၉၅)၊ အောင်မြေသာစံမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၃တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်လီလီမြင့်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်းထွဋ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၅ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

မှုခင်းသတင်းနှင့်ကြော်ငြာ

ပင်းတယမြို့၌ လေပြင်းတိုက်ခတ်

ပင်းတယ ဒီဇင်ဘာ ၁၆

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ကူးကော်ကျေးရွာအုပ်စု ကူးကော်ကျေးရွာ၊ ဝါးပြားကျေးရွာ၊ စံသီးကုန်းကျေးရွာနှင့် ဒရယ်အင်းကျေးရွာများတွင် လေပြင်းတိုက်ခတ်ခဲ့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကူးကော်ကျေးရွာတွင် နေအိမ်သွပ်မိုး/အုတ်ကာ ၁၃ လုံး၊ သွပ်မိုး/ထရံကာ ၁၂ လုံး၊ သက်ငယ်မိုး၊ ထရံကာတစ်လုံးတို့မှ သုံးလုံးပြိုကျပြီး အချို့မှာ အမိုးများလန်သွားခြင်း၊ ဝါးပြားကျေးရွာတွင် နေအိမ်သွပ်မိုး/အုတ်ကာငါးလုံး၊ သွပ်မိုး/ထရံကာ ရှစ်လုံးတို့မှ နှစ်လုံးပြိုကျပြီး အမိုးများလန်သွားခြင်း၊ စံသီးကုန်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် ဇရပ်များ၊ ခေါင်မိုးတစ်ခြမ်းလန်သွားခြင်း၊ ဒရယ်အင်းကျေးရွာတွင် နေအိမ်သွပ်မိုး/ထရံကာ နှစ်လုံးမှာ သွပ်လန်သွားခဲ့ပြီး စုစုပေါင်း နေအိမ်ငါးလုံးပြိုကျပြီး ၃၆ လုံးတို့မှာ သွပ်လန်ပျက်စီးခဲ့၍ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၁၀၅၀၀၀၀ခန့် ဖြစ်ကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ထီးချိုင့် ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အမှတ်(၄)ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်းပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ထီးချိုင့် ရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်သောင်းထိုက်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ထီးချိုင့်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ကိုယ့်မင်းကိုယ့်ချင်းလမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ကျော်စွာဝင်း မောင်းနှင်ပြီး ဇော်ထွန်းနောက်မှစီးနင်းလာသော ရင်ဇင်းဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ကျော်စွာဝင်း ဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀ နှင့် နိုကီရာစာတန်းပါ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရော ၁၆၅၀၀၀ တို့ကို ရှာဖွေတွေ့ရှိသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ ကျောင်စွာဝင်း (၃၀နှစ်) သာဂရကျေးရွာ ကသာမြို့နယ်နေသူနှင့် ဇော်ထွန်း (၃၁နှစ်) ကျောင်း လမ်းရွာ ထီးချိုင့်မြို့နယ်နေသူတို့အား ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

တရားမဝင်ဓားမြှောင်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၆

မင်းလှမြို့နယ် မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၀ ရက် ည ၁၀ နာရီက သက်သေများနှင့်အတူ မလွန်ဇာတ်ရုံအဝင်ဝတွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် မင်းဘူးမြို့နယ် ပက်ပယ်ကျေးရွာနေသူ ဝင်းဇော်ဦး (၃၄ နှစ်)၏ လွယ်အိတ်အတွင်းမှ အရိုး အသွား ၁၂ လက်မခန့် ဓားအိမ်ပါ ဓားမြှောင်တစ်ချောင်းကိုတွေ့ရှိရသဖြင့် တရားမဝင် ဓားမြှောင်ကိုင်ဆောင်သူ ဝင်းဇော်ဦးကို မင်းလှမြို့မရဲစခန်းက လည်းကောင်း၊ ည ၁၀ နာရီခန့်တွင် မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာနေ ထက်ထက်ဇော် (၂၅ နှစ်)၏ လွယ်အိတ်အတွင်းမှ အရိုးအသွား ၁၁ လက်မခွဲခန့် ဓားအိမ်ပါဓားမြှောင် တစ်ချောင်းကို တွေ့ရှိရသဖြင့် တရားမဝင်ဓားမြှောင်ကိုင်ဆောင်သူ ထက်ထက်ဇော်အား မင်းလှမြို့နယ် မင်းလှမြို့မရဲစခန်းကလည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မင်္ဂလာဆောင်တွင် ထမင်းစားရင်း ရုတ်တရက်လဲကျသေဆုံး

ကန့်ဘလူ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အင်းလယ်ကြီးကျေးရွာတွင် ဒီဇင်ဘာ ၁၂ ရက်က မင်္ဂလာဆောင်၌ ထမင်းစားရင်း ရုတ်တရက် လဲကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲအုပ်စိုးမြင့်သည် ထန်းကုန်းရဲကင်းစခန်းတွင် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် အင်းလယ်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဖိုးကြူ၏ သတင်းပေးချက်အရ ကျေးပင်အက်ကျေးရွာနေ ဦးမင်းဇော်(၅၁နှစ်)သည် အင်းလယ်ကြီးကျေးရွာ ကိုလေးဦး၏ မင်္ဂလာဆောင်တွင် ထမင်းစားရင်းရုတ်တရက်လဲကျ သေဆုံးသွားကြောင်း တယ်လီဖုန်းဖြင့် သတင်းပေးချက်အရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဦးမင်းဇော်မှာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရဘဲ သေဆုံးနေသည်ကိုတွေ့ရသဖြင့် သေဆုံးသူမှာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးပေးရန် တိုင်တန်းသောကြောင့် အမှုစစ်ရဲအုပ် စိုးမြင့် ထန်းကုန်း ရဲကင်းစခန်း စခန်းမှူးသည် အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ တရားလိုသက်သေများစစ်ဆေးခြင်း၊သေဆုံးသူ၏အလောင်းကို ဆေးစာဖြင့် ကန့်ဘလူဆေးရုံသို့ ပို့အပ်ထင်မြင်ချက် တောင်းခံခြင်းတို့ ပြုလုပ်ပြီး ဇီးကုန်းရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်တွင် ဘိန်းစိမ်း ၃ ဒသမ ၂ ကီလိုဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ် အမှတ်(၂၅) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(တောင်ကြီး)မှတပ်ဖွဲ့ဝင်များနှင့် ဟိုပုံးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက သက်သေများနှင့်အတူ ဟိုပုံးမြို့နယ် ကျူမုန်ရွာနေ စိုင်းငို(၄၂နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အောက်ထပ် ပြောင်းဖူးအိတ်များကြားရှိ Rose Detergent Power တံဆိပ်ပါ ဖြူ/နီ ဆာလာအိတ်အတွင်းမှ အနက်ရောင် ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းစိမ်း အလေးချိန် ၁ ဒသမ ၄ ကီလိုခန့်ပါ တစ်ထုပ်၊ တစ်ကီလိုခန့်ပါတစ်ထုပ်၊ ၀ ဒသမ ၈ ကီလိုခန့်ပါ တစ်ထုပ် စုစုပေါင်း သုံးထုပ် အလေးချိန် ၃ ဒသမ ၂ ကီလိုနှင့် တန်ဖိုးငွေကျပ် ၂၀၈၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းငိုကို ဟိုပုံးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ) ကိုရဲ**

ကျေးရွာအတွင်း မူးယစ်ဆဲဆိုသူအရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာနေ ထွန်းရွှေ (၆၃ နှစ်) သည် ကျေးရွာအတွင်း အမြဲတစေ သောက်စားမူးယစ်ခြင်း၊ ဆဲဆို ကြိမ်းမောင်းခြင်း၊ ကျေးရွာနေသူများအား မကြာခဏဆဲဆိုစိန်ခေါ်နေခြင်းများ ပြုလုပ်သောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးက အကြိမ်ကြိမ်ခေါ်ယူသတိပေးသော်လည်း နာခံမှုမရှိခြင်း၊ ကျေးရွာနေသူများအား တစ်နည်းနည်းဖြင့် အန္တရာယ်ပြုနိုင်ပြီး ပြင်ပတွင် လွတ်လပ်စွာထားရှိပါက ရပ်ကွက်အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေနိုင်ခြင်းတို့ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့၏ အဆင့်ဆင့်ညွှန်ကြားချက်များအရ ဒီဇင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ချင်းရွှေဟော်မြို့နယ်တွင် ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ် အမှတ် (၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(လောက်ကိုင်)မှတပ်ဖွဲ့ဝင်များနှင့် ချင်းရွှေဟော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီက သက်သေများနှင့်အတူ တုံချိန်နယ်မြေရဲစခန်း မယ(ပ) ၁၃/၂၀၁၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)အမှုမှ လီလောက်အဲလ်၏ လိုက်လံပြသချက်အရ ကွင်းဆက် ပြစ်မှုကျူးလွန်သူဖြစ်သူ ချင်းရွှေဟော်မြို့ ရပ်ကွက်(၁) ညီနောင်တံတားအနီး နမ့်တစ်လမ်းသွယ်နေ ဒေါ်ရှောက်ဖန်း (၅၉နှစ်) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေခဲ့ရာ အိပ်ခန်းခုတင်အောက်မှ Yili Follow -Up Milk Power စာတန်းပါ နို့မှုန့်ဘူးခွံအတွင်းမှ ဘိန်းဖြူတစ်ဂရမ်စီပါ ချိတုန်ဆန်ပုလင်း သုံးပုလင်း စုစုပေါင်းအလေးချိန် သုံးဂရမ်နှင့် တန်ဖိုးငွေကျပ် ၆၀၀၀၀၊ ခုတင်ခြေရင်းရှိ ဖိနပ်စင်ဘေးမှ Dumex စာတန်းပါ နို့မှုန့်ဘူးခွံအတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော A 1 တံဆိပ်ပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၂ ထုပ်၊ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ နှစ်ထုပ်၊ ဆေးပြား ၁၉၀ ပါတစ်ထုပ် စုစုပေါင်းဆေးပြား ၂၉၉၀ နှင့် တန်ဖိုးငွေကျပ် ၄၄၈၅၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ရှောက်ဖန်အား ချင်းရွှေဟော်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄ နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၄

ဒေါ်လီလီမြင့် နှင့် ဦးမြတ်ကျော်
(၄င်း၏အခွင့်ရကိုယ်စားလှယ်
ဦးတင်ဝင်းထွဋ်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးမြတ်ကျော် ဒုတပ်ကြပ် (ကိုယ်ပိုင်အမှတ်-၂၆၈၂၄၁)၊ ခလရ(၉၅)၊ အောင်မြေသာစံမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်လီလီမြင့် (၄င်း၏ကိုယ်စားလှယ် ဦးတင်ဝင်းထွဋ်) ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ် စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၅ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆ နှင့်ဆက်သွယ်သည့် ၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၂၆

ဒေါ်လီလီမြင့် နှင့် ဦးလှထွန်း
(၄င်း၏အခွင့်ရကိုယ်စားလှယ်
ဦးတင်ဝင်းထွဋ်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးလှထွန်း တပ်သား(ကိုယ်ပိုင်အမှတ်-၃၁၀၆၂၁)၊ ခလရ(၉၅)၊ အောင်မြေသာစံမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်လီလီမြင့် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်းထွဋ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ ရက် (၁၃၇၅ ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅ နှင့်ဆက်သွယ်သည့် ၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၅

ဒေါ်လီလီမြင့် နှင့် ဦးအောင်ခ
(၄င်း၏အခွင့်ရကိုယ်စားလှယ်
ဦးတင်ဝင်းထွဋ်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးအောင်ခ တပ်ကြပ်ကြီး(ကိုယ်ပိုင်အမှတ်-၂၉၉၄၅၄)၊ ခလရ(၉၅)၊ အောင်မြေသာစံမြို့နယ်နေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်လီလီမြင့်(၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးတင်ဝင်းထွဋ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၅ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

နယ်သတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံသွေးလှူရှင်များနေ့ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လူမှုကူညီစောင့်ရှောက်ရေးအသင်း သွေးလှူရှင်လုပ်ငန်းကော်မတီ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နှလုံးလှုပိုင်ရှင်လူမှုရေးအသင်းတို့ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသွေးလှူရှင်များနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူးဦးထူးလွင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တွဲဖက်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းကျော်က သွေးလှူဒါန်းခြင်းဆိုင်ရာ အကြောင်းကို အသိပညာပေးဟောပြောခဲ့ကာ ကျိုင်းတုံမြို့နယ် လူမှုကူညီစောင့်ရှောက်ရေးအသင်း သွေးလှူရှင်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်က မြန်မာနိုင်ငံသွေးလှူရှင်များနေ့ အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းတင်ပြခဲ့ပြီး နှလုံးလှုပိုင်ရှင်လူမှုရေးအသင်းဥက္ကဋ္ဌ ဦးကျော်သူအောင်က သွေးလှူဒါန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစတီဗင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ၊ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူးဦးထူးလွင်နှင့် တာဝန်ရှိသူများက ၂၀၁၃ ခုနှစ်အတွင်း ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်၍ သွေးလှူဒါန်းပေးခဲ့ကြသည့် အကြိမ် (၂၀)နှင့်အထက် သွေးလှူရှင် ၈ဦးတို့အား သွေးလှူရှင်ရင်ထိုးတံဆိပ်များနှင့် ဂုဏ်ပြုလက်ဆောင်များကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ဒီဇင်ဘာ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲ ရွှေကူမြို့၌ ကျင်းပ

ရွှေကူ ဒီဇင်ဘာ ၁၆

ကချင်ပြည်နယ် ရွှေကူမြို့နယ်၏ ဒီဇင်ဘာလူထုအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက် ၅နာရီခွဲကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ် (၄)ရပ်ကွက်မှ ဒေသခံပြည်သူများ စုစုပေါင်း ၁၆၀၀ခန့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအရှေ့မှ မြို့ပတ် လမ်းလျှောက်ဆင်နွှဲကြပြီး ပြည်သူ့အားကစားပြိုင်ပွဲကွင်းကြီးအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်နေ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများ မွေးမြူရေးဆိတ်များ အတိုးမဲ့အကြွေးစနစ်ဖြင့်ဖြန့်ဝေ

မြိုင် ဒီဇင်ဘာ ၁၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပြည်ရွှေဘိုဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ပြီး ကျေးလက်နေ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများအားဆိတ်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက မြိုင်မြို့နယ် လင်းကတောကျေးရွာလင်းစေတနာအဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ ပခုက္ကူခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦး၊ မြို့နယ်ဦးစီးမှူးဒေါက်တာသောင်းစိန်၊ ကုမ္ပဏီတာဝန်ခံ ဦးစိုးမင်းမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မွေး/ရေ ကျေးလက်လူငယ်များနှင့် ဆိတ်မွေးကြမည့် ကျေးရွာသူကျေးရွာသားများ စုစုပေါင်း ၅၇ဦးတက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဆိတ်မွေးမြူရေးအစုအဖွဲ့ ငါးဖွဲ့၊ အဖွဲ့ဝင် ၂၆ဦးတို့အား ဆိတ်ထီး ၂၆ကောင်၊ ဆိတ်မတမ်း ၁၁၄ကောင် စုစုပေါင်း ကောင်ရေ၁၄၀ကိုပေးအပ်ပြီး ဆိတ်တန်ဖိုးငွေကို တစ်နှစ်ဆိုင်း အတိုးမဲ့အကြွေးစနစ်ဖြင့် ဖြန့်ဖြူးခြင်းဖြစ်ကြောင်း၊တစ်နှစ်ပြည့်ချိန်တွင်တန်ဖိုးငွေဖြစ်စေ၊ အရင်းဆိတ်ဖြစ်စေ ပြန်လည်စုဆောင်းပြီး ထပ်မံမွေးမြူလိုသူများအား ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူမှုနည်းစနစ်နှင့်ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများကလည်း အလုပ်အကိုင်အခွင့်အလမ်းတိုးပွား၍ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အထောက်အပံ့ရရှိသဖြင့် ကျေနပ်ဝမ်းသာနေကြကြောင်း သိရသည်။ **(၁၃၅)**

အောက်ဆီဂျင်စက်ပေးအပ်လှူဒါန်းပွဲ ကျိုင်းတုံမြို့နယ်၌ ကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ အမှတ်(၃) တပ်မတော်ဆေးရုံ ခုတင်(၃၀၀)သို့ ငွေကျပ်ကိုးသိန်းတန် အောင်ဆီဂျင်စက်ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ ရက်ညနေ၃နာရီက အဆိုပါဆေးရုံပြင်ပလူနာဌာနဧည့်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အလှူရှင်များကိုယ်စား ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက အောက်ဆီဂျင်စက်ကိုပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ဝဲပုံ)

ဆက်လက်၍ အမှတ်(၃)တပ်မတော်ဆေးရုံ ခုတင်(၃၀၀)မှ တပ်မှူး ဗိုလ်မှူးကြီးသိန်းဇော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးက အလှူရှင်များနှင့် တက်ရောက်လာကြသူများကို ရင်းနှီးစွာတွေ့ဆုံကြကြောင်း သိရသည်။

မောင်မောင်နိုင် (iprd)

ရင်ပြင်တော် ဈေးသူဈေးသားများ စုပေါင်းစတုဒိသာအလှူပွဲ ကျိုက်ထိုမြို့၌ကျင်းပ

ကျိုက်ထို ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ရင်ပြင်တော်ဈေးသူဈေးသားများအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်၍ စုပေါင်းလှူဒါန်းသော စတုဒိသာအလှူပွဲကို ရင်ပြင်တော်ပေါ်ရှိ ရှုခင်းသာနေရာ၌ ဒီဇင်ဘာ၁၄ ရက်နံနက် ၈ နာရီက ကျင်းပလှူဒါန်းကြသည်။

ယင်းအလှူပွဲတွင် ဘုရားဖူးပရိသတ်များအား ရေခဲမုန့်များကျွေးမွေးခြင်းအဓိကဆောင်ရွက်ကြသည်။ ရေသန့်ဘူး၊စနိုးတာဝါ၊ အချိုရည်ဘူးများ၊ အချိုရည်ပုလင်းများလည်း ဖြည့်တင်းလှူဒါန်းကြသည်။ ရေခဲမုန့်ခွက် ၁၀၀၀ပါ ရေခဲစည် ၂၀၊ ရေသန့် ၁၂ဘူးပါ ကတ် ၁၀၀၀၀၊ စနိုးတာဝါ ငါးဖာ၊ အချိုရည်ပုလင်း ငါးသောင်းတို့ကို ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ တက်ရောက်ဖူးမြော်ကြသောဘုရားဖူးပရိသတ် ၁၅၀၀၀၀ ခန့်ကို လှူဒါန်းပေးဝေနိုင်ကြောင်း သိရသည်။

(၅၃၇)

အမျိုးသမီးများ အကြမ်းဖက်ခံရမှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲ တာမွေ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

တာမွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရုံးခန်းမတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေတို့ကြီးမှူးကျင်းပသည့် အမျိုးသမီးများအကြမ်းဖက်ခံရမှု ကာကွယ်ရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ၈ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေက အခမ်းအနား ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲမှူးခင်မောင်မြကမှုခင်းကျဆင်းရေး အသိပညာပေးခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှလှမြင့်က မိခင်ဖြစ်မည့် သမီးငယ်များကို ကာကွယ်ပါ ခေါင်းစဉ်ဖြင့် ဟောပြောခြင်းများ ဆောင်ရွက်ကြသည်။**(ဝဲပုံ)**

ဖြန့်ဝေ

အဆိုပါ အသိပညာပေး အခမ်းအနားသို့အင်အား၁၅၀တက်ရောက်ပြီး မြို့နယ်ရဲစခန်းမှ မှုခင်းကျဆင်းရေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြကြောင်းသိရသည်။ **လှလှ**

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်၊ ထန်းတပင်(၆)လမ်း၊ အမှတ် (၂၀၉၇)နေ
ဦးမြင့်သိန်း-ဒေါ်တိုးတိုးတို့၏သား
မောင်ဟိန်းထက်အောင်
B.Sc (I.C)
နှင့်
ချောက်မြို့၊ ဗဟိုကွက်သစ်ရပ်၊ ဦးရွှေလူလမ်း၊ အမှတ် (၂၁၁)နေ
ဦးပေါ်သိုက်ထွန်း-ဒေါ်ခင်ရီမြင့်တို့၏သမီး
မအိအိထွန်း
B.Sc (I.C)
Post Graduated Diploma in I.C (Food Technology) Y.U

တို့သည် ၈-၁၂-၂၀၁၃ရက်တွင် ချောက်မြို့နေအိမ်၌ နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမိဘများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၅၇၈၅ Yamaha DT.125R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်အောင် ၉/ရမသ(နိုင်)၀၈၉၉၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၉၆၀၅ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းထွန်း ၉/မရတ(နိုင်)၁၁၃၁၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် U9၊ လူနေရပ်ကွက်အမှတ်၄၈၊ မြေကွက်အမှတ်၄၄၈၊ဧရိယာအကျယ်အဝန်း ပေ(၆၀×၈၀)ရှိ အရပ်အခေါ်အားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်၄၄၈ဟု ခေါ်တွင်သော မြေချပါမစ်အမျိုးအစားမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပါမစ်အမည်ပေါက်သူ ဗိုလ်ကြီးဝင်းနိုင် ၁၂/ဒဂန(နိုင်) ၀၁၉၃၉၄ထံမှ စာချုပ်စာတမ်းများဖြင့် အဆင့်ဆင့်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟဝန်ခံ ကတိပြုသူ ဒေါ်မို့မို့ရွှေ ၈/မလန(နိုင်)၀၄၅၅၁၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းများယူဆောင်၍ တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနိုင်လင်းထွန်း LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၇)
ဒေါ်ဖြူဖြူလှိုင် LL.B, LL.M
အထက်တန်းရှေ့နေ (စဉ်-၂၅၈၀၈)
ဦးဇော်ဝင်းနိုင် LL.B အထက်တန်းရှေ့နေ(စဉ်-၃၅၃၁၆)
ဦးမန်ရှင်းဆန် LL.B အထက်တန်းရှေ့နေ(စဉ်-၃၇၇၇၃)

Triple T Legal Firm
အမှတ် ၈၃၊ အခန်း(၁၄-အေ)၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတား
မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၂၉၂၇၊
၀၉-၅၄၀၃၁၂၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၅

ဒေါ်ခင်စန်းဝင်း **နှင့်** ဗိုလ်ကြီးအောင်မိုးကြိုင်(ငြိမ်း)
တရားလို **တရားပြိုင်**

မိုးကုတ်မြို့၊ ပိတ်စွယ်ဘုန်းကြီးကျောင်းအနီး၊ အမှတ် ၅(က)/၅၈(ခ)(ယခုနေရပ်လိပ်စာမသိ)နေ ဗိုလ်ကြီးအောင်မိုးကြိုင်(ငြိမ်း) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဒေါ်ခင်စန်းဝင်းက အတိုးမဲ့ချေးငွေကျပ် ကိုးသိန်းရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၄ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန္ဒာသိန်း)
ဒုတိယမြို့နယ်တရားသူကြီး
ဇမ္ဗူသီရိမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး(၁)ရပ်ကွက်၊ ကွင်းအမှတ်(၁၁၉၀)၊ ကွင်းအမည် တော်ခရာကွင်း၊ ဦးပိုင်အမှတ်(၃၊၅)၊ ဧရိယာ ၇ ဒသမ ၀၁ ဧကအနက်မှ ၅ ဒသမ ၀၁ ဧကရှိလယ်မြေကို ဦးအောင်လင်းထွန်း ၁၂/ဒဂတ(နိုင်)၀၅၈၂၂၄က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်၍စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ (စဉ်-၂၈၆၄၁) (LL.B, D.B.L)
ဒေါ်ခင်မာနွယ် (စဉ်-၃၁၀၇၀) (LL.B, D.B.L)
ဒေါ်ဟန်သီစိုး (စဉ်-၃၉၄၄၇) (LL.B,IDCS,IADCS)

အထက်တန်းရှေ့နေများ
အမှတ် ၁၃၆/၁၃၈၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၀၂၂၁၂၊ ၀၉-၄၃၁၆၇၂၉၆

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့
အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၃ခုနှစ် နိုဝင်ဘာလသုံးစွဲကာလ** အတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ် ပြည်နယ်/ တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက်
၁။ နေပြည်တော်၊ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်)	Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite	(၂၇-၁၂-၂၀၁၃)
၂။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite	(၃-၁-၂၀၁၄)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့သင်တန်း အောင်မြင်ကြသူများအတွက် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်	- ၂၅-၁-၂၀၁၄ ရက် (စနေနေ့)
ကျင်းပမည့်နေရာ	- ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်)
ကျင်းပမည့်အချိန်	- နံနက် ၉ နာရီ
ဘွဲ့နှင်းသဘင်ကြေး	- ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	- ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်၊ အချိန်	- ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့) ၁၀ နာရီ
လျှောက်လွှာလက်ခံမည့်ရက်	- ၁၇-၁၂-၂၀၁၃ ရက်မှ ၂၇-၁၂-၂၀၁၃ ရက်အထိ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရန်

(၁) ခြောက်လအတွင်းရိုက်ကူးထားသော (၂×၁½)လက်မဓာတ်ပုံသုံးပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူကို လျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။
(၂) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှားဘာသာ)ဖြင့် အောင်မြင်ကြသူများ
(၃) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ ရုရှား၊ ထိုင်းဘာသာ)ဖြင့် အောင်မြင်ကြသူများ
(၄) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဒီပလိုမာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ ရုရှား၊ ထိုင်းဘာသာ)ဖြင့် အောင်မြင်ကြသူများ
(၅) ယခင်ပညာသင်နှစ်များမှ ဘွဲ့လျှောက်ထားခြင်း မရှိခဲ့ဖူးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
(၆) ဘွဲ့ဝတ်စုံငှားရန်ထောက်ခံစာကို ၂၁-၁-၂၀၁၄ ရက်မှစ၍ ၂၃-၁-၂၀၁၄ ရက်အထိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံ ငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)
(၇) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးပါမည်။
(၈) ဘွဲ့တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံအပြည့် (ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။
(၉) အသေးစိတ်ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

စန်းယုမေ
မော်ကွန်းထိန်း

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉၃ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၉

ဦးဆွေဦး **တရားနိုင်** နှင့် ဦးသောင်းအေး **တရားရှုံး**

ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဗိုလ်ချုပ် ၁ လမ်း၊ အမှတ် ၁၃၈၇ နေ တရားရှုံး ဦးသောင်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၉၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက် (၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် Ph.D(IT) ဘွဲ့သင်တန်း၊ M.C.Sc./M.C.Tech. ဘွဲ့သင်တန်း၊ B.C.Sc.(Hons:)/B.C.Tech. (Hons:) ဘွဲ့သင်တန်းနှင့် B.C.Sc./ B.C.Tech. ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ၇-၂-၂၀၁၄ရက် (သောကြာနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၈-၂-၂၀၁၄ရက် (စနေနေ့)တွင် ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။
၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်းရိုက်ကူးထားသော၂"×၁½"အရွယ်ဓာတ်ပုံ သုံးပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။
၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။
၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။
၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၆၁၀၈၈၉ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒေါက်တာအေးအေးသင်း
မော်ကွန်းထိန်းအဆင့်(၁)
စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

အောင်ဆန်း (၁၀)မိသားစုတွေပြန်ဆုံကြမယ်

ဖောင်ကြီး၊ အောင်ဆန်း (၁၀)မိသားစု စတုတ္ထအကြိမ် တွေ့ဆုံပွဲနှင့် ညစာစားပွဲကို ၅-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီ ပန်ဒါစားတော်ဆက် (ပန်ဒါဟိုတယ်)မှာ ကျင်းပမည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

အောင်ဆန်း (၁၀)မိသားစု (ရန်ကုန်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၈၃

ဦးမြင့်ဆွေ (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ကေစာရီ) **နှင့်**
၁။ ဦးသိန်းဖေ
၁၉/ခ၊ ကျောင်းစုကန်လမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
၂။ ဦးကျင်စိန်
၃။ ဦးစောနိုင်
၄။ ဦးထွန်းမြင့်သိန်း
၅။ ဒေါ်သန်းသန်းအေး
အမှတ် ၈၈၀၊ အောင်မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
၆။ ဦးကျင်အောင်
၇။ ဦးကျင်ပေါ်(ခ)ဦးခူချင်ပို
အမှတ် ၃၄၈၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော(၁) ဦးသိန်းဖေ၊ (၂)ဦးကျင်စိန်၊ (၃)ဦးစောနိုင်၊ (၄)ဦးထွန်းမြင့်သိန်း၊ (၅)ဒေါ်သန်းသန်းအေး၊ (၆)ဦးကျင်အောင်၊ (၇)ဦးကျင်ပေါ်(ခ)ဦးခူချင်ပို (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမြင့်ဆွေ (၄င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ကေစာရီ)က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လွဲ့လွဲ့အေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ရုံးဒေါင့် အထက
ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ

၁၉၇၀မှ ၁၉၈၈အထိ ရုံးဒေါင့်အလက၊ အထကတွင် ပညာသင်ကြားပေးခဲ့သော အသက် (၅၈)နှစ်ပြည့် ဆရာကြီး ဆရာမကြီးများအား ၂၇-၁၂-၂၀၁၃ရက်၌ ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရောက် ဆရာကြီး ဆရာမကြီးများနှင့် တပည့်ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။
ကိုကျော်ဆန်းထူး ဖုန်း-၀၉-၈၅၉၆၂၅၃ (ရုံးဒေါင့်)
ကိုအောင်ဆန်းဦး ဖုန်း-၀၉-၄၉၇၂၆၄၇၁ (ရုံးဒေါင့်)
ကိုနေလင်းအောင် ဖုန်း-၀၉-၃၁၈၈၁၉၈၀ (ရန်ကုန်)

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

သန်လျင် အထက(၁) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

သန်လျင်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီး ၁၃၁ ဦးတို့အား (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်(စနေနေ့)နံနက် ၈ နာရီတွင် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ပူဇော်ပွဲကျင်းပရေးနာယက ဦးတင်ဝင်း ဖုန်း-၀၅၆-၂၁၃၃၇၊ ဥက္ကဋ္ဌ ဒေါက်တာဦးဝင်း ဖုန်း-၀၅၆-၂၂၅၄၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးအောင်သန်းဦး ဖုန်း-၀၉-၈၆၂၆၀၀၉၊ ဦးစိန်လွင် ဖုန်း-၂၉၅၁၂၇၀၅၉၊ အတွင်းရေးမှူး ဦးမောင်မောင်တိုး ဖုန်း-၀၉-၅၀၁၁၇၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

အကြိမ်(၂၀)မြောက် ရက်(၆၀)တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်ရိပ်သာရပ်ကွက် မောင်းထောင်မြေဇင်းတောရတိုက်ခွဲ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော် အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရက်(၆၀)တရားစခန်းကို (၁၃၇၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်) ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများသည် ကြိုတင်စာရင်းပေးကာ ထိုနေ့ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။ **မှတ်ချက်- ယောဂီဟောင်းများလည်း ပြန်လည်လက်ခံသည်။**

ဆက်သွယ်ရန်-
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၂၉၁၅၃၊ ၀၉-၇၃၀၃၅၇၅၇၊ ၀၉-၂၀၃၃၃၄၄၊ ၀၉-၄၂၁၀၅၂၄၂၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၃၈၈၃ Toyota Crown S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာထွန်း ၁၂/သလန(နိုင်)၀၁၁၄၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ သခင်အုန်းဖေကြီးလမ်း၊ မြေကွက်အမှတ်(၁၀၅၄)
အမည်ပေါက် ဒေါ်ခင်သိန်း(PLE-၀၀၂၂၉၉) မြေကွက်နှင့်ပတ်သက်၍
ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ညိုမြင့် ၁၂/ကခက(နိုင်)၀၆၄၆၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ
စာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၆၁၅၇

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ နန်းယဉ်လမ်း၊ အိမ်အမှတ် ၈၈၁ (အလျားပေ ၆၀×အနံပေ ၄၀)ရှိမြေနှင့် အိမ်အား အိမ်ဂရန်အမည်ပေါက်ပိုင်ရှင် ဦးလှအောင် EMDY-၃၂၂၇၂၉ထံမှ ၃၁-၅-၂၀၁၁ ရက်တွင် ချုပ်ဆိုသော စာချုပ်အရ တရားဝင်လက်ရောက်ပိုင်ဆိုင်နေထိုင်သူဖြစ်သော ဦးတိုးအောင်(ဘ)ဦးအောင်ကြီး ၁၂/တမန(နိုင်) ၀၄၇၉၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ (တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း(အထက်တန်းရှေ့နေ)၊ လိုင်စင်အမှတ်-၂၅၁၃၄
အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၇၈၂၆၅၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ပညာလမ်း၊ မြေကွက်အမှတ် (၉၂၇)၊ (အလျား ၄၅ပေ×အနံပေ ၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း(အလျားပေ ၂၀×အနံပေ ၆၀)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဦးအောင်ကြီး ၁၂/အစန(နိုင်)၀၃၇၀၉၁ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များအရ ဝယ်ယူ၍ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်အောင်စော ၁၁/အစန(နိုင်)၀၆၃၃၂၀ထံမှ ကျွန်မ မစမ်းစိမ့်စိမ့်စိုး ၁၂/မဂတ(နိုင်)၀၈၁၅၁၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ပေ(၂၀×၆၀)မြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများယူဆောင်၍ ကျွန်မထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့်အိမ်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စမ်းစိမ့်စိမ့်စိုး
အမှတ် (၁၆၆)၊ မေယု (၆)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၇၃၁၀၁၃၁

 လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

EMBA မိသားစု မြတ်ဆရာပူဇော်ပွဲ

မြတ်ဆရာတို့၏ ကျေးဇူးတရားများကို အစဉ်သတိရသောအားဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော EMBA မိသားစု မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့ရှိ Sedona Hotel ၌ ၂၂-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/သူများအားလုံး ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ဖျာပုံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

ဖျာပုံမြို့၊ အထက (၁) ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အထက (၁) အောင်မြေခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများခင်ဗျာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖြင့် အသိပေးနိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ဆက်သွယ်ရန်-

၁။ ဦးခင်ဦး	ဖုန်း-၀၉-၇၃၀၁၃၈၄၈ (ရန်ကုန်)
၂။ ဦးကျော်ဆန်းနိုင်	ဖုန်း-၀၉-၅၀၂၆၈၃၃ (ရန်ကုန်)
၃။ ကိုမျိုးဝင်းနိုင် (ခ) ကိုဝီချိုင်း (ဂျိုးကြာလျှပ်စစ်)	ဖုန်း-၀၉-၄၂၂၄၇၈၈၉၉ (ဖျာပုံ)
၄။ ကိုဇော်ဇော်လင်း (ငွေကျားမင်းတည်းခိုရိပ်သာ)	ဖုန်း-၀၉-၄၅၀၀၅၀၉၃၃ (ဖျာပုံ)

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘောလခဲမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁

မနွေးနွေးလှိုင် **နှင့်** မောင်ကျော်သူ
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ မြို့မကျေးရွာနေ တရားပြိုင် မောင်ကျော်သူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနွေးနွေးလှိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် (၁၃၇၅ ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်သိန်းဦး)
မြို့နယ်တရားသူကြီး
ဘောလခဲမြို့နယ်တရားရုံး

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာမွေမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၈

ဒေါ်ဖာတမာဘီ (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်သန်းသန်းစိန်)	**နှင့်**	၁။ ဒေါ်လှကြည် ၂။ ဒေါ်သိန်းတင် ၃။ အပ်ဒူခါလိတ်	၄။ ဒေါ်စောတင် ၅။ ဒေါ်ကြည်
တရားလို		**တရားပြိုင်များ**	

တာမွေမြို့နယ်၊ ၁၅၆ လမ်း၊ အမှတ် ၂၆ နေ (၁-တရားပြိုင်) ဒေါ်လှကြည်၊ (၃-တရားပြိုင်) အပ်ဒူခါလိတ်၊ (၄-တရားပြိုင်)၊ ဒေါ်စောတင်(ယခုနေရပ်လိပ်စာမသိ)တို့နှင့် တာမွေမြို့နယ်၊ ၁၅၇လမ်း၊ အမှတ် ၇၂နေ (၂-တရားပြိုင်) ဒေါ်သိန်းတင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့ပေါ်၌ တရားလိုက တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် 3A၊ မြေကွက်အမှတ် ၉၇၊ အနံ၂၅ပေ×အလျားပေ ၅၀ပေရှိ အမှတ် (၂၆/က)မြေနှင့် မြေပေါ်ရှိ သွပ်မိုးပျဉ်ကာ နှစ်ထပ်အိမ်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၅ ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်ဝယ် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းစန်းဌေး)
တွဲဖက်မြို့နယ်တရားသူကြီး (၂)၊ တာမွေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

အမှတ် (၇+D)၊ အခန်းအမှတ် ၁၀၃၊ ပထမထပ်၊ ၈၀၀ စတုရန်းပေ၊ ပါရမီကွန်ဒိုမီဒီယမ်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကွန်ဒိုတိုက်ခန်းခေါ်တွင်သော အမည်ပေါက် ဒေါ်သန်းသန်းခိုင် ၁၂/မရက(နိုင်)၀၀၇၀၆၃ တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်ကို ဒေါ်သက်သက်ဦး ၈/ခပန(နိုင်)၀၀၀၉၁၆ တို့မှ တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ဒေါ်ကြည်ကြည်လှိုင် ၁၂/ကမရ(နိုင်)၀၄၃၈၇၆ သည် အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဒေါ်ကြည်ကြည်လှိုင် ၁၂/ကမရ(နိုင်)၀၄၃၈၇၆၊ ဖုန်း-၀၉-၃၆၀၈၂၉၅၉**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၁၁၈၃ အမည်ပေါက် ဒေါ်ခင်မာနု ၁၂/ပဇတ(နိုင်)၀၀၈၉၅၃ ထံမှတစ်ဆင့် ဝယ်ယူထားသူ ဦးလှရွှေ DBN-၀၁၀၁၇၈သည် မြေချပါမစ်ရုံးခွဲမှတ်ပုံတင်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက် (၈၉)နှစ်

၈-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာအောင်မြင့်-ဒေါ်ခင်စောမူ
အောင် သွားရောဂါကုဆေးခန်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထန်ကျင့်ရွှေ
အသက် (၉၆)နှစ်

ဦးကျော်ဝေ (MD) Yadanar Young Chi Gem Co., Ltd. နှင့် ဦးမောင်မောင်ဦး (MD) Sampar Oo Industries Co., Ltd. တို့၏ချစ်လှစွာသော ကျေးဇူးရှင်မိခင် ဒေါ်ထန်ကျင့်ရွှေ အသက် (၉၆)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Ga Mone Pwint (GMP) Motors Co., Ltd.

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံးတော်၌
၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃

၁။ ဦးထွန်းအာကာဦး	**နှင့်**	၁။ ဦးကံကြီး
၂။ ဦးထူးဇာနည်ဦး		၂။ ဦးနိုင်လယီကောင်း
တရားလိုများ		**တရားပြိုင်များ**

အမှတ် ၁၂၇၊ ဝေဇယန္တာလမ်း၊ မိကျောင်းကန်အပိုင်း (၁)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ နိုင်လယီကောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ သဘောတူကတိစာချုပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး (၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကုတ်မြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဦးအုန်းလွင် **နှင့်** ဦးသာထွန်းအောင်
တရားလို **တရားပြိုင်**

တောင်ကုတ်မြို့၊ ချောင်းကောက်ရပ်ကွက်၊ သီရိမင်္ဂလာ ၁ လမ်း၊ အမှတ် ၂၇ နေ ဦးသာထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်၂၅သိန်းအား ယုံကြည်စွာဖြင့် ထုတ်ချေးလိုက်သောငွေအပေါ် ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါတရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မသိန်းလှိုင်)
ဒုတိယမြို့နယ်တရားသူကြီး၊ တောင်ကုတ်မြို့နယ်တရားရုံး၊ ရခိုင်ပြည်နယ်

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ မဟာစေတီ၊ သရက်တော (၁)လမ်း၊ အိမ်အမှတ် ၂၄၇၆ နေ ကျွန်တော်ဦးအောင်ဝင်း၏ဇနီး ဒေါ်ချို ၇/ပခန(နိုင်)၁၃၁၇၅၆သည် မိမိဆန္ဒအလျောက် ၆-၁၁-၂၀၁၃ရက်တွင် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးနှင့် လူမှုရေးကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်ဝင်း ၇/ပခန(နိုင်)၃၇၀၁၁၈

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရ တမ်းတကြေကွဲဝမ်းနည်းခြင်း

ဒေါ်ခင်ဝင်း B.A Ed, B.Ed
အထက်တန်းကျောင်းအုပ် (ငြိမ်း)
အထက (၆)အလုံ၊ ရန်ကုန်မြို့
အသက် (၈၃)နှစ်

၁၇-၁၂-၂၀၁၃ ရက်တွင် အမေ ခွဲခွာသွားတာ တစ်နှစ်ပြည့်သော်လည်း တစ်နေ့မှ မေ့မရဘဲ သတိရတမ်းတနေရပါတယ်။ ဥပါယာသကို ပြင်းစွာခံစားပြီး၊ လွမ်းနေရပါတယ်။ အမေ့အတွက်ရည်စူးပြီး လစဉ် ကုသိုလ်ကောင်းမှုပြုပါတယ်။ မန္တလေးမှာ အမေ့ကို ထားခဲ့ရတဲ့အတွက် တစ်သက်လုံး ကြေကွဲဝမ်းနည်းနေရပါတယ်။

ချစ်သမီး- ပါမောက္ခဒေါက်တာစန်းစန်းနွဲ့
ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စွာဝေဖြိုး (ကြည်း-၄၇၈၉၅)
စစ်တက္ကသိုလ်အမှတ်-၄၉

အမှတ် ၂၇၊ ဗိုလ်ချုပ်လမ်းစာတိုက်ရပ်ကွက်၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေ ဒေါက်တာခင်မောင်ဆွေ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်စန်းစန်းအေး (ကံ့ကော်ဆေးခန်း)တို့၏သားကြီး ဗိုလ်အောင်အောင်ဝေဖြိုး (DSMA)၊ ကောင်းထက်ဝေဖြိုး၊ အာကာဝေဖြိုးတို့၏အစ်ကိုကြီးသည် ၅-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် တိုင်းပြည်တာဝန်များကို ထမ်းဆောင်ရင်း အသက်စွန့်ပေးဆပ်သွားကြောင်း သိရှိရပါသဖြင့် မိသားစုကဲ့သို့ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးညိမ်းအေး-ဒေါက်တာဖြူဖြူလွင် မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

မခိုင်ဇင်ဆုဝေ
အသက် (၁၃)နှစ်

စာရေးဆရာဇင်သန့်၏မြေး မခိုင်ဇင်ဆုဝေသည် ၁၁-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဘိုးဘိုး - ဦးသိန်းလှိုင်
ဘိုးဘိုး - ဦးကြီးရင်
ဘွားဘွား - ဒေါ်ယဉ်ကြည်

(၅)နှစ်နှင့်(၃)လပြည့် အောက်မေ့အလွမ်း

ဇေမာနွေလကြာအိုင်လင်း
အသက် (၁၁)လ
(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)

သမီးလေး “ဇေမာနွေလကြာအိုင်လင်း”

အေးမြသာယာလှပတဲ့ မိသားစုရဲ့ နွေးထွေးတဲ့မေတ္တာကမ္ဘာလေးထဲကနေ အဘဘုရားသခင်ရဲ့ မေတ္တာရိပ်အောက်ရောက်သွားတာ ၁၇-၁၂-၂၀၁၃ ရက်ဆိုရင် (၅)နှစ်နှင့်(၃)လ အချိန်ကာလတောင်ရှိသွားပြီ·····

သမီးလေးရဲ့ ပုံရိပ်သဏ္ဍာန်၊ ဟန်ပန်အမူအရာနဲ့ ရယ်မောသံလေးတွေက မိသားစုရဲ့ မျက်ဝန်းနဲ့ ရင်ထဲမှာ ဖျောက်ဖျက်မရ လွမ်းနေရဆဲပါပဲ····

သမီးလေး ရောက်ရာကောင်းကင်ဘုံမှာ အေးချမ်းသာယာပျော်ရွှင်ပါစေ။

ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာခံစားနိုင်ပါစေလို့ ဆုတောင်းပေးလျက်····

ကိုကို - ရှုံမွေလလင်း
ဖေဖေ - ဒံယေလလင်း
မေမေ - လီဗီဆပ်နိုင်ထန်း
i Love Myanmar

ဇေမာနွေလကြာအိုင်လင်း
(၁၇-၁၂-၂၀၁၃)

ဇေ	-	မြသာယာ၊ ဒီမိသားစုရဲ့မေတ္တာကို နောက်ဘဝမှ ပြန်လည်ရရှိ၍
မာ	-	ပါစေကြောင်း၊ သာစေကြောင်းနဲ့
နွေ	-	ပြင်းကင်းသည့်ရက်လို၊ မြူနှင်းများဝေသည့်ဆောင်း
လ	-	များလိုခံစား
ကြာ	-	ပန်းများစွာပွင့်သည့်၊ လေညှင်းလေးဖြင့်
အိုင်	-	လို၊ မွှေးထုံပါစေ
လင်း	-	လက်တောက်ပ၊ လောကကောင်းကျိုး၊ သာသနာတော်အကျိုးများစွာ သယ်ပိုးနိုင်သည့် ကြယ်တစ်ပွင့်-မြေးလေး နောက်ဘဝတွင် ပြန်ဖြစ်စေ။

ချစ်ခြင်းဖြင့်/မောင်မျှတ(သီပေါ)

လူမှုရေးကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မများ၏ မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်စင်နွဲ့ရီ ၂၀၁၃ခုနှစ် စတင်မကျန်းမာစဉ် မှစ၍ ဂရုတစိုက် ပြုစုကုသမှုပေးခဲ့သော ပါမောက္ခဆရာဝန်ကြီး ဒေါက်တာဦးမျိုးသွယ်နှင့်ဇနီး မိသားစုများ အားလည်းကောင်း၊ S.S.C ဆေးရုံမှ ပိုင်ရှင်နှင့် ဆရာဝန်၊ ဆရာမဝန်ထမ်းများအားလည်းကောင်း၊စင်ကာပူနိုင်ငံ Mt.Elizabeth ဆေးရုံမှ သမားတော်ကြီးများ နှင့် ဆရာဝန်၊ ဆရာမများ အားလည်းကောင်း၊စင်ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူစဉ်၌ အဘက်ဘက်မှလိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ပေးသော အန်ကယ်ဦးကြိုင်စင်း နှင့်ဇနီးအန်တီဒေါ်ရင်ရင် မိသားစုအား လည်းကောင်း၊စင်ကာပူနိုင်ငံ P.L. International Company Limited မှ Board of Director အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မိခင်ကြီးကျန်းမာရေးအတွက် လိုအပ် သည်များကို ကူညီပေးသော စင်ကာပူနိုင်ငံမှ ညီအစ်ကို မောင်နှမမိတ်ဆွေများအား လည်းကောင်း၊ မိခင်ကြီးအား မြန်မာနိုင်ငံ၌ အိမ်တိုင်ရာရောက် လာရောက်ကြည့်ရှုစောင့်ရှောက် ပေးကြသော ပါမောက္ခ သမားတော်ကြီးများအား လည်းကောင်း၊ အမျိုးသားသွေးလှူဘဏ်မှ တာဝန်ခံဆရာဝန်ကြီးနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ SML Dialysis Center မှပိုင်ရှင်နှင့် ဝန်ထမ်းများအား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနအစမ်းအနားတွင် အဘက်ဘက်မှလိုလေသေး မရှိအောင် အကောင်းဆုံး၊ အလှပဆုံးဖြစ်အောင် ဖန်တီး ပေးပါသော ဦးကိုကြီး၊ ဦးမင်းလှိုင်တို့အား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနကိစ္စတွင် မိသားစုနှင့် ထပ်တူ ထပ်မျှခံစားပြီး လူကိုယ်တိုင် ကြွရောက်၍သော်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ သက်ကိန်းခြင်းနှင့် လှူဖွယ် ပစ္စည်းများ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေ သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာ ရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ စံစားသတင်းမေးကြပါသော နိုင်ငံ အသီးသီး၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနအစမ်းအနား တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော အစိုးရဌာန ဆိုင်ရာအသီးသီးမှ အကြီးအကဲများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ရေဝေးသုသာန်မှူးနှင့်တကွ ဝန်ထမ်းများအားလုံးကို လည်းကောင်း

ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှအောင်(ခ)ဦးကျော်လှ

အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးအောင်အောင်ထွန်း(ငြိမ်း)-ဒေါ်သိန်းသန်းဝင်းတို့၏ဖခင် ဦးလှအောင်(ခ)ဦးကျော်လှသည် ၁၅-၁၂-၂၀၁၃ရက်တွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

OTS (81) မှ သူငယ်ချင်း မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်နိုင် (ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း-၂)-ဒေါ်စိန်မြရွှေတို့၏ဖခင်ကြီး ဦးလှအောင်(ခ)ဦးကျော်လှ (တောင်သာ၊ သပွတ်စု) အသက်(၈၄)နှစ်သည် ၁၅-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခေတ္တ-အင်ဂျင်နီယာချုပ်(စက်မှု)နှင့်
ဝန်ထမ်းမိသားစုများ
စက်မှုဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၊ သွားတုဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်တင့် - ဒေါက်တာမော်လွင်အောင်တို့၏ဖခင် ဦးလှအောင်(ခ)ဦးကျော်လှသည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ
သွားတုဆေးပညာဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၊ သွားတုဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်တင့် - ဒေါက်တာမော်လွင်အောင်တို့၏ဖခင် ဦးလှအောင်(ခ)ဦးကျော်လှသည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ
သွားတုဆေးပညာဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးလှိုင်ကြည်(ပုလော/ရုပ်ပုံ) အသင်းဝင်အမှတ်-၅၂၈၈

အသက်(၇၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရုပ်ပုံရွာ၊ အထဲစုရပ်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းလမ်း၊ အမှတ် ၂၈နေ ဒေါ်စောကြည်၏ခင်ပွန်းသည် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြွေ (သန်လျင်)

တပ်ကြပ်(ကကလေ)၊ ပထမပတ် စစ်သမီးသင်တန်း

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက် ၄၊ အခန်း ၇၊ ဦးဝိစာရအိမ်ရာနေ [အင်္ဂလန်နိုင်ငံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူးကြီး၊ ငြိမ်း၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(လေ)၊ မြန်မာ့အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း(ငြိမ်း)]၏ဇနီး၊ (ဦးစိန်-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးလုံးတင်-ဒေါ်ကျင်ညွန့်)တို့၏သမီးချွေးမ၊ ဦးလှထွန်း-(ဒေါ်ခင်စန်းကြည်)၊(ဦးမြင့်အောင်-ဒေါ်ခင်ရီ)၊(ဦးအုန်းကြည်-ဒေါ်မြင့်မြင့်သိန်း)တို့၏ညီမ၊ ဦးကျော်သူစိုး-ဒေါ်တိုးရွှေဝါ (Zay Yar Nann Construction Co.,Ltd.)၊ ဦးသန်းထိုက်စိုး (မန်နေဂျင်းဒါရိုက်တာ၊ ရွှေဗောဓိ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး)-ဒေါ်သန်းသန်းဝင်း(Htoo Group of Company)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်သည် ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နန်းပလေ့ (ကရုပ္ပိကျေးရွာ)

အသက်(၉၃)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာအလယ်ပိုင်းနေ (ဦးဖေ)၏ဇနီး၊ ဦးရိုး-ဒေါ်ဟုန်၊ ဘဒ္ဒန္တဦးပညာဒီပ၊ ရန်ကုန်မြို့နေ ဦးစိန်လှိုင်-ဒေါ်အုံးတင်၊ ကရုပ္ပိကျေးရွာနေ (ဒေါ်ခင်ခင်)၊ ဦးထွန်းတင်-ဒေါ်ချိုမာတို့၏မိခင်၊ မြေး ၁၈ယောက်တို့၏အဘွားသည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၈၆-၈၈၊ အခန်း ၁၀ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။(အထက်ပါစမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြမြဝေ (မြ)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးစိုင်လုံ-ဒေါ်အမာ)တို့၏သမီး၊ ဦးပန်းစိန်-ဒေါ်ဖွားမြိုင်တို့၏သမီးချွေးမ၊ (ဗိုလ်ကြီးစစ်နိုင်၊ ငြိမ်း)၏ဇနီး၊ ဒေါ်နန္ဒာလေးနိုင်-ဦးမျိုးမင်းဦး (Seapeal Shipping)၊ ဒေါ်ကေသီလေးနိုင်-ဦးမောင်မောင်သိုး (MAN Int'l Services Co.,Ltd.) ၊ဒေါ်ပပလေးနိုင်-ဦးမြင့်လွင်(Singapore)၊ ဦးနိုင်ရဲခေါင် (Daidomon Japanese Restaur ant)-Chong Waileeတို့၏မိခင်၊ မပွင့်ကေသီမောင်မောင်(Business Unit Manager, MAN Int'l Services Co., Ltd.)၊ မောင်ရန်နိုင်ဦး (Secondary II, St.Andrew Secondary School, Singapore), Roland Naing (Singa pore),Yolanda Naing (Singapore) တို့၏အဘွားသည် ၁၄-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၄း၁၉နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြမြဝေ(မြ) စိန်မေရီ(ဒိုင်အို)ကျောင်းသူဟောင်း

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးဆိုင်လုံ-ဒေါ်အမာ)တို့၏သမီး၊ (ဦးပန်းစိန်-ဒေါ်ဖွားမြိုင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျာလမ်း၊ ကျောက်ကုန်းနေ (ဗိုလ်ကြီးစစ်နိုင်၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်လှ (DCPT၊ ငြိမ်း)-ဒေါ်ခင်ပို(MPF၊ ငြိမ်း)၊ (ဦးသိန်းလွင်၊ ကုန်သွယ်၊ ငြိမ်း)-ဒေါ်စန်းစန်းမြင့်(ကုန်သွယ်၊ငြိမ်း)၊(ဦးလှမြင့်-ဒေါ်စိန်စိန်ရီ)တို့၏ညီမ၊ ဦးသန့်စင်(ဒု-ပါမောက္ခချုပ်၊ ငြိမ်း၊ ယဉ်ကျေးမှုတက္ကသိုလ်)-(ဒေါ်ဖြူမြင့်ဝေ၊ ဒိုင်အို)၊ ဦးသိန်းထွန်း(ဦးစီးအရာရှိ၊ ဘဏ္ဍာရေး၊ ဆောက်လုပ်ရေး၊ ငြိမ်း)-ဒေါ်ဖြူသက်ဝေ၊ ဒုတိယဗိုလ်မှူးကြီးသိန်းနိုင်(ငြိမ်း)-ဒေါ်ဖြူလေးဝေ၊ ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)-ဒေါ်စန်းစန်းဝေ၊ ဒေါ်သက်ထားဝေတို့၏အစ်မသည် ၁၄-၁၂-၂၀၁၃ရက်(စနေနေ့)ညနေ ၄း၁၉နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၅-၁၂-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးလွင်

B.Sc (Physics) 1981-1985

အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်လွင်-ဒေါ်သန်းရီ)တို့၏သားကြီး၊ အောင်ဆန်းဘူတာရုံလမ်းနေ (ဦးစံရင်)-ဒေါ်တင်ရှိတို့၏သားသမက်၊ ဒေါ်သန်းသန်းစိုး (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးတင်စိုး-ဒေါ်သီဂီဦး၊ ဦးသိန်းငွေ-ဒေါ်ရီရီချိုတို့၏အစ်ကိုကြီး၊ မထက်ထက်စိုး(ခေတ္တ-ဂျပန်)၊ မခင်စန္ဒာစိုး၊ မောင်မင်းသွေးခိုင်(Grade 7,C၊ အထက-၂၊ အင်းစိန်)တို့၏ဖခင်၊ ဒေါ်ပင်မြင့်စံ၏ခင်ပွန်းသည် ၁၄-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၃/၂၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းနိုင်(ခ) ကိုတွတ်

အသက်(၄၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ ၄လမ်းအနောက်၊အမှတ် ၁၀၁၀နေ(ဦးဘမြင့်)-ဒေါ်တင်အေးတို့၏သား၊ ဦးကျော်သောင်း - ဒေါ်စီစီတို့၏ သားသမက်၊ ကိုစိုးနိုင်၏ညီ၊ ကိုဇော်ဇော်ထွန်း-မစန်းစန်းမြင့်၊ မစန်းစန်းထွေးတို့၏အစ်ကို၊ မအေးအေးဆင့်၏ခင်ပွန်း၊ မမေဖြူစင်မိုး၏ဖခင်သည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှငွေး(ခ)ဦးဖိုးလှကြီး (သပြု)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊အမှတ် ၁၆၈နေ(ဦးကျော်ရှိန်-ဒေါ်ခင်ထွေး)တို့၏သား၊ (ဦးကံညွန့် - ဒေါ်ချွေး)တို့၏ သားသမက်၊ (ဦးထွန်းအောင်-ဒေါ်ကြည်ငွေး)၊ ဦးဖိုးထောင်-ဒေါ်ညွန့်သိန်း၊ (ဦးထွန်းရီ-ဒေါ်ပိန်)၊ ဦးသောင်းကြည်-ဒေါ်တင်လှတို့၏ညီမောင်၊ ဦးဝင်းကြည်-ဒေါ်ရီငွေး၊ ဦးသန်းထွန်း-ဒေါ်ဝင်းငွေး၊ ဦးညွန့်တင်-ဒေါ်မြင့်မြင့်ငွေး၊ ဦးသိန်းဆွေဝင်း-ဒေါ်နွဲ့နွဲ့ဝင်းတို့၏အစ်ကို၊ မငြိမ်းလဲ့အေး(ခ)သဲသဲ၊ မောင်ဖွဲ့မင်းငွေး(ခ)ကိုဖွဲ့တို့၏ဖခင်၊ တူ၊ တူမ ၁၄ယောက်တို့၏ဦးလေး၊ ဒေါ်အေးကြူ၏ခင်ပွန်းသည် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) နံနက်တွင် အမှတ် ၁၆၈၊ဖောင်တော်ဦးဘုရားလမ်း၊ကျောက်ရေတွင်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်း(ရန်ကုန်)

ဦးလှအောင်(ခ) ဦးကျော်လှ

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၉၁နေ ရာသက်ပန်အသင်းဝင် ဦးလှအောင်(ခ) ဦးကျော်လှ (သပွတ်စု)သည် ၁၅-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း အမ

ဒေါ်ရှုကက် (မြိတ်)

အသက်(၇၃)နှစ်

အမှတ် ၂၊ ၅၆လမ်းသွယ်၊ သုခလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးသောင်းညွန့်)၏ဇနီး၊ (မတင်တင်ချို)၊ ဦးဉာဏ်ဝင်းလှိုင်-ဒေါ်စန်းစန်းချို၊ (မရီရီချို)၊ ဦးအောင်သိန်း-ဒေါ်ပွန်း၊ ဦးမြင့်သိန်း-ဒေါ်ခင်နှင်းစံ၊ဦးညွန့်သိန်း-ဒေါ်ကြည်ငွေးတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းတင်

အမှတ်(၃)အခြေခံပညာဦးစီးဌာန (လေးမျက်နှာမြို့နယ်)

အသက်(၆၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်နေ (ဦးချစ်မြ-ဒေါ်အေးမျှင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနရုံးဝင်းနေ (ဒေါ်ကြည်ဝင်း)၏ခင်ပွန်း၊ ဒေါ်အေးအေးကြည်၊ ဦးကျော်ဆန်းဝင်း-ဒေါ်ရွှေစင်အောင်တို့၏ဖခင်၊ ဦးတင်ကျော်(ခ)ဦးဖိုးလူ-ဒေါ်စန်းစန်းကြူ၊ ဦးမျိုးမြင့်သန်း-ဒေါ်တင်တင်ဝင်း (အမှတ်-၃၊ အခြေခံပညာဦးစီးဌာန)တို့၏ဦးလေး၊ မယွန်းမိုးအိမ်၊ မောင်ဖွဲ့ရောင်နီတို့၏အဘိုးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၃)အခြေခံပညာဦးစီးဌာနရုံးဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အင်းလျားရိပ်သာလမ်း၊ အမှတ် ၆နေ(စောထွန်းဝင်း)-ဒေါ်ဂျဲရီမြတို့၏သမီး၊ (ဦးစောလူစိန်-ဒေါ်အေးမြိုင်)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်း [(Managing Director) Red Horse Dairy Industries Limited]၏ ဇနီး၊ စောအောင်ဝေယံထွန်း၊ စောထူးဉာဏ်ထွန်းတို့၏မိခင်၊ စောဆီဇာဝင်း၊ နော်ဒီးမာတို့၏အစ်မသည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ၃း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် သမိုင်းကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ဦးရွှေနုလမ်း၊ သမိုင်းခဝဲခြံတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဝါသဝ မဟာထေရ် (ဓမ္မာစရိယ)

သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ရန်ကုန်မြို့၊ သွေးဆေးကန်ကျောင်းတိုက်၊ တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ်နှင့် လက်ပန်တန်းမြို့နယ်၊ ရှမ်းစုကျောင်း ပဓာနနာယက၊ ဗဟန်း ၃လမ်း၊ လောကဥဿျှောင်ကျောင်း၊ ပခုက္ကူအောင်တော်မူကျောင်း၊ မြိုင်မြို့နယ်၊ဒေါင်အိုကြီးသာသနသိပ္ပံကျောင်းနှင့်အောင်မြေရတနာကုန်းမြေ အောင်တော်မူစေတီတော်မြတ်တို့၏ ဩဝါဒါစရိယဖြစ်တော်မူသော သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါရှိ ဆရာတော် ဘဒ္ဒန္တဝါသဝသည် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၄ရက်) ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ်မှကားများထွက်ခွာပြီး ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ဝင်း

(မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၊ဒုတိယဥက္ကဋ္ဌ)

အသက်(၇၂)နှစ်

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးကို စတင်တည်ထောင်သော အမေဖုံ၏မြေး၊ မိုးကုတ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကကြီးနှင့် အဖွဲ့ချုပ် တတိယမြောက်ဥက္ကဋ္ဌကြီး (ဦးအောင်ကျော်-နာယကကြီး ဒေါ်စိန်စိန်)တို့၏သားကြီး မိုးကုတ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် ၂၇၊ ပြည်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်မောင်ဝင်း (မိုးကုတ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ

အသက်(၇၂)နှစ်

ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စုရပ် (၁၂၉) မိတ္တီလာအဖွဲ့ခွဲများ

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ဝင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌကြီး

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးကို စတင်တည်ထောင်သော အမေဖုံ၏မြေး၊ ဂုဏ်ထူးဆောင်နာယကကြီးနှင့် အဖွဲ့ချုပ်၏ တတိယမြောက် (ဥက္ကဋ္ဌကြီးဦးအောင်ကျော်နှင့်နာယကကြီးဒေါ်စိန်စိန်)တို့၏သားကြီး၊ဒေါ်မြတ်ညို၏ချစ်လှစွာသောခင်ပွန်း ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ဘန်ကောက်မြို့၌ ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၁၉၆)လားရှိုး

ဦးငြိမ်းချမ်း

A.G.T.I (EP) (1981-Mdy)

Chief Electricion

Trans Ocean Pte Ltd.

Singapore

ပျော်ဘွယ်မြို့

အသက်(၅၂)နှစ်

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်နေ (ဦးရွှေသီး-ဒေါ်မယ်လှ)တို့၏သား၊ ရွှေပြည်ရန်လုံရပ်နေ (ဦးသောင်းတင်-ဒေါ်ခင်ကြိုင်)(အောင်မေတ္တာ သကြားစက်)တို့၏သားသမက်၊ စင်ကာပူနိုင်ငံနေ ဒေါ်တင်တင်အေး(ခ)အေးအေး၏ခင်ပွန်း၊ မောင်စိုးပိုင်ထူး၊ မောင်ဟိန်းထက်အောင်တို့၏ဖခင်သည် တောင်ကိုရီးယားနိုင်ငံ Bosun မြို့၌ ၁၂-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်လီချွန်ကေး(ခ) ဒေါ်ကျင်ငွေ

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(လယ်)၊ အမှတ် ၁၄၃၊ မြေညီထပ်နေ (ဦးမောင်ကို)၏ဇနီး၊ ဦးရဲမြင့်-ဒေါ်ခင်ခင်မြင့်၊ဒေါ်မေဖွန်၊ဦးဘိုးထောင်၊ [မမိမိ(ခ)ဒေါ်ခင်စန်းဝင်း]၊ဦးဖိုးပြုံး၊ဒေါ်မမ၊ ဒေါ်မမလေး၊ ဦးမောင်မောင်လေး-(ဒေါ်ခင်မို့မို့လွင်)၊ ဒေါ်သန်းရွှေ(ခေတ္တ-အမေရိကန်)တို့၏မိခင်၊ ဒေါက်တာအောင်မြင့်ဦး-ဒေါက်တာမေသဇင်အုန်း (ခေတ္တ-စင်ကာပူ)၊မောင်မိုးစည်သူမောင်မောင်လေးတို့၏အဘွား၊ မက်သယူး၏ဘွားဘွားကြီးသည် ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၀၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြွေ (သန်လျင်)

တပ်ကြပ်(ကကလေ)

ပထမပတ် စစ်သမီးသင်တန်း

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက် ၄၊ အခန်း ၇၊ ဦးဝိစာရအိမ်ရာနေ [အင်္ဂလန်နိုင်ငံ (ကြည်း၊ ရေ၊ လေ) စစ်သံမှူးကြီး (ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(လေ) မြန်မာ့အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း(ငြိမ်း)]၏ဇနီး၊(ဦးစိန်-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးလုံးတင်-ဒေါ်ကျင်ညွန့်)တို့၏သမီးချွေးမ၊ [ဦးတင်ဦး (သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်တင်တင်လှိုင်]၊ ဒေါ်တင်တင်လွှမ်း(ဆရာမ)တို့၏ ညီမသည် ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

မေးလ်လိပ်စာ- mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်

စာမျက်နှာ-၃

အမျိုးသမီးဘောလုံးပြိုင်ပွဲ ထိုင်းက လာအိုကိုအနိုင်ရ အကြိုဗိုလ်လုပွဲတွင် မြန်မာနှင့်ထိုင်း တွေ့ဆုံ

သတင်းနှင့်ဓာတ်ပုံ
တင်မောင်(မန္တလေး)

မန္တလေး ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မန္တလေးဇုန်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ် ပြိုင်ပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ညနေ ၄ နာရီက (ခ) အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် တစ်ပွဲနိုင်ထားသည့် ထိုင်းအမျိုးသမီးဘောလုံးအသင်းနှင့် တစ်ပွဲရှုံးထားသော လာအိုအမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအမျိုးသမီးဘောလုံးအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲဆက်သွားသည်။

ယနေ့ပြိုင်ပွဲတွင် ထိုင်းအမျိုးသမီးဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၁ မိနစ်တွင် ကျောနံပါတ်(၁၁) AINON PHAN CHA က ပထမဂိုး၊ ကျောနံပါတ် (၁၇) ANNO TSARA MAI JARERN က ၂၅ မိနစ်တွင် ဒုတိယဂိုး၊ ၄၃ မိနစ်တွင် တတိယဂိုးနှင့် ဒုတိယပိုင်း မိနစ် ၆၀ တွင် စတုတ္ထအနိုင်ဂိုးတို့ကို သွင်းယူနိုင်ခဲ့ပြီး မိနစ် ၈၀ တွင် ကျောနံပါတ် (၁၉) TANEEKARN DANGDA က ပဉ္စမအနိုင်ဂိုးသွင်းယူကာ ပြိုင်ပွဲအပြီး ထိုင်းအသင်းက လာအိုအသင်းကို ငါးဂိုးပြတ်ဖြင့် ခြေစွမ်းပြ အနိုင်ရရှိသွားသည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ကျင်းပရာ ထိုင်းနှင့် လာအိုတို့ ယှဉ်ပြိုင်ကစားစဉ်။

မန္တလေးဇုန် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်အပြီးတွင်(က)အုပ်စုမှ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယရရှိကြပြီး (ခ)အုပ်စုမှ ထိုင်းအသင်းက အုပ်စုပထမ၊ မလေးရှားအသင်းက အုပ်စုဒုတိယရရှိကြကာ ဒီဇင်ဘာ ၁၈ ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၊ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့က ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ မာတိကာ

တရုတ်သမ္မတက လဆင်းယာဉ်အောင်မြင်မှုအတွက် ဂုဏ်ပြု စာ-၄

သဘာဝဘေးအန္တရာယ် လျော့ပါးစေရေး အသိပညာပေးနှင့် သုတေသန ဆောင်းပါး စာ-၆

အသင်းကြီးတွေ ခက်ခဲဦးမယ့် ကက်ပီတယ်ဝမ်း ကွာတားဖိုင်နယ် စာ-၁၄

ပင်းတယမြို့၌ လေပြင်းတိုက်ခတ် စာ-၁၈

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအလေးမအားကစားပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ် မြန်မာငွေတံဆိပ်တစ်ခု ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်း အလေးမ အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီးနောက်ဆုံးနေ့ပွဲစဉ်၌ အမျိုးသမီးအလေးမ ၆၉ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ အလေးမအားကစားသမား လဲ့လဲ့ဝင်းက အမြန်မ ၉၃ ကီလို၊ နှစ်ဆင့်မ ၁၁၃ ကီလို စုစုပေါင်း ၂၀၆ ကီလိုဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ အမြန်မ ၁၀၀ ကီလို၊ နှစ်ဆင့်မ ၁၂၅ ကီလို စုစုပေါင်း ၂၂၅ ကီလိုဖြင့် ရွှေတံဆိပ်ရရှိပြီး မလေးရှားနိုင်ငံမှ အမြန်မ ၈၃ ကီလို၊ နှစ်ဆင့်မ ၁၀၅ ကီလို စုစုပေါင်း ၁၈၈ ကီလိုဖြင့် ကြေးတံဆိပ်ရရှိသည်။

အမျိုးသား ၉၄ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှ ရွှေတံဆိပ်ဆုရရှိသည်။ ၎င်းသည် နှစ်ဆင့်မတွင် ယခင်စံချိန်ဟောင်း ၁၉၃ ကီလိုကို ချိုးကာ ၁၉၄ ကီလိုဖြင့် စံချိန်သစ်တင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ငွေတံဆိပ်ကို ဗီယက်နမ်နိုင်ငံနှင့် ကြေးတံဆိပ်ကို မလေးရှားနိုင်ငံတို့က ရရှိခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အမျိုးသား အမျိုးသမီး အလေးမပွဲစဉ် စုစုပေါင်း ၁၁ ပွဲကို ကျင်းပခဲ့ပြီး ဆုတံဆိပ် ၃၃ ခု ပေးအပ်ခဲ့သည်။

အိမ်ရှင်မြန်မာနိုင်ငံမှ အေးသန္တာလွင်က *စာမျက်နှာ ၅ ကော်လံ ၄* ❋

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ထိုင်း	၅၉	၄၅	၄၉	၁၅၃
၂	ဗီယက်နမ်	၄၃	၃၆	၄၃	၁၂၂
၃	မြန်မာ	၃၉	၃၈	၄၁	၁၁၈
၄	အင်ဒိုနီးရှား	၃၈	၅၁	၅၀	၁၃၉
၅	မလေးရှား	၂၅	၂၃	၄၆	၉၄
၆	စင်ကာပူ	၂၀	၁၉	၂၉	၆၈
၇	ဖိလစ်ပိုင်	၁၂	၁၈	၂၄	၅၄
၈	ကမ္ဘောဒီးယား	၄	၇	၁၂	၂၃
၉	လာအို	၃	၆	၂၀	၂၉
၁၀	ဘရူနိုင်း	၁	၁	၄	၆
၁၁	တီမောလက်စ်တေ	၀	၀	၁	၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သိသိသာသာ အအေးပို

နေပြည်တော် ဒီဇင်ဘာ ၁၆

ယနေ့ နံနက် ၆နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ လေအေးများတိုးဝင်လာမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ညအပူချိန်များ လျော့နည်းခဲ့ပြီး သိသိသာသာအအေးပိုနေသည်။

မိုးလေဝသအခြေအနေ ခန့်မှန်းချက်များအရ ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်းတစ်ပြည်လုံးတွင် မိုးရွာသွန်းမှုလျော့နည်းပြီး ဆက်လက်အအေးပိုနေနိုင်ကြောင်း ခန့်မှန်းရသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်။ အင်္ဂါနေ့

Advertisement

Hotel Apple

09-8636624 09-49316380

(၁)ည (၃၀၀၀၀)ကျပ်၊ +နံနက်စာဘူဖေး

Mandalar Charm Travels & Tour

USD 550 - Jan 3 to 5, 2014

USD 550 - Jan 2 to 5, 2014

USD 850 - Jan 3 to 5, 2014

3 Star Hotel, ... Tour Leader, English Speaking Guide, Transport charges ...

E-mail : mandalarcharm@gmail.com

ဦးဇော်မြင့် B.A (Korean) Y.U.F.L

E.P.S TOPIK

အမှတ်(၆၈)၊ အခန်း(A4)၊ ...(၂)ရပ်ကွက်၊

ရန်ကုန်–အင်းစိန်လမ်းမ ... ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

PIONEER LAW FIRM

ကန့်ကွက်နိုင်ပါသည်

She® LADIES WEAR

She SMILES® LADIES WEAR

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပါရမီ(၉)ရပ်ကွက်၊ မြဝတ်ရည်လမ်းနေ
ဦးတင့်ဆွေ(ဒုတိယဝန်ကြီး-ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန-ဒေါ်လှလှမြင့်တို့၏သားငယ်

မောင်ကျော်တင့်ဆွေ

B.Sc(IC)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၃ လမ်းနေ
ဦးသန်းအေး(အင်ဂျင်နီယာမှူး၊လျှပ်စစ်၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ဝင်းတင့်တို့၏သမီးငယ်

မစုရည်မွန်သန်း

B.Sc(IC)

တို့၏ ၁၅-၁၂-၂၀၁၃ရက်တွင် Chatrium Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စပယ်ပန်းကုံးများချီးမြှင့်ပေးကြပါသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီး ဒေါ်မူမူဆွေတို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တွံ့ဖက်မြို့နယ်တရားသူကြီး ဒေါ်စန္ဒာကျော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော တက္ကသိုလ်ဦးကိုကိုဇော်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မမြင့်မိုရ်မောင်မောင်၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မစုသံစဉ်စိုး၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မစုသဲဖြူတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံများအဖြစ် ကူညီပေးကြပါသော မောင်မျိုးအောင်ဇေ၊ မောင်ဟိန်းမင်းဇော်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ကူညီပေးကြပါသော မခိုင်မေအောင်၊ မရွှေရည်ဝင်းလဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ၊ ဆံပင်၊ မိတ်ကပ်အလှဆင်ပေးပါသော ကိုအောင်မြတ်သူ၊ ကိုစိန်လင်း (Aroma)နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ရွှေယမင်းဦးနှင့် မင်္ဂလာတေးသံသာများ အဖြစ် ဖျော်ဖြေပေးကြပါသော စန္ဒရားလူမော်နှင့်အဖွဲ့အားလည်းကောင်း၊ Pre-wedding Photo ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးကြပါသော Aroma နှင့် 7 Pictures အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းအပေါင်းတို့အားလည်းကောင်း၊ ၁၅-၁၂-၂၀၁၃ရက်ည Chatrium Hotel Pool Side ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲပြီးမြောက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Chatrium Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း၊ မင်္ဂလာအခမ်းအနားကျင်းပရာတွင် လိုအပ်ချက်များရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်တင့်ဆွေ-မစုရည်မွန်သန်း

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၁၁၅ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၀-က+ခ)၊ မြေကွက်အမှတ် ၁၈၉၊ အလျား ၂၅ပေ×အနံ ပေ ၅၀၊ ဧရိယာ ၀ဒသမ၀၂၈ဧကရှိ နှစ်၆၀ဂရန်မြေဟု ခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်ဇော် ၇/ပခန(နိုင်)၁၈၈၇၄၄က အမည်ပေါက်ပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဌေးဌေးဝင်း LL.B,D.I.L,LCCI(UK)

အထက်တန်းရှေ့နေ

အမှတ်-၁၃၆/၁၃၈၊ လေးလွှာ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၃၇၅၅၈

ကန့်ကွက်နိုင်ပါကြောင်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ဃ/၅၇၁၁၊ Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံကျော် ၁၄/ဟသတ(နိုင်)၂၄၅၀၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၆၊မြေကွက်အမှတ်၄၄၅၊မြေကွက်တည်နေရာအမှတ် ၄၄၅၊ ၁၃၆ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးမြင့်သိန်း အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၀၀၆၂၈၀က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် ၁၄၁၄၊ အကျယ်အဝန်း (၄၂'×၆၀')၊ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ဆိုင်သည့် ဦးကျော်စိန် ၁၂/ဗဟန(နိုင်)၀၀၅၇၃၆ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ)ဒေါ်နီနီစိုး ၆/ရဖန(နိုင်)၀၀၂၄၀၃ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်းစာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး LL.B, D.B.L, D.M.L, D.I.L
အထက်တန်းရှေ့နေ
(စဉ်-၂၇၁၂၈)

ဦးမြတ်ထွန်း B.Sc, R.L
တရားလွှတ်တော်ရှေ့နေ
(စဉ်-၃၆၉၀)

အမှတ် ၅၅၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသာမြို့သစ်၊ ၄/သီးသန့်(၂)၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၁၁၂(က)နေ (ယခုလိပ်စာမသိ) ဦးကောင်းမြတ်စံ ကောင်းမြတ်စံရွှေဆိုင်နှင့် သက်ဆိုင်သူများသိစေရန်

သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၁၀၁)နေ ဦးသန်းကြွယ် PGU-၁၄၉၁၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကောင်းမြတ်စံနှင့် သက်ဆိုင်သူများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးကောင်းမြတ်စံအနေဖြင့် ၎င်း၏ရွှေဆိုင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်ဟုဆိုကာ ဦးသန်းကြွယ်ထံမှ ငွေများ အကြိမ်ကြိမ်လက်ခံရယူခဲ့ရာ စုစုပေါင်းငွေကျပ် ၂၅၄၂၆၀၀၀၀/-(ကျပ်သိန်းနှစ်ထောင့်ငါးရာလေးဆယ့်နှစ်သိန်းခြောက်သောင်းတိတိ) ဖြစ်ကြောင်း ဦးကောင်းမြတ်စံမှ လက်မှတ်ရေးထိုးရယူခဲ့သော စာချုပ်စာတမ်းများအရ သိရှိရပါသည်။

ဦးသန်းကြွယ်အနေဖြင့် ငွေကြေးလိုအပ်လာသည့်အခါ ဦးကောင်းမြတ်စံထံသို့ အကြိမ်ကြိမ် သွားရောက်တောင်းခံခဲ့ရာ ဦးကောင်းမြတ်စံမှ အကြောင်းအမျိုးမျိုးပြပြီး အတွေ့မခံဘဲ တိမ်းရှောင်နေခဲ့ပါသည်။ အကျိုးဆောင်ရှေ့နေမှတစ်ဆင့် နို့တစ်စာပေးပို့တောင်းခံခဲ့သော်လည်း အထက်ပါလိပ်စာတွင် နေထိုင်ခြင်းမရှိတော့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဦးကောင်းမြတ်စံအနေဖြင့် ဦးသန်းကြွယ်သို့ ပြန်လည်ပေးအပ်ရန် တာဝန်ရှိနေသော စုစုပေါင်းငွေကျပ် ၂၅၄၂၆၀၀၀၀/- (ကျပ်သိန်းနှစ်ထောင့်ငါးရာလေးဆယ့်နှစ်သိန်းခြောက်သောင်းတိတိ)အား ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးသန်းကြွယ်ထံသို့ဖြစ်စေ တစ်လုံးတစ်ခဲတည်း မပျက်မကွက် ပြန်လည်ပေးအပ်ပါရန်သတိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း အဆိုပါငွေများအား ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခဲ့ပါက ဦးကောင်းမြတ်စံနှင့်တကွ သက်ဆိုင်သူများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာတရားစွဲဆိုဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးဇော်မင်း LL.B
အထက်တန်းရှေ့နေ (စဉ်-၂၈၅၁၄)

ဦးတင်ထွဋ် H.G.P, LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၆၀)

ဒေါ်မြတ်သီတာအောင် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၂၄၁၈)

ဒေါ်ကြာညိုနှင်းရည် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၄၄၁၆)

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၇၃၁၈၀၈၈၄၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၄၃၁၉၈၃၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် (၂၇)၊ ၅ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ဘီ)၊ မြေကွက်အမှတ် (၂၀၉)၊ ဧရိယာ (၂၅'×၅၀') အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေသည် ဦးငွေးဝင်း အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းငွေးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၁၄၀၀/၂၀၁၂ဖြင့် ပိုင်ဆိုင်ပြီး၊ ၎င်းထံမှအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးမြင့် ၁၂/စခန(နိုင်)၀၃၀၀၃၀ +၁ တို့ထံမှ အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ (စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း (ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)
တရားလွှတ်တော်ရှေ့နေများ

ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)
အထက်တန်းရှေ့နေ

အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်း(36-E) လှနေရပ်ကွက်အမှတ် ၁၀၊ အောင်မင်းခေါင် ၁လမ်း၊ မြေကွက်အမှတ် ၁၀၂-စီ/၄၆၊ အကျယ်ပေ ၀ ဒသမ ၀၃၁ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးလှမင်း(ခ)အင်ချွမ်ရှောင် ၁၂/ဒဂန(နိုင်)၀၂၆၁၉၈ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးကျော်ကျော်(ခ)ဘိုသာရာချ်
၉/မကန(နိုင်)၀၆၅၇၀၃

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B., D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည် စဲဟ်ရာဘာနူး(ခ)မအေးအေးသန်း TGKN-၀၆၈၁၈၁နှင့် မုဟမ္မဒ်အွတ်စ်မာန်(ခ)ဦးသန်းနိုင် ၁၂/မဂတ(နိုင်)၀၈၁၆၂၂တို့သည် ၃၀-၃-၂၀၀၈ ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ နေကာဟ်ပြုလုပ်ခဲ့ပြီးနောက် မုဟမ္မဒ်အွတ်စ်မာန် (ခ) ဦးသန်းနိုင်မှ ၂၃-၁၀-၂၀၁၃ ရက်တွင် စဲဟ်ရာဘာနူး(ခ)မအေးအေးသန်းအား သွလားက်ကို လက်ထိလက်ရောက်ပေးအပ်ခဲ့သဖြင့် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီးမှ စာအမှတ် အ-ဖ/ ဓမ္မသတ်/ခုံ/၁၆၀/၂၀၁၃ အရ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦးအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် လင်ခန်းမယားခန်း၊ ပစ္စည်းခန်းများ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မာမာသိန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)
ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၆၈၊ ဆင်ခြေရာကျေးရွာ၊ ကွင်းအမှတ်(၄၄၇/က)၊ ဦးပိုင်အမှတ်(၁/၅)ရှိမြေကွက်မှ(၆၅/၁၂၅ ပေ× ၄၀/၅၀ပေ) အကျယ်အဝန်းရှိ မြေကွက်ကို မြေအမည်ပေါက် ဦးမောင်ညို(ကွယ်လွန်)၏ သားများဖြစ်ကြသည့် ဦးချစ်လှ၊ ဦးလှကြည်တို့မှ တရားရုံးကျမ်းကျိန်လွှာ၊ မြေခွန်ပြေစာမူရင်းများဖြင့် တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းတို့ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းဟန်
LL.B, DML, DAPsy, DIL, DBL
စာပေဗိမာန်(အငြိမ်းစား)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၃၄၁

အိမ်-အမှတ် ၇၇၆၊ ၂ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၀၈၇၃

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြောက်ပိုင်း၊ အောင်သပြေ ၄ လမ်း၊ အမှတ် ၄၀၅ နေ ဦးကိုစိုး(ခ)ဗိုလ်ကြီးအောင်စိုး(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ ပျဉ်းမမြိုင်ကျေးရွာအုပ်စု၊အကွက်အမှတ်(၃/ပျဉ်းမမြိုင်)၊ ဦးပိုင်အမှတ်(၂၀၆၅)၊ အကျယ်အဝန်း ၁ ဒသမ ၉၂၈ ဧက မြေကွက်သည် ဗိုလ်ကြီးအောင်စိုး(ငြိမ်း)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ဗိုလ်ကြီးအောင်စိုး(ငြိမ်း) လက်ရှိစီမံခန့်ခွဲအသုံးပြုနေသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းသို့ ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဗိုလ်ကြီးအောင်စိုး(ငြိမ်း)၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ကျူးကျော်ဝင်ရောက်ခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ကျူးကျော်ဝင်ရောက်သူများအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မိုး LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၂၊ မြေညီထပ်၊ ၄၃ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၄၈၇၊ မြေအကျယ်အဝန်း(အလျားပေ ၄၀×အနံပေ ၆၀)၊ ဧရိယာစတုရန်းပေ ၂၄၀၀ ရှိ ဒေါ်စိန်စိန်အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချသူ ဦးသူရဝင်း ၁၂/သကတ(နိုင်)၁၅၄၇၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းနွယ် B.A(Eco), H.G.P
အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)
အမှတ် ၁၀၂၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၂)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၁၃၁၂၁၉

အိမ်ငှားမည်

စမ်းချောင်းမြို့နယ်အတွင်းရှိ စမ်းချောင်းလမ်းနှင့် သုခမိန်လမ်းထောင့်ရှိ(ပထမထပ်) 25'×45'၊ ကုမ္ပဏီရုံးခန်းဖွင့်ရန်နှင့်စီးပွားရေးလုပ်ရန်သင့်တော်သည်။

ဖုန်း-၀၉-၈၆၁၂၄၄၉၊ ၀၉-၄၂၀၀၅၈၉၆၆

ပြောင်းလဲခေါ်ပါရန်

မုံရွာမြို့နေ ဦးစိုးဝင်း၏သား ဒေါက်တာအောင်ကျော်ဆန်းလင်း(ခ)ဒေါက်တာအောင်ကျော်ထက် ၅/မရန(နိုင်)၁၅၆၁၆၅အား ယနေ့မှစ၍ ဒေါက်တာကျော်ကောင်းထက်(ခ) ဒေါက်တာအောင်ကျော်ဆန်းလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ကံဘဲ့၊ မြေကွက်အမှတ် ၁၇က^၁/၁ + ၁၉ဃ^၁/၁ ၊ ဧရိယာ ၀ဒသမ၁၈၃ဧကရှိ မြေပိုင်မြေကွက်နှင့်စွဲကပ်ရှိသော အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးထွန်းလွင်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးထွန်းလွင်တို့ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ထွေး ၁၂/မဂတ(နိုင်)၀၇၇၂၂၀ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများရှိပါက ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L **(စဉ်-၃၀၃၆)**
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၄၅၈)တွင်နေထိုင်သူ ဒေါ်သင်းသင်းလှိုင်နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ်(၂၆၄)တွင်နေထိုင်သူ ဒေါ်တင်တင်အုန်း ၁၂/တမန(နိုင်) ၀၅၄၆၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေဟင်္သာလမ်း၊ (၄၇)ရပ်ကွက်၊ အမှတ်-၂၆၃(A) ဟုခေါ်တွင်သော အလျားပေ ၆၀×အနံ ၄၀ပေမြေကွက်၏ခြေရင်းဘက်အခြမ်း အလျားပေ ၆၀× အနံ ၂၀ပေရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၉-၁-၂၀၁၁ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေရောင်းဝယ်ခြင်းကတိစာချုပ်ချုပ်ဆို၍ အဆိုပါပစ္စည်းအား ရောင်းချခွင့်ရှိသူ ဒေါ်တင်ဇာလင်း ၁၂/ဒဂမ(နိုင်)၀၃၀၅၈၀ထံမှ တရားဝင်ဝယ်ယူ၍ ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါပစ္စည်း ရောင်းချခြင်းနှင့်ပတ်သက်၍ ဒေါ်တင်ဇာလင်းသည် ဒေါ်တင်တင်အုန်းအား ၁၁-၁-၂၀၁၁ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄၁၁/၂၀၁၁ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် လူကြီးမင်း၏ ၁၀-၁၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ အများသိစေရန်ကြေညာချက်တွင် ဖော်ပြထားချက်များသည် ကျွန်ုပ်အမှုသည်၏ တရားဝင်လက်ရှိထားပိုင်ဆိုင်မှုကိုထိခိုက်နေပါသဖြင့် လူကြီးမင်း၏ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးပါသည်။

အကယ်၍ လူကြီးမင်း၏ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက ကျွန်ုပ်အမှုသည်၏တရားဝင်လက်ရှိထားပိုင်ဆိုင်မှုကို ထိခိုက်နေသောကြောင့် နစ်နာမှုရှိနေ၍ လူကြီးမင်း ဒေါ်သင်းသင်းလှိုင်အပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သင်းသင်းလှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင်
LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)

ဒေါ်ဖြူစင်သန့်
LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၁၄၄)

အမှတ်(၅၀)၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း-အီး(၉)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းနှင့်

တုပသုံးစွဲခြင်းမပြုကြရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မြို့သစ် ၂လမ်း၊ အမှတ် ၁၄၊ သုံးလွှာ(ဘီ)ရှိ PUMAS LOGISTICS Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဇင်မာထွန်း ၁၂/သကတ(နိုင်)၁၃၃၄၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၃၃၀၂/၂၀၁၃ အရ မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၁၃၃၀၂/၂၀၁၃ (၂၈-၁၁-၂၀၁၃)

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့်

(၁) အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး (လေကြောင်း၊ ပင်လယ်ရေကြောင်း၊ ကုန်းကြောင်း)
(၂) သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမျိုးစုံဖြင့် ဝန်ဆောင်မှုပေးခြင်း
(၃) အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်
(၄) ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး၊ သွင်းကုန်ထုတ်ကုန်နှင့်ပတ်သက်သမျှသော ထောက်ပံ့၊ ပို့ဆောင်၊ သယ်ယူ၊ သိုလှောင်၊ ဖြန့်ချိ၊ စီမံခန့်ခွဲရေး၊ သတင်းအချက်အလက်များနှင့် စဉ်ဆက်မပြတ်ထောက်ပံ့ရေးစသည့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုး
(၅) ကုန်သိုလှောင်ရုံလုပ်ငန်းနှင့် ကုန်ပစ္စည်းဖြန့်ချိပေးခြင်း
(၆) ကုန်စည်ထုပ်ပိုးခြင်း
(၇) ကုန်းတွင်းကုန်စည်ပို့ဆောင်ရေး
(၈) အာမခံ၊ ကုန်ပစ္စည်းနှင့်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမျိုးစုံ (ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း)များအတွက် အာမခံလုပ်ငန်း ပြုလုပ်ခြင်းတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် နိုင်ငံတကာသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုမည့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ မိမိမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလွင်အောင် (ခ) ဦးဝင်းလွင်အောင်ချို
LL.B, D.B.L,D.M.L **(စဉ်-၆၈၂၇)**
တရားလွှတ်တော်ရှေ့နေနှင့် ဘဏ်ဥပဒေအကျိုးဆောင်
ဖုန်း-၀၁-၂၄၃၇၃၃၊ ၀၉-၅၄၁၇၅၅၅

ဒေါ်ဒါလီဝင့်
LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၁၀၄၀၇)
ဖုန်း-၀၉-၄၂၀၀၃၄၀၆၅

အမှတ် ၁၇၀ ပထမထပ်(ဝဲ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၂၈ဃ/၅၃၆၉၉ ယာဉ်လက်ဝယ်ရှိသူ ခွန်သန်းငွေ ၇/ကတခ(နိုင်)၁၅၀၂၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၇၀၆၊ မြေကွက်တည်နေရာအမှတ် ၇၀၆၊ ၁၃၄ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးအောင်ရင်အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးအောင်ရင် ၁၂/လမန(နိုင်)၀၉၈၇၉၇ ကိုယ်တိုင်မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့မြေကွက်အမှတ် ၁၁၉၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၉၃/ခ၊ မြို့ပတ်လမ်း၊ (၆/ရှေ့ရပ်ကွက်)၊ သာကေတမြို့နယ်၊ ဦးကျင်သောင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကျင်သောင်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းလှ ၁၂/ဥကတ(နိုင်)၀၄၉၁၄၀ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကံဖေတိုက်နယ်
(၂၁)ကြိမ်မြောက် သီရိစကြာရွှေနားဒင်စေတီတော်ပူဇော်ပွဲ
(၁၆)ကြိမ်မြောက် ကံဖေတိုက်နယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲနှင့်
သံဃာအပါး(၄၀၀)ဆွမ်းတော်ကြီးလောင်းလှူပွဲပြုလုပ်ကျင်းပခြင်း

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်(၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် မှ ၁၄ ရက်)အထိ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကံဖေတိုက်နယ်၊ ရွှေနားဒင်သစ်ကျေးရွာတွင် ရန်ကုန်ဆရာတော် ဘဒ္ဒန္တဉာဏ ဦးဆောင်၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သဒ္ဓါရှင်များနှင့် နယ်သူနယ်သားများ တတ်အားသရွေ့ ကူညီပါဝင် ဆင်နွှဲရန် ဖိတ်ခေါ်အပ်ပါသည်။

ပွဲတော်ကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/ရှေ့၊ မြေကွက်အမှတ်၁၀၉၇၊ မြေကွက်တည်နေရာအမှတ်၁၀၉၇၊ အောင်သုခ ၁၉လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်ရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီး ဒေါ်သေးသေး ၁၂/သကတ(နိုင်) ၁၁၅၀၆၉ မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိုင်းယောင်းမြို့နယ် စွမ်ဟိန်းဂူ
ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေးပါဝင်လှူဒါန်းနိုင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်တွင် မိုင်းဖြတ်-မိုင်းယောင်းလမ်း (၁၇)မိုင်ခန့်အကွာရှိ ပင်းတယလိုဏ်ဂူ၊ ထမ်စမ်းလိုဏ်ဂူတို့ထက် ပို၍ကြီးမားသော မိုင်းယောင်းမြို့နယ်၊ မိုင်းဟစ်ထမ်ဖာဗုတ်စွမ်ဟိန်းဂူ(ခ)ဓမ္မဂမ္ဘီရ သာသနာ့လိုဏ်ဂူကိုတွေ့ရှိရပြီး၊ မိုင်းလင်းဟိုနမ့်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိမလ(စဝ်ဝန်းမီး) အရှင်သူမြတ်မှ ဝါတွင်းကာလအတွင်း တရားကျင့်ကြံအားထုတ်တော်မူခဲ့သည့် လိုဏ်ဂူတော်လည်းဖြစ်ပါသည်။

ယခုအခါ လိုဏ်ဂူတော်အတွင်း၊ အပြင်တွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာတော်များ ထွန်းကားစေရန်အတွက် သာသနိကအဆောက်အအုံများ၊ လမ်းတံတားများပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများကို မိုင်းဖုန်းဆရာတော်၊ မိုင်းလင်းဆရာတော်တို့မှ ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်စေတနာရှင်အလှူရှင်များမှ ဆောင်ရွက်လျက်ရှိရာ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ဆရာတော်တို့အား ကုသိုလ်ပါရမီဖြည့်စေလိုသည့်အတွက် သဒ္ဓါတရားနည်းများမဆို ဆက်သွယ်ပေးပို့ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်-

ဂေါပကအဖွဲ့

ဆက်သွယ်လှူဒါန်းနိုင်သည့်နေရာများ-

၁။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းဖြတ်မြို့၊ ဖုန်း-၀၈၄-၆၃၀၀၄၊ ၆၃၀၀၇
၂။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တာချီလိတ်မြို့
ဖုန်း-၀၈၄-၅၁၅၀၅၊ ၅၁၅၀၀
၃။ ဦးစိုင်းညွှန့်ဝင်း (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)၊ မိုင်းဖြတ်မြို့
ဖုန်း-၀၉-၄၂၈၃၁၀၀၂၂
၄။ ဦးစိုင်းရွက် (ဂေါပကအဖွဲ့)၊ မိုင်းဖြတ်မြို့၊ ဖုန်း-၀၉-၄၅၈၀၃၁၉၄၃
၅။ ဦးစိုင်းရီတစ် (ဂေါပကအဖွဲ့)၊ မိုင်းလင်းကျေးရွာအုပ်စု၊ တာလေမြို့နယ်ခွဲ
ဖုန်း-၀၉-၄၉၀၃၆၁၃၁
၆။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းယောင်းမြို့၊ ဖုန်း-၀၈၄-၆၅၀၅၅၊
၇။ ဦးစိုးမြင့် (မြို့နယ်အထောက်အကူပြုကော်မတီ)မိုင်းယောင်းမြို့၊
ဖုန်း-၀၉-၄၉၀၄၄၀၀၅
၈။ ဦးထွန်းညို(ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ)မိုင်းယောင်းမြို့၊
ဖုန်း-၀၉-၄၂၈၂၃၄၆၉၈
၉။ ဦးလှဌေး (ဦးစီးအရာရှိ၊ ခရိုင်ပြန်/ဆက်)
Gmail-kohlahtay 74@gmail.com ဖုန်း-၀၉-၃၆၀၇၆၆၅၁

ဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများ
(၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂျီတီအိုင် ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ (MCC)ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆက်သွယ်စုံစမ်းနိုင်သည့်ပုဂ္ဂိုလ်များ-

ဦးငြိမ်းအောင်	(အင်းစိန် ဂျီတီအိုင်)	ဖုန်း-၀၉-၅၁၁၁၂၆၅
ဦးတင်အေး	(ပြည်ဂျီတီအိုင်)	ဖုန်း-၀၉-၅၀၀၃၇၈၂
ဦးကျော်ကျော်စိုး	(မန္တလေးဂျီတီအိုင်)	ဖုန်း-၀၁-၅၀၅၉၆၉
ဦးကြည်လင်း	(အင်းစိန်ဂျီတီအိုင်)	ဖုန်း-၀၉-၅၀၀၆၃၆၅
ဦးထွန်းမြင့်	(တောင်ငူဂျီတီအိုင်)	ဖုန်း-၀၉-၈၃၀၂၁၁၇
ဦးညိုဝင်း	(မန္တလေးဂျီတီအိုင်)	ဖုန်း-၀၉-၂၀၀၃၂၆၀
ဦးမျိုးချစ်	(ချောက်ဂျီတီအိုင်)	ဖုန်း-၀၉-၇၃၁၁၄၅၆၈
ဦးတင်လှိုင်	(အင်းစိန်ဂျီတီအိုင်)	ဖုန်း-၀၁-၅၃၀၀၁၆
ဦးယုကြည်	(ကလေးဂျီတီအိုင်)	ဖုန်း-၀၉-၄၉၂၆၄၂၃၁
ဦးထွန်းစံ	(မုံရွာဂျီတီအိုင်)	ဖုန်း-၀၉-၂၁၁၀၅၄၆
ဦးဆောင်းဦး	(ဟင်္သာတဂျီတီအိုင်)	ဖုန်း-၀၉-၅၁၇၁၁၁၂
ဒေါ်မိုးစံ	(မိတ္ထီလာဂျီတီအိုင်)	ဖုန်း-၀၉-၇၃၀၃၂၇၈၇

ကန်တော့ခံဆရာကြီး ဆရာမကြီးများ ကြိုတင်ဆက်သွယ်ရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ရန်-

(ရန်ကုန်ရုံး)	ဦးခင်ဇ	ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅
(မန္တလေးရုံးခွဲ)	ဦးစိုးမြင့်	ဖုန်း-၀၂-၆၁၈၄၈၊ ၀၉-၄၀၂၅၈၃၂၁၅
(နေပြည်တော်ရုံးခွဲ)	ဦးဆန်းမင်းညီ	ဖုန်း-၀၆၇-၄၃၂၄၃၁၊ ၀၉-၄၉၂၁၀၅၇၅

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
အဘိဓမ္မာ(ညပိုင်း)သင်တန်းများ

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ [illegible] (ဖုန်း-၀၉-၂၅၁၃၁၆၃၇၆)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သင်တန်းစတင်မည့်ရက် - (၅.၁.၂၀၁၄)၊

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်နေ ဦးကျော်မြင့်(ဘ)ဦးတုပ်အောင် ၈/မကန(နိုင်) ၀၂၀၀၃၅နှင့် မကွေးမြို့၊ ဈေးရပ်ကွက်နေ ဦးခင်မောင်ဝင်း(ဘ) ဦးထွန်းကြည် ၈/မကန(နိုင်) ၁၁၉၈၁၄တို့မှ မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ မြေကွက်အမှတ် (ဘီ/၁၄၃၅)တို့နှင့်ပတ်သက်၍ မကွေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၈-၈-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၀၆၅/၂၀၁၃)နှင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းကို ဤကြော်ငြာပါသည့်ရက်မှ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဦးခင်မောင်ဝင်း(ဘ)ဦးထွန်းကြည်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့် ၈/မကန(နိုင်)၀၂၀၀၃၅
အောင်မေတ္တာ(ခ)ရပ်ကွက်၊ မကွေးမြို့

ဘိုကလေး အထက(၁) အာစရိယပူဇော်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား နှစ်စဉ်အစဉ်အလာမပျက် (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက် ညနေ ၄နာရီတွင် ၄င်းကျောင်း အောင်ဆန်းခန်းမ၌ ပူဇော်ကန်တော့စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကန်တော့ခံပေးပါရန်နှင့် ဘိုကလေးအသင်းရှေ့မှ ၄-၁-၂၀၁၄ရက် နံနက် ၈နာရီတွင် ကားထွက်မည်ဖြစ်ပါသဖြင့် အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈သို့ ၃-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးသွင်းပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

အောက်ပါပုဂ္ဂိုလ်များနှင့် ဘဏ်စာရင်းများ-

(၁)	ဦးလှသန်းဦး(ဥက္ကဋ္ဌ)	ဖုန်း-၀၉-၅၀၅၄၆၇
(၂)	ဦးတင်မောင်ပြုံး(အတွင်းရေးမှူး)	ဖုန်း-၀၉-၈၅၉၅၆၃၉
(၃)	ဒေါ်နီလာအောင်(ဘဏ္ဍာရေးမှူး)	ဖုန်း-၀၉-၈၅၉၅၁၀၀
(၄)	ဦးစောဝေ(ဘိုကလေးအသင်းဥက္ကဋ္ဌ)	ဖုန်း-၀၉-၈၆၅၀၄၂၄
(၅)	ဦးဝင်းမြင့်(ဘိုကလေးအသင်း အတွင်းရေးမှူး)	ဖုန်း-၀၉-၅၁၀၅၈၀၆
(၆)	ရှေ့ဆောင်ဘဏ်(စာရင်းအမှတ်)	၀၂၀၀၉၀၂၀၀၀၀၀၉၄၆၉
(၇)	ကမ္ဘာ့ရတနာဘဏ်(စာရင်းအမှတ်)	၀၁၂၁၂၂၀၀၀၃၅၈၂

ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်စိန်လင်း ၉/သစန(နိုင်)၀၁၂၆၅၈နှင့် ကျွန်မ မဝင်းဝင်းစံ ၁၁/သတန(နိုင်) ၀၅၉၃၁၅တို့သည် ၆-၁၂-၂၀၁၃ရက်တွင် စမ်းချောင်းမြို့နယ်တရားရုံး၌ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

မောင်စိန်လင်း-မဝင်းဝင်းစံ

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစံနွန်း ၁၃/ကတန(နိုင်)၀၀၃၉၃၄ အမှတ်(၁/၁၁)၊ ရွာလယ်လမ်း၊ ကန်ကြီးရပ်ကွက်၊ တောင်ကြီးမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစံနွန်းသည် ဦးစိုင်းနော်ခေး ၁၃/လလန(နိုင်)၀၄၂၇၃၅ နှင့် ၂၁-၁၁-၂၀၁၃ ရက်တွင် လင်ခန်း၊ မယားခန်း ပြတ်စဲ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် ဒေါ်နန်းစံနွန်းနှင့် ဦးစိုင်းနော်ခေးတို့သည် တစ်ဦးနှင့်တစ်ဦးလုံးဝ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိမွန် (စဉ်-၃၃၃၇၅)
အထက်တန်းရှေ့နေ
စ/၂၄၅၊ သုခလမ်း၊ စဝ်စံထွန်းရပ်၊ တောင်ကြီး
ဖုန်း-၀၉-၄၂၈၃၁၁၀၄၀

လျှောက်ထားကြောင်းအကြောင်းကြားစာ

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်၌
၂၀၁၃ ခုနှစ် အလွှာအမှတ်-၂၄၆

ဒေါ်လေးလေးခိုင် — **လျှောက်သူ**

အမှတ်(၃/ခ)၊ သီရိဂေဟာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်နေ အရွယ်မရောက်သေးသောသူငယ်နှင့် ၄င်းပိုင်သောပစ္စည်းအကြောင်း။

အထက်ပါလိပ်စာနေ ဒေါ်လေးလေးခိုင်က အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ငြိမ်းဆန်းထွန်း(ခ)မောင်ဘုန်းခန့်ကျော်နှင့် မောင်ဖြိုးသူရကျော်တို့၏အဒေါ်ဖြစ်သည်ဟူ၍ ၄င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ရက် (၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မြေကွက်/ဦးပိုင်အမှတ် ၁၀၅၆၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)၊ ရန်ကုန်မြို့ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ ရန်ကုန်မြို့က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇနီးအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းနှင့်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သိန်းနီမြို့၊ အမှတ်(၄)ရပ်ကွက်နေ ကျွန်တော်၏ဇနီးဒေါ်မြသိန်း ၁၃/သနန(နိုင်) ၀၀၂၃၈၉ သည် ကျွန်တော်နှင့်သဘောထားချင်းမတိုက်ဆိုင်သဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ကြောင်းနှင့် ကျွန်တော်၏သား မောင်ဇော်မိုးလှိုင် ၁၃/သနန(နိုင်)၀၁၇၁၅၇အား အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးအိုက်ထွန်း ၁၃/သနန(နိုင်)၀၂၀၈၃၇
အမှတ်(၄)ရပ်ကွက်၊ သိန်းနီမြို့

(Open Tender) [illegible]

(Open Tender) [illegible]

FAME Cholecrush®
For gallstones
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Nephrotec®
For healthy kidney
GMP Certified
Organic Certified

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-134(2013-2014)	Spares for AB 100 Well Servicing Truck	(2) Items	US$
(၂)	IFB-135(2013-2014)	Spares for Blow Out Preventer Ex ZJ 70 L Drilling Rigs	(5) Items	US$
(၃)	IFB-136(2013-2014)	Universal Fuel Pump Test Stand	(1) No	US$
(၄)	IFB-137(2013-2014)	5 Ton Excavator(0.16 m3)	(2) Units	US$
(၅)	IFB-138(2013-2014)	25 Ton Excavator(1.2 m3)	(2) Units	US$
(၆)	IFB-139(2013-2014)	Rig Air Compressor	(1) Unit	US$
(၇)	IFB-140(2013-2014)	30 Ton Crawler Crane	(1) Unit	US$
(၈)	IFB-141(2013-2014)	8" & 6½" Spiral Drill Collar	(2) Items	US$
(၉)	IFB-142(2013-2014)	Welding Electrode E 6011(30Ton)	(1) Lot	US$
(၁၀)	IFB-143(2013-2014)	Spares for CAT D379 & CAT D399 Engines	(5) Items	US$
(၁၁)	IFB-144(2013-2014)	Drawworks Main Drum Brake Shoe Lining	(9) Items	US$
(၁၂)	IFB-145(2013-2014)	Portable Welding Machine with Complete Accessories (300 AMP, Diesel Engine Driven)	(4) Units	US$
(၁၃)	IFB-146(2013-2014)	Heat Shrinkable Sleeve (1200 Rolls) Closure Patches(25000 Nos)	(4) Items	US$
(၁၄)	DMP/L-044(2013-2014)	Spares for F 1000 Rig Pump Ex D3 T2 SR I &II	(11) Items	Ks
(၁၅)	DMP/L-045(2013-2014)	Rotor Seals for ZJ 70 L SR I &II	(10) Items	Ks
(၁၆)	DMP/L-046(2013-2014)	Electrical Spares for Caterpillar Gas Engine Lighting Set	(4) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

စက်မှုဝန်ကြီးဌာန
အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် 315 kVA, 11/0.4 kV (Stack Core) Transformer (25) Units ထုတ်လုပ်မှုအတွက် Standard Parts & Auxiliary Parts များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၁၂-၂၀၁၃ရက်မှ ၂၇-၁၂-၂၀၁၃ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၃၀-၁၂-၂၀၁၃ ရက်၊ ၁၀ နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ် (၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ၁၆-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၄၂၂၁၃၊ ၀၅၃-၄၂၂၁၄၊ ၀၉-၄၉၅၀၁၂၉၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)
ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
Ph:09-512-1284, 09-420-707802

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ [illegible]

ရတနာအောင်သက်န်းတိုက် ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသား
သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် ၁၀၇နေ ဦးဌေးအောင် ၁၂/ဗဟန(နိုင်)၀၂၁၄၀၂သည် အောက်ပါ ကုန်အမှတ်တံဆိပ်နှင့် ကုန်အမှတ် အမည်အမှတ်အသား၏ တစ်ဦးတည်းသောပိုင်ရှင်ဖြစ်ပါသည်။

[မှတ်ပုံတင်အမှတ် ၃၇၆၁/၁၉၉၉-(၄)ပို]

အထက်ပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ဝိနည်းတော်နှင့်အညီ ချုပ်လုပ်သော သင်္ကန်းတော်အမျိုးမျိုးဖြန့်ချိရောင်းချမှုတွင် အသုံးပြုပါသည်။

အထက်ပါကုန်အမှတ်တံဆိပ် Trade-Mark နှင့် ကုန်အမှတ် အမည်အမှတ်အသား Trade-Name များကို မည်သူမဆို ပိုင်ရှင်၏ခွင့်ပြုချက်မရဘဲ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်မိယောင်မှားဖြစ်စေရန်ဖြစ်စေ၊ အသုံးပြုခြင်း၊ တုပခြင်း၊ ကျူးကျော်သုံးစွဲခြင်း၊ မရိုးမဖြောင့်သော သဘောဖြင့် အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ချက်များရှိခဲ့ပါလျှင် ဥပဒေနည်းလမ်းရှိသမျှဖြင့် ထိထိရောက်ရောက် အရေးယူခြင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဝင်းရွှေ M.Dev.S., B.Econ.(P & D)., R.L,D.M.A., Dip-in- law. D.B.L.,D.M.L.,D.I.L.,H.G.P. **(စဉ်-၄၇၂၀)**

ဦးတင်နိုင်(မြိတ်) B.A.,H.G.P, R.L, D.B.L, D.M.L, D.I.L, D.I.R **(စဉ်-၄၅၅၄)**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်သီတာရွှေ LL.B.(Ygn),D.L(WIPO-Swiss)

အထက်တန်းရှေ့နေ(စဉ်-၂၂၄၆၅)

ဖုန်း-၀၁-၈၆၁၀၂၉၈၊ ၀၉-၅၁၆၃၂၆၃၊ ၀၉-၅၁၂၆၄၀၅

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်း၊ ပန်းခြံစု(၁)လမ်းနေ ဦးစိုးရီ ၁၄/ဝခမ(နိုင်)၀၆၇၀၀၄အား ဦးကျော်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးကျော်အောင်

ရတနာအောင်သင်္ကန်းတိုက်၏ အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် ၁၀၇နေ ရတနာအောင်သင်္ကန်းတိုက်ပိုင်ရှင် ဦးဌေးအောင် ၁၂/ဗဟန(နိုင်)၀၂၁၄၀၂နှင့် ဇနီး ဒေါ်ခင်ထွေး ၁၂/ဗဟန(နိုင်)၀၂၁၉၃၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ ကျွန်ုပ်တို့၏ မိတ်ဆွေများသည် ရတနာအောင်သင်္ကန်းတိုက်များကို အမှတ် ၁၀၇၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ် ၇၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ပင်ရင်းအရောင်းဌာနများဖွင့်လှစ်၍ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်သော စံချိန်မီ သင်္ကန်းအမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိရောင်းချသောလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ရတနာအောင်သင်္ကန်းတိုက်မှ ထုတ်လုပ်ရောင်းချသော ရတနာအောင်တံဆိပ်နှင့် အမည်အမှတ်အသားပါရှိသော သင်္ကန်းတော်အမျိုးမျိုးအား မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ထူးခြားစွာ တစ်ခဲနက် အားပေးချီးမြှောက်မှုပြုနေခြင်းကိုသော်လည်းကောင်း၊ အောင်မြင်ကျော်ကြားနေသော ရတနာအောင်သင်္ကန်းတိုက်ပိုင်ရှင် ဦးဌေးအောင်နှင့်ဇနီး ဒေါ်ခင်ထွေးတို့၏ ရတနာအောင်သင်္ကန်းနှင့် သင်္ကန်းတိုက်၏ ကောင်းသောဂုဏ်သတင်းကျော်စောခြင်းကိုသော်လည်းကောင်း ထိပါးလာကြပါမူ ထိပါးလာကြသူ မည်သူမဆို ဥပဒေအရ တာဝန်ရှိစေလိမ့်မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဝင်းရွှေ M.Dev.S., B.Econ.(P & D).,R.L,D.M.A., Dip-in- law. D.B.L.,D.M.L.,D.I.L.,H.G.P. **(စဉ်-၄၇၂၀)**

ဦးတင်နိုင်(မြိတ်) B.A.,H.G.P, R.L, D.B.L, D.M.L, D.I.L, D.I.R **(စဉ်-၄၅၅၄)**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်သီတာရွှေ LL.B.(Ygn),D.L(WIPO-Swiss)

အထက်တန်းရှေ့နေ(စဉ်-၂၂၄၆၅)

ဖုန်း-၀၁-၈၆၁၀၂၉၈၊၀၉-၅၁၆၃၂၆၃၊ ၀၉-၅၁၂၆၄၀၅

ဒေါ်တင်ကြည် ၁၂/ကမတ(နိုင်)၀၃၉၂၄၉နှင့် အများသိစေရန်ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်ကြည်လေး ၁၂/မဂတ(နိုင်) ၁၂၇၃၉၂၊ ဦးအေးသောင်း ၁၂/မရက(နိုင်)၀၄၉၇၈၈၊ ဦးရင်ထွန်း ၁၂/ကမတ(နိုင်) ၀၃၉၄၀၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် ဒေါ်တင်ကြည်တို့သည် ၁၄-၁၂-၂၀၁၁ရက်က မိသားစု သဘောတူညီချက်အရ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၃)လမ်း၊ အမှတ် ၈၁ ရှိ မြေကွက်ပေါ်တွင် ကြယ်ဖြူ ဆောက်လုပ်ရေးသို့ အပ်နှံပြီး ခြောက်ထပ်ရင်ကွဲ ကန်ထရိုက်တိုက်ကိုဆောက်လုပ်ရန် သဘောတူကြပြီး တိုက်ခန်းအမှတ်(၁)နှင့်(၂)တို့ကို ဒေါ်တင်ကြည်ကလည်းကောင်း၊ (၄)(၅)နှင့်(၆)တို့ကို ကျွန်ုပ်၏မိတ်ဆွေများကလည်းကောင်း ခွဲဝေရယူကြရန် မိသားစုသဘောတူညီကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့ကြပြီးဖြစ်ပါသည်။ ယခုအချိန်တွင် ကန်ထရိုက်တိုက်မှာ ဆောက်လုပ်ပြီးဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေများပိုင် တိုက်ခန်းများအား မည်သူတစ်စုံတစ်ယောက်ကမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း၊ ပိတ်ပင်တားဆီးခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ အရေးယူမည်ဖြစ်ကြောင်း ဒေါ်တင်ကြည်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ကြည်လေး၊ ဦးအေးသောင်းနှင့် ဦးရင်ထွန်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထိန် B.Sc,R.L.

တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ

ဒေါ်အေးအေးသန့် LL.B — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်နှင်းသီတာကျော် LL.B,D.B.L — **အထက်တန်းရှေ့နေ**

အမှတ်(၆၀)ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၀၅၄၀၅၈၊ ၀၉-၄၀၁၅၈၉၈၈၇၊ ၀၉-၄၃၁၁၈၇၆၃။

သံတွဲခရိုင်အသင်း(ရန်ကုန်)
မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိတ်ဆုံစားပွဲကို ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်၊ ကန်တော်မင်ပန်းခြံ (ဟက်ပီးဝေါလ်)ကစားကွင်းတွင် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းလွဲ ၂ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် သံတွဲခရိုင်သူ၊ သားများ(အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) စည်းစည်းရုံးရုံး ကြွရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ဒေသအစားအစာများဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်အထူးဇုန်(၃)၊ C_{12} လမ်းရှိ မြေကွက်အမှတ် (၁၂၁၃) ဧရိယာ ၁၅၈ကေကို ပိုင်ရှင်ဦးဇော်မင်းဇင် ၁၂/ကမရ(နိုင်)၀၂၈၉၃၃သည် ၂၇-၆-၂၀၀၁မှ ယနေ့အချိန်အထိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ ၄င်းမြေကွက်ကို ကျွန်တော် ဦးဇော်မင်းဇင် အမည်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ကတ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်းလုပ်ငန်းအား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မင်းဇင်
၁၂/ကမရ(နိုင်)၀၂၈၉၃၃
ဖုန်း-၀၉-၈၆၃၅၃၄၀၊ ၀၉-၄၂၀၁၅၉၈၆၅





GI Group EXPRESS

ရိုးအိုင် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး



2+1 (၂၇)ယောက်စီး စင်္ကာနားများ
(၄၅)ယောက်စီးကားများ
Yutong Bus ကားသစ်များဖြင့်
Scania ကားသစ်များဖြင့်

ရန်ကုန်-မန္တလေး၊ ရန်ကုန်-မုံရွာ၊ မန္တလေး-မုံရွာ၊

09-73626666, 09-73787777, 09-91055055
09-421012000, 09-73234107
02-61881, 02-78523, 02-77727, 09-91005555, 09-73221800, 09-43337788, 09-6800880
09-2010757, 09-47104777, 09-47110038,
09-47122111, 09-402592092, 09-43010677.
09-47113333, 09-6809988.

GI Group EXPRESS

မြန်မာ့ရေဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၌ တည်ဆောက်နေသော ခုတင်(၁၀၀)ဆံ့ သုံးထပ် အထူးကုဆေးရုံကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဈေးနှုန်းအဆို ပြုလွှာ(ချိပ်ပိတ် Quotation Tender) ဖိတ်ခေါ်အပ်ပါသည်။

(၁) 500 kVA Sub Station ၊အတွင်း/အပြင် အဆောက်အအုံတစ်ခုလုံး၏ လျှပ်စစ်လုပ်ငန်း တပ်ဆင်ခြင်း၊ Lighting Protection & Earthing System .Fire Alarm System နှင့် Air Conditioner များ တပ်ဆင်ခြင်းလုပ်ငန်းများ။

(၂) 20000 gals Ground Tank နှင့် အတွင်း/အပြင် အဆောက်အအုံတစ်ခုလုံး၏ Water Supply and Sanitary Works လုပ်ငန်းများ။

အထက်ဖော်ပြပါ လုပ်ငန်းများအားလုံးအား (ပစ္စည်း+လုပ်အားခ)နှစ်မျိုးစလုံးဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ။ ။ (MIDPCO.,Ltd)ရုံးခန်း၊ တိုက်စီ ၁၊ အခန်း ၀၀၄၊
နှင်းဆီလမ်း၊ ဆင်မလိုက် အဝေးပြေးအိမ်ရာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၃၄၈၅၈၁၊ ၀၁-၅၃၄၆၁၄။ (MIDPCO.,Ltd)
ရုံးခန်း၊ အမှတ်(၁)မြေနုလမ်း၊ ပုသိမ်မြို့။ ဖုန်း-၀၄၂-၂၃၈၇၈

တင်ဒါပိတ်မည့်ရက်။ ။ ၆-၁-၂၀၁၄ ရက်

ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏
(၅၄)အုပ်မြောက်စာအုပ်
ခေါင်းဆောင်ဖို့ မွေးဖွားလာသူ

လှသောင်း ရေးသည်
မြန်မာနိုင်ငံ၏ ကမ္ဘာ့ပထမဆုံး လေယာဉ်ပြန်ပေးဆွဲမှုကြီး
(တတိယအကြိမ်)

ကွန်ပျူတာ ဒပ ဧရာ ဟီ တီ

ထန်ကျက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၆၂၂၊ မြေကွက်တည်နေရာ အမှတ် ၆၂၂၊ ယုဇနဖလမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံတောင် ဦးသောင်းငွေ H-RGN-၀၃၀၆၉၆ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသောင်းငွေ ကွယ်လွန်သဖြင့် ဒေါ်နန်းချိုချိုအေး ၁၂/လမတ(နိုင်)၀၁၅၅၀၅က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ယ/၆၇၉၃ Honda Dream ND 125m ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဒိုး လွဲစေး ၇/ပစန(နိုင်)၂၁၁၀၁၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တနင်္သာရီတိုင်းဒေသကြီး (ထားဝယ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ယ/၁၃၅၂၅ Honda Dream NO 125m, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူရ ၆/လလန(နိုင်)၀၇၄၉၅၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တနင်္သာရီတိုင်းဒေသကြီး(ထားဝယ်)

(၃၀-၁၁-၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၁ပါ ဦးမောင်မောင်မျိုး ၁၂/ကမရ(နိုင်)၀၄၀၇၂၅၏လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာချက်နှင့်၆-၁၂-၂၀၁၃ရက်စွဲပါမြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)ပါမိခင်ဒေါ်ခင်တင့် ၁၂/ကမရ(နိုင်)၀၄၀၈၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာချက်နှစ်ရပ်အပေါ်ဟုတ်မှန်သည့်အတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာ(၁)လမ်း၊ (၈)ရပ်ကွက်၊ အမှတ်(၂၅/အေ)နေ ဦးမျိုးအောင် ၁၂/ကမရ(နိုင်)၀၄၀၅၁၉၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ လူကြီးမင်းတို့၏ကြေညာချက်အပိုဒ်(၁)ပါအတိုင်း ကျွန်ုပ်တို့၏မိတ်ဆွေအပါအဝင် သားနှစ်ဦး အမွေဆက်ခံခွင့်ရရှိလာမည်ဖြစ်သောဖခင်ဦးမျိုးငွေနှင့်မိခင်ဒေါ်ခင်တင့်တို့ ပိုင်ဆိုင်သည့်ပစ္စည်းများအား ကြေညာချက်အပိုဒ်(၂)အရ အမေရိကန်နိုင်ငံတွင် လွန်ခဲ့သော(၁၀)နှစ်ကျော်ကတည်းကပင် ယနေ့အချိန်အထိ နေထိုင်လျက်ရှိသော ဦးမောင်မောင်မျိုး၏သမီးနှစ်ဦးကို ၂၉-၈-၂၀၀၇ရက်၌ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၄၀၆၆/၂၀၀၇အရ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်သည် အမွေခံတစ်ဦးဖြစ်သည့် ကျွန်ုပ်တို့မိတ်ဆွေ၏အကျိုးဆက်ခံခွင့်ကို ထိခိုက်နစ်နာစေသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားမဝင်ပျက်ပြယ်သော စာချုပ်ဖြစ်သည့်အပြင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ကိုချုပ်ဆိုရာ၌ ပေးကမ်းသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ ကျွန်ုပ်တို့၏မိတ်ဆွေဦးမျိုးအောင်အား အသိမပေး၊ ပါဝင်စေခြင်းမရှိဘဲ တစ်ဖက်သတ်လုပ်ဆောင်ခြင်းတို့သည် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် အထက်ပါမေတ္တာဖြင့် အပိုင်ပေးမှတ်ပုံတင်စာချုပ်အမှတ်-၄၀၆၆/၂၀၀၇သည် ဥပဒေအရတရားမဝင်ပျက်ပြယ်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

၂။ ထိုသို့တရားမဝင်ပျက်ပြယ်သောအထက်ပါစာချုပ်ဖြင့် ဦးမောင်မောင်မျိုး၏သမီးနှစ်ဦးက အမည်ပေါက်လျှောက်ထားမှုကို ကျွန်ုပ်တို့၏မိတ်ဆွေက သက်ဆိုင်ရာသို့ ကန့်ကွက်ခဲ့သောကြောင့် ဦးမောင်မောင်မျိုးက ကျွန်ုပ်တို့၏မိတ်ဆွေကျေနပ်သည်အထိ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့ပြီး မိခင်ကြီးက ကျွန်ုပ်တို့၏မိတ်ဆွေသို့ အမွေဆိုင်များအကြား အငြင်းပွားသည့်အချိန်တွင်မှ အထူးကိုယ်စားလှယ်လွှဲစာနှင့် ၅-၄-၂၀၁၃ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း အရပ်စာချုပ်ကိုပြုလုပ်ခဲ့သော်လည်း ကျွန်ုပ်တို့၏မိတ်ဆွေနှင့်အတူနေထိုင်လျက်ရှိသော မိခင်ကြီးအား မိသားစုဝင်အားလုံးသိရှိခြင်းမရှိဘဲ ဦးမောင်မောင်မျိုးကိုယ်တိုင်သွေးဆောင်လျက် ၄င်းနေထိုင်ရာ အမေရိကန်နိုင်ငံသို့ ၁-၉-၂၀၁၃ရက်တွင် တိတ်တဆိတ်ခေါ်ဆောင်သွားပြီး ၄င်း၏ ကမ်းလှမ်းလုပ်ဆောင်ချက်များကို လူကြီးမင်းတို့ဘက်မှ အတိအလင်းဖောက်ဖျက်ခဲ့ခြင်းဖြစ်ပါသည်။

၃။ ထိုသို့ကျွန်ုပ်တို့၏မိတ်ဆွေအမည်ပေါက်ပိုင်ဆိုင်ခွင့်ကိုတရားဝင်သည်အထိ ဆောင်ရွက်မရစေရန် ဦးမောင်မောင်မျိုးဘက်မှ မိခင်ကြီးအားပြည်ပသို့ ခေါ်ဆောင်သွားခြင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာစေခြင်း၊ အစဉ်အဆက်မိသားစုလက်ရှိနေထိုင်လာခဲ့သောခြံဝင်းရှေ့သို့ တစ်ကြိမ်တစ်ခါမျှ မြင်တွေ့သိရှိဖူးသူမဟုတ်သော မိခင်၏အခွင့်ရကိုယ်စားလှယ်ဆိုသူနှင့် လူတစ်စုတို့က ၉-၁၁-၂၀၁၃ရက် မင်းမဲ့စရိုက်ဆန်စွာရောက်ရှိပြီး အကြမ်းဖက်ခြိမ်းခြောက်၍ တံခါးဖွင့်ခိုင်းစေခြင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေနှင့်အတူနှစ်ပေါင်းများစွာနေထိုင်လျက်ရှိသော အသက်(၇၀)ကျော်အရွယ်ရှိ အဒေါ်နှစ်ဦးတို့အား မတရားတားဆီးပိတ်ပင်သည်ဟု အဆိုပြု၍ ပြစ်မှုကြောင်းဖြင့် တိုင်တန်းခဲ့သောကြောင့် အသက်အရွယ်ကြီးရင့်သူ အဒေါ်နှစ်ဦးမှာ ရဲစခန်းသို့ရောက်ရှိခဲ့ရခြင်း၊ (၆-၁၂-၂၀၁၃)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ(၂၀)တွင် မိခင်ကြီးက ကျွန်ုပ်တို့၏မိတ်ဆွေအား ပြုလုပ်ချုပ်ဆိုပေးခဲ့သော(၅-၄-၂၀၁၃)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း အရပ်စာချုပ်ကို ပြန်လည်ရုပ်သိမ်းစေခဲ့ခြင်းစသည့်အဆက်ဆက် ထိခိုက်နစ်နာစေသည့် တရားမဲ့ ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့သူများမှာ လူကြီးမင်းတို့ဘက်မှသာဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

၄။ လူကြီးမင်းတို့၏ကြေညာချက်အပိုဒ်(၈)တွင် လူကြီးမင်း၏လုပ်ရပ်သည်ဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိ၊ အမှန်တကယ်ဥပဒေတတ်ကျွမ်းသော ဥပဒေပညာရှင်များထံ တိုင်ပင်ဆွေးနွေးရန်ဟူသောစကားရပ်များသည် နိုင်ငံတော်မှဥပဒေဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက်တရားဝင် အသိအမှတ်ပြုထားသော ဥပဒေပညာရှင်များ၏ ကြေညာချက်ကို လူကြီးမင်းတို့ဘက်မှ ရှေ့နေများစောင့်စည်းအပ်သော ကျင့်ဝတ်သိက္ခာကိုဖောက်ဖျက်၍ ပုဂ္ဂိုလ်ရေးထိခိုက်သောစကားရပ်များအပေါ် ပြန်လည်ရုပ်သိမ်းတောင်းပန်ရန် တာဝန်ထားအပ်ပါသည်။

၅။ ကျွန်ုပ်တို့မိတ်ဆွေ၏ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ်၌သော်လည်းကောင်း၊ ကွယ်လွန်ပြီးချိန်၌သော်လည်းကောင်း၊ ဖခင်၊ မိခင်တို့နှင့်အတူ အဒေါ်နှစ်ဦးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေက လက်ရည်တစ်ပြင်တည်း ဦးဆောင်ဦးရွက်ပြုလုပ်ကိုင်ရာဖွေကျွေးမွေးခဲ့ရသည့် သားတစ်ဦးဖြစ်သည့်အပြင် ဖခင်ကြီးကွယ်လွန်ချိန်၌လည်း ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းမှ မြေကျသည်အထိတာဝန်ယူကျေပွန်ခဲ့သောသားကြီးတစ်ဦးအား ထိခိုက်နစ်နာစေလိုသောသဘောဖြင့် အကြောင်းမဲ့ အမွေပြတ်ကြေညာခဲ့ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးခံစားခွင့်အား ကုစား၍မရသော ထိခိုက်နစ်နာဆုံးရှုံးစေမှုများအား လူကြီးမင်းတို့ဘက်မှဆောင်ရွက်လာခြင်းများအပေါ် မေတ္တာဖြင့် အပိုင်ပေးမှတ်ပုံတင်စာချုပ်အမှတ်-၄၀၆၆/၂၀၀၇သည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့်လူကြီးမင်းတို့၏ ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များအားလုံးကို ဥပဒေဘောင်အတွင်းမှ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းတို့နှင့်တကွ အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ	ဒေါ်ခင်မာနွယ်	ဒေါ်ဟန်သီစိုး
LL.B,D.B.L	LL.B,D.B.L	LL.B,IDCS.IADCS
(စဉ်-၂၈၆၄၁)	(စဉ်-၃၁၀၇၀)	(စဉ်-၃၉၄၄၇)

အထက်တန်းရှေ့နေများ

အမှတ်(၁၃၆/၁၃၈)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

အထက(၂)ဒဂုံတောင်ပိုင်းမြို့နယ် (၁၉၉၀-၂၀၁၁) ပညာသင်နှစ် ကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ကို ၁၂-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောင်း၌ ကျင်းပမည် ဖြစ်ပါသဖြင့် ပင်စင်ရ ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ကျော်စွာဦး(၉၃) ဖုန်း-၀၉-၄၅၁၈၉၈၉၈၉၊ သတိုးရွှေ(၉၃) ဖုန်း-၀၉-၅၁၄၆၂၄၀၊ မင်းကိုကိုထွန်း(၉၃) ဖုန်း-၀၉-၄၃၀၅၂၈၆၇၊ အောင်မွေးကြိုင်(၉၆) ဖုန်း-၀၉-၄၉၆၇၄၀၄၀၊ ဇော်မင်းထိုက်(၀၀) ဖုန်း-၀၉-၄၂၁၁၃၀၀၁၁၊ အေးစန္ဒာ(၉၃) ဖုန်း-၀၉-၇၃၀၁၄၀၅၅၊ ဇင်မာလွင်(၉၉) ဖုန်း-၀၉-၇၃၁၃၁၀၃၆၊ သဉ္ဇာလင်း(၉၉) ဖုန်း-၀၉-၂၅၀၀၆၃၆၉၀၊ ခင်လေးနွယ်(၉၆) ဖုန်း-၀၉-၄၂၁၀၅၀၃၃၄၊ အိအိခိုင်(၉၆) ဖုန်း-၀၉-၄၂၀၃၀၁၂၅၂၊ ကေသီလွင်(၀၀) ဖုန်း-၀၉-၅၄၀၆၁၄၀၊ လှသွယ်(၀၇) ဖုန်း-၀၉-၄၅၀၀၃၁၂၁၂၊ ဟိန်းရာဇာ(၀၇) ဖုန်း-၀၉-၄၂၀၀၈၅၁၄၇

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ပျဉ်းမနားမြို့၊ ပျဉ်းမနားရဲစခန်းဝင်းနေသူ ဒေါ်နုနုခင်(ဘ)ဦးထွန်းကြည် ၁၂/ဥကတ(နိုင်)၀၀၃၅၅၄မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၆၀၂နေ ဒေါ်အေးအေးကြိုင်(ဘ)ဦးထွန်းကြည် ၁၂/ဥကတ(နိုင်)၀၀၄၅၁၁အား ၂၀-၁၁-၂၀၁၃ ရက်က ပျဉ်းမနားမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာချုပ်အမှတ် (၁၈၉/၂၀၁၃)ကို ၁၇-၁၂-၂၀၁၃ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်နုနုခင်	**ဒေါ်အိအိအောင် (LL.B)**
	အထက်တန်းရှေ့နေ(၃၄၆၇၄)
	ဖုန်း-၀၉-၄၃၀၇၀၄၅၉

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/အနော်မာ၊ မြေကွက်အမှတ် ၆၉၀/က၊ မြေကွက်တည်နေရာအမှတ်၆၉၀/က၊ အနော်မာ(၁၆)လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်သိန်း အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သိန်း AE-၂၃၄၀၉၀က ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ် ၆၈၈၊ အစိတ်အပိုင်း ၈/၃၅၊ မြေကွက်တည်နေရာအမှတ် ၁၁၃၊ အောင်ဇေယျလမ်း၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီ အမည်ပေါက် အစိုးရမြေအား အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ ဒေါ်လှလှသိန်း ၁၂/ကမရ(နိုင်)၀၅၈၄၇၄ က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ်၁၇၂၀/က၊ မြေကွက်တည်နေရာအမှတ် ၁၇၂၀/က၊ ၃လမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံ(တောင်)၊ ဦးအုံးကြည် DMU-၀၅၆၇၄၅ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအုံးကြည်ထံမှ အရပ်စာချုပ်၊ အဆင့်ဆင့် ဝယ်ယူထားသူ ဦးမျိုးသန့် ကွယ်လွန်၍ ဒေါ်စန်းစန်းဝင်း ၁၂/သဃက(နိုင်) ၀၂၄၅၆၃ က ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတိပေးတားမြစ်ခြင်း

ဦးထူးထူးအောင် ၁၂/ပဘတ(နိုင်)၀၃၀၄၀၂ ပိုင်ဆိုင်သောအခန်း စမ်းချောင်းမြို့နယ်၊ကျွန်းတောတောင်ရပ်ကွက်၊တိုက်အမှတ် ၂၄(ရှစ်လွှာ)ခြေရင်း၏စာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ငှားရမ်းခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

ဦးထူးထူးအောင် ၁၂/ပဘတ(နိုင်)၀၃၀၄၀၂

ငှားရန်ရှိသည်

၁၁ လမ်းနှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းမကြီးပေါ်ရှိ နှစ်ထပ်လုံးချင်းတိုက်(ပေါ်တီကိုပါ) ငှားရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၇၀၅၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ရပ်ကွက်၊ ပညာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇ရပ်ကွက်၊ မြေကွက်အမှတ် ၈၂၉၊ (ပေ ၄၀×ပေ ၆၀)အကျယ်အဝန်း၊ မြို့/မြေစာရင်း၊ နှစ် ၆၀မြေငှားဂရန် အမည်ပေါက် ဦးလှစိုး ၁၂/ဗဟန(နိုင်)၀၁၁၀၇၈၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဒေါ်သီတာမိန်း ၁၂/ဥကတ(နိုင်)၁၀၅၃၈၈ထံမှ ဝယ်ယူလက်ရှိပိုင်ဆိုင်ခွင့်ရှိသူ ဦးညီညီခင် ၇/တငန(နိုင်)၀၀၉၈၅၆ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက အရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၀ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်း(ဝါးခယ်မ)
(LL.B)စဉ်-၈၀၂၀
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၆၊ ပထမထပ်၊ ၁၆၄လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၁၈၃၂၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ (၂၃)လမ်း၊ မြေကွက်အမှတ်-၈၅၃(က) နှစ် ၆၀ မြေငှားဂရန်မြေကွက်ပေါ်ရှိ မြေအလျားပေ ၁၀×အနံပေ ၆၀(ခြေရင်းခြမ်း)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ပိုင်ဆိုင်သူ ဒေါ်နွယ်နွယ်စိုး ၁၂/မဂဒ(နိုင်)၀၅၀၂၃၇ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိရွှေရည်ဝင်း
အထက်တန်းရှေ့နေ
စဉ်-၃၅၁၄၂
တိုက် ၁၆၅၊ အခန်း ၃၊ ရန်နိုင်လမ်းသွယ်(၁၁)၊ ၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၅၇၀၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၆ ရပ်ကွက်၊ မေယု-၄လမ်း၊ အမှတ်-၅၇၀ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးတင်မြင့် ISN-၁၃၂၈၅၃ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးလောဆန်(ခ)ဦးကျော်ဝင်း ၁၃/လရန(နိုင်)၀၉၈၇၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးကျော်ဦး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အခန်း-၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆

ဒစ်ဂျစ်တယ်မြေတိုင်း၊ မြေပုံထုတ်နှင့် GIS သင်တန်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့်မန္တလေးနည်းပညာ(Mandalay Technology) ကုမ္ပဏီတို့ပူးပေါင်း၍ ဒစ်ဂျစ်တယ်မြေတိုင်း၊ မြေပုံထုတ်နှင့် GIS သင်တန်း(Digital Surveying, Mapping and GIS Training)ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၁၊ ၂၂၊ ၂၇၊ ၂၈ နှင့် ဇန်နဝါရီ ၄၊ ၅ရက်တို့တွင်(စနေ၊ တနင်္ဂနွေနေ့တိုင်း)နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ပါမည်။

(အစိုးရဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေး ၂၀%လျှော့ပါမည်။)

ဆက်သွယ်ရန်- မန္တလေးနည်းပညာ(Mandalay Technology)ကုမ္ပဏီ
ဖုန်း-၀၁-၆၅၂၂၈၅-၈၆
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES) ဖုန်း-၀၁-၅၁၉၆၇၃-၇၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၅၃၀၆ Isuzu Bighorn UBS 756w S/W ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်စိုး ၆/မအရ(နိုင်)၀၀၀၆၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

Subject	Time	Training Period	Language
1.Business Plan-1	8:30 - 12:00	Mon,Wed,Fri (Jan 13-31)	English
2.Business Plan-2	13:00 - 18:00	Sat,Sun (Jan 18-Feb 2)	Myanmar
3.Marketing -1	9:00 - 12:00	Tue,Thu (Jan 21-Feb 13)	English
4.Marketing -2	13:00 - 18:00	Sat,Sun (Jan 25-Feb 9)	Myanmar
5.Quality & Production	13:30 - 17:00	Mon,Wed,Fri (Jan 13-31)	Myanmar
6.Finance&Accounting	13:30 - 17:30	Mon,Tue,Thu (Jan 13-31)	Myanmar
7.Human Resource -1	8:00 - 12:00	Mon,Tue,Wed (Jan 20-31)	Myanmar
8.Human Resource -2	17:30 - 18:30	Tue,Wed,Thur (Feb 11-20)	English

Tailor Made Program

Email Address –

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစန်းအေး၊ ဒေါ်သင်းအုံက ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ် ၃၀၉/၃၁၁(ငါးလွှာ) (ယာဘက်)၊ (၁၅'×၅၀') အကျယ်အဝန်းရှိ တိုက်ခန်းကို မြေပိုင်ရှင်များဖြစ်ကြသော ဦးကျင်ထွန်း၊ ဒေါ်ခင်ထားမြင့်တို့ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဦး B.Econ, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ(၄၀၃၈)
အမှတ် ၉၀၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ကျွန်ုပ်၏အမှုသည် ဒေါ်မျိုးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၇၇၃၁၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဒေါ်မျိုးမျိုးခိုင်နှင့် ဦးပြည့်ဖြိုးအောင် ၁၂/ဗဟန(နိုင်)၀၁၇၉၇၃ ကိုင်ဆောင်သူတို့သည် ၁-၄-၂၀၀၄ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။

အကြင်လင်မယားအဖြစ် ပေါင်းသင်းစဉ်အချိန်မှစ၍ ဦးပြည့်ဖြိုးအောင်သည် လင်ယောကျ်ားတစ်ဦး၊ ဖခင်တစ်ဦးအနေဖြင့် တာဝန်ကျေပွန်မှု၊ ဇနီးနှင့်သမီးအား ရှာဖွေကျွေးမွေးထောက်ပံ့မှုပြုခဲ့ခြင်းမရှိဘဲ လွန်ခဲ့သော(၂၀၀၉)ခုနှစ်မှစ၍ ဇနီးနှင့်သမီးအား အဆက်အသွယ်ပြုလုပ်ခြင်း၊ စောင့်ရှောက်ထောက်ပံ့မှုပြုလုပ်ခြင်း မရှိတော့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ ဦးပြည့်ဖြိုးအောင်နှင့် ဒေါ်မျိုးမျိုးခိုင်တို့သည်လင်ခန်း၊ မယားခန်းဖြတ်တောက်ရပ်စဲသွားပြီး လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်မျိုးမျိုးခိုင်	**ဒေါ်သန္တာခိုင်(LL.B,D.L.P,WIPO(Switzerland)**
၁၂/ဗဟန(နိုင်)၀၇၇၃၁၈	**တရားလွှတ်တော်ရှေ့နေ**
	အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊
	ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊
	ရန်ကုန်မြို့

ရွှေနန်းပင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် အသင်းသားအားလုံးသိရှိစေရန်

- အသင်းနှင့် ကင်းကွာနေသော အသင်းသားများ အစုထည့်ဝင်ရန် ကျန်ရှိသော အသင်းသားများသည် အသင်းသို့ ၃၁-၁၂-၂၀၁၃ ရက်တွင် နောက်ဆုံးထား ဆက်သွယ်ကြပါရန်။

ဆက်သွယ်မှုမရှိပါက ၎င်းတို့အကျိုးခံစားခွင့်များကို အသင်း၏ ရင်းနှီးမြုပ်နှံငွေအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆက်သွယ်ရန်-အမှုဆောင်အဖွဲ့ ဖုန်း-၀၉-၇၃၀၂၄၂၀၄



မြန်မာ့အလင်း

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th SEA Games Special

2013, December 17, Tuesday

မြားပစ်အားကစားမယ် အောင်ငိုမ်း နိုင်ငံအတွက်ပထမရွှေ တံဆိပ်ဆုဆွတ်ခူး

➤ သတင်း - မြင့်မောင်စိုး
➤ ဓာတ်ပုံ - စိုးမြင့်

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ကျင်းပသော မြားပစ်ဗိုလ်လုပွဲတွင် မြန်မာမြားပစ်အားကစားမယ် အောင်ငိုမ်းက အိမ်ရှင်မြန်မာအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေးလိုက်ပြီဖြစ်သည်။

မြားပစ်အားကစားမယ် အောင်ငိုမ်းသည် အမျိုးသမီးတစ်ဦးချင်း Compound ပြိုင်ပွဲတွင် စုစုပေါင်းရမှတ် ၁၃၈မှတ်ဖြင့် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အောင်ငိုမ်းနှင့် အင်ဒိုနီးရှား မြားပစ်မယ် Dellie Threesyadinda တို့ ဗိုလ်လုပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။ ပြိုင်ပွဲတွင် အင်ဒိုနီးရှားမြားပစ်မယ်က ရမှတ် ၁၃၀ဖြင့် ဒုတိယငွေတံဆိပ်ဆုသာ ဆွတ်ခူးရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် မလေးရှားက တတိယ ကြေးတံဆိပ်ဆုဆွတ်ခူးခဲ့သည်။

"မြားပစ် အားကစားသမားကောင်းတစ်ယောက်ဖြစ်လာဖို့အတွက် Technical ပိုင်းအရေးကြီးသလို၊ Mental ပိုင်းလည်း အရေးကြီးပါတယ်။ မြားပစ်ကစားသမားတစ်ယောက်အနေနဲ့ လေ့ကျင့်မှုတွေ ပြည့်ဝအောင် ကြိုးစားဖို့လိုသလို စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုရအောင် လေ့ကျင့်မှု၊ အာရုံစူးစိုက်မှုတွေဟာလည်း အရေးကြီးပါတယ်" ဟု မြားပစ်အားကစားသက်တမ်း ၁၁ နှစ်ရှိ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေးလိုက်သည့် မြားပစ်မယ် အောင်ငိုမ်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

အမျိုးသား Compound ဗိုလ်လုပွဲတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းက ငွေတံဆိပ်ဆွတ်ခူးပြီး ဖိလစ်ပိုင်က ကြေးတံဆိပ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။ မြားပစ်အားကစားနည်းတွင် နှစ်မျိုးရှိသည်။ Compound နှင့် Recurve ပြိုင်ပွဲဖြစ်သည်။ Compound အားကစားနည်းသည် မီတာ ၅၀ အကွာမှ ပစ်မှတ်ကို ပစ်ခြင်းဖြစ်သည်။ Recurve ပြိုင်ပွဲမှာမူ မီတာ ၇၀ အကွာရှိ ပစ်မှတ်ကို ပစ်ခြင်းဖြစ်သည်။ **စာမျက်နှာ ၄ »**

ကမ္ဘာ့အဆင့် (၃၈)၊ အာရှအဆင့် (၇) နှင့် အရှေ့တောင်အာရှအဆင့် (၂) တွင်ရှိသော ထိုင်းအမျိုးသမီးဟော်ကီအသင်းအား မြန်မာက သရေကစားခဲ့

ရန်ကုန် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင်အိမ်ရှင်နိုင်ငံအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်း၌ အမျိုးသမီးဟော်ကီပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအတွေ့အကြုံနှင့် ကမ္ဘာ့အဆင့် (၃၈)နေရာတွင်ရှိသော ထိုင်းအမျိုးသမီးဟော်ကီအသင်းကို သရေကစားနိုင်ခဲ့၍ မြန်မာပရိသတ်တို့ လက်ခုပ်ဩဘာသံဖြင့် အကြိုက်တွေ့ခဲ့ရသော ပြိုင်ပွဲဖြစ်ခဲ့သည်။

ထိုင်းအသင်းက အဆက်မပြတ်သွင်းခဲ့သောရိုက်ချက်များကို မြန်မာအသင်းဂိုးသမားခုခံကာကွယ်နိုင်ခဲ့ခြင်းကလည်း မြန်မာတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ "သမီးတို့လေ့ကျင့်တာရှစ်လပဲရှိခဲ့တယ်။ အဓိကက ပြိုင်ပွဲမှာ စိတ်ဓာတ်ပါ။ ဂိုးနည်းနိုင်သမျှနည်းအောင်ကာကွယ်မယ်ဆိုပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ထိုင်းအသင်းနဲ့ သရေကျအောင် ကစားနိုင်ခဲ့တဲ့အတွက် အသင်းသားအားလုံး ပျော်ရွှင်နေကြပါတယ်"ဟု မြန်မာအမျိုးသမီးဟော်ကီ ဂိုးသမားကျောနံပါတ် ၁၈ က ရှင်းပြခဲ့ပြီး မလေးရှားနိုင်ငံမှ မြန်မာဟော်ကီနည်းပြဖြစ်သော Mr. Enbaraj ကလည်း "မြန်မာအမျိုးသမီးဟော်ကီအသင်းကို တချို့က ရှစ်လ၊ တချို့က လေးလပဲ စခန်းသွင်းလေ့ကျင့်ချိန်ရခဲ့တာပါ။ ထိုင်းအသင်းက အာရှအဆင့်(၇)နဲ့ အရှေ့တောင်အာရှအဆင့်(၂)မှာရှိပါတယ်။ ဒီလိုအသင်းမျိုးတွေနဲ့ အချိန်တိုလေ့ကျင့်ချိန်အတွင်းမှာ ယှဉ်ပြိုင်ရပြီးတော့ သရေကျတယ်ဆိုတော့ တတိယဆုကနေ ဒုတိယဆုကိုမျှော်မှန်းဖို့ အခွင့်အရေးရလာတာဆိုရင် မမှားပါဘူး။ မြန်မာအသင်းက နိုင်ငံတကာပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မယ်ဆိုရင် အရည်အသွေးတိုးတက်လာမှာပါ။ မြန်မာပြည်မှာကျင်းပတဲ့ ဆီးဂိမ်းမှာ အမျိုးသမီးဟော်ကီနည်းပြအဖြစ် တာဝန်ယူရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်" ဟု ရှင်းပြသည်။

ညနေ ၃ နာရီတွင် အမျိုးသားဟောကီပြိုင်ပွဲ၌ မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)**

အမျိုးသမီးပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ အနေးပစ်ခတ်စဉ်ပွဲစဉ်များ ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၁၆

25 M Sport Pistol Women အမျိုးသမီးအားကစား ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ၏ အနေးပစ်ခတ်စဉ် ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားကွင်း၌ ကျင်းပရာ ပထမစီးရီးပစ်ခတ်စဉ်တွင် နိုင်ငံအလိုက် သေနတ်ပစ်အားကစားသမား ၁၂ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒုတိယစီးရီးပစ်ခတ်စဉ်တွင် နိုင်ငံအလိုက် သေနတ်ပစ် အားကစားသမား ခြောက်ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံအလိုက် သေနတ်ပစ်အားကစားသမား ၁၈ ဦးတို့က စီးရီးတစ်ခုတွင် ကျည်အတောင့်ရေငါးတောင့်ပါ ခြောက်စီးရီးဖြင့် ကျည်အတောင့် ၃၀ စီကို ပစ်ခတ်ပြီး ပြိုင်ပွဲဝင်ခဲ့ကြသည်။

25 M Sport Pistol Women အမျိုးသမီးအားကစား ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ၏ အနေးပစ်ခတ်စဉ် ပွဲစဉ်များအတွင်း စင်ကာပူအသင်းက စုစုပေါင်းရမှတ် ၈၅၈ ဒသမ ၁၉ မှတ်ဖြင့် လည်းကောင်း၊ ဗီယက်နမ်အသင်းမှ စုစုပေါင်းမှတ် ၈၄၆ ဒသမ ၁၉ မှတ်ဖြင့် လည်းကောင်း၊ ထိုင်းအသင်းက စုစုပေါင်းရမှတ် ၈၄၃ ဒသမ ၁၈ မှတ်ဖြင့် လည်းကောင်း၊ မလေးရှားအသင်းက စုစုပေါင်းရမှတ် ၈၃၇ ဒသမ ၂၀ ဖြင့်လည်းကောင်း၊ မြန်မာအသင်းက စုစုပေါင်းရမှတ် ၈၃၃ ဒသမ ၁၄ ဖြင့် လည်းကောင်း၊ လာအိုအသင်းက စုစုပေါင်းရမှတ် ၇၇၆ ဒသမ ၆ မှတ်ဖြင့် လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ယနေ့နံနက် ၉ နာရီတွင် စတင်သော အနေးပစ်ခတ်ပွဲစဉ်များအတွင်း ပထမစီးရီး ပစ်ခတ်ချိန်အတွင်း၌ မြန်မာမှ ခင်ပပစိုးက စုစုပေါင်းရမှတ် ၂၇၇ ဒသမ ၆ မှတ်၊ လေးဇာဇာလှိုင်းမြင့်က စုစုပေါင်း ရမှတ် ၂၇၄ ဒသမ ၂ မှတ် ရရှိခဲ့ပြီး နံနက် ၁၀ နာရီ ၁၅ မိနစ် ဒုတိယစီးရီး ပစ်ခတ်ချိန်အတွင်း မြန်မာမှ မေပိုးဝါ က စုစုပေါင်းရမှတ် ၂၇၄ ဒသမ ၂မှတ် ရရှိခဲ့ကာ ယနေ့ အနေးပစ်ခတ်ပွဲစဉ်များမှ ၁၈ ဦးမှာ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည့် အမြန်ပစ်ခတ်စဉ်များအတွင်း ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင် သွားကြမည်ဖြစ်သည်။ အနေးပစ်ခတ်စဉ်နှင့် အမြန်ပစ်ခတ်စဉ်များမှ အမှတ်များပေါင်းမည်ဖြစ်ကြောင်း သိရှိရပြီး ယင်းမှတစ်ဆင့် Final Shooting အတွက် ရှစ်ဦး ရွေးချယ်မည်ဖြစ်ကြောင်းလည်း သိရသည်။

သတင်း-စိုးဝင်း(SP)

ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

(၂၇)ကြိမ်မြော

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြို
ဒီဇင်ဘာ ၁၁ ရက် ညနေက (၂၇)ကြိမ်မြော
ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ခမ်းနား
ကျင်းပခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ ကွ
ကြည့်ရှုကြသူများနှင့် ရုပ်မြင်သံကြား
ကြည့်ရှုကြသူ ပြည်သူအပေါင်းနှစ်ထေ
ဂုဏ်ယူဝမ်းမြောက်ကြမည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွ
သံကြားမှတစ်ဆင့် ဖွင့်ပွဲအစီအစဉ်များကို ကြ
သူများကလည်း ကြည်နူးဝမ်းသာဂုဏ်ယူကြ
များစွာထဲမှ နည်းပညာတက္ကသိုလ် ပထမနှ
သားတစ်ဦးက "ဆီးဂိမ်းဖွင့်ပွဲအခမ်းအန
အံ့ဩစရာပါပဲဗျာ။ မမြင်ဖူးတာတွေမြင
ကျောင်းသားလေးတွေရဲ့ ဂဏန်းပုံဖော်မှုက
တယ်။ ပန်းရထားစီးပြီး မြားပစ်မီးကူးတဲ့ပြကွ
မှာမရှိသေးတဲ့ မြန်မာ့ယဉ်ကျေးမှုမို့ ဂုဏ်ယူစ
ပါတယ်။ ထီးသုံးနန်းသုံးဝတ်စုံနဲ့ဆိုရင် ဒီဝ
မှာ အမှန်ပါပဲ။ သားတို့ကတော့ နိုင်ငံသားတ
နဲ့ အလွန်ဂုဏ်ယူရပါတယ်။"

ဆက်လက်၍ အငြိမ်းစားကျောင်းအုပ
တစ်ဦးကလည်း "မြန်မာနိုင်ငံမှာ မကြုံစ
အဆင့်မြင့်ဖွင့်ပွဲပါ။ ဂုဏ်ယူရပါတယ်။ အ
အလယ်မှာ ဂုဏ်ယူစရာဖွင့်ပွဲကို ဖန်တီးပေးတဲ့
အစိုးရ၊ တာဝန်ရှိသူများ၊ နည်းပညာရှင်
ဆောင်ရွက်ကြတဲ့ ကျောင်းသား ကျောင်းသူမျာ
တင်ဂုဏ်ယူချီးကျူးပါတယ်။နိုင်ငံရဲ့ အတိတ်

ရန်ကုန် ဒီဇင်ဘာ ၁၆

ဆီးဂိမ်းဘောလုံးပရိသတ်များအတွက် အစီအစဉ်ကောင်းများပြုလုပ်ပေးနေ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပနေပြီး မြန်မာအားကစား ပရိသတ်များကလည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ခဲနက် အားပေးလျက်ရှိသည်။ မြန်မာဘောလုံးပရိသတ်များအတွက် Official SEA Games Partner and Sponsor ဖြစ်သည့် Frontiir က SEA Games Application များမှ တစ်ခုဖြစ်သည့် Fantasy Football Game ကို ပြုလုပ်ပေးလျက်ရှိသည်။ အမှတ်အများဆုံးရရှိသူများကို ဆီးဂိမ်း RGO နှင့် 47 Collection များကို ထုတ်ယူပေးလျက်ရှိကြောင်း သိရသည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲများ၏ ပွဲစဉ်အလိုက်အနိုင်၊ အရှုံးနှင့် သွင်းဂိုးရလဒ်များကို ခန့်မှန်းရခြင်းဖြစ်ပြီး nttp://www.sea-gamesmm.com တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

စိုးညွန့်

မြန်မာအမျိုးသမီးမာရသွန် ရွှေမှန်းသော်လည်း ငွေနှင့်ကြေးဖြင့်သာ ကျေနပ်ရ

နေပြည်တော် ဒီဇင်ဘာ ၁၆

ဆီးဂိမ်းပြိုင်ပွဲကြီး၏ ပွဲစဉ်တစ်ခုဖြစ်သော အမျိုးသား၊ အမျိုးသမီး မာရသွန် ဗိုလ်လုပွဲပန်းဝင်နေရာအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း နေပြည်တော်တွင် ဒီဇင်ဘာ ၁၆ ရက်က ဆက်လက်ကျင်းပခဲ့သည်။

အမျိုးသားမာရသွန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား နှစ်ဦး၊ စင်ကာပူနိုင်ငံမှ အားကစားသမား နှစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ အားကစားသမား နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမားတစ်ဦး စုစုပေါင်း ကိုးဦးနှင့် အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားမယ်နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ အားကစားမယ် တစ်ဦး၊ ဗီယက်နမ်နိုင်ငံမှ အားကစားမယ် တစ်ဦး၊ တီမောလက်စ်တေနိုင်ငံမှ အားကစားမယ်တစ်ဦး စုစုပေါင်း ငါးဦးယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပွဲစဉ်တွင် စင်ကာပူနိုင်ငံမှ Ying Ren Mok က ၂ နာရီ ၂၈ မိနစ် ၃၆ စက္ကန့်ဖြင့် ပထမ၊ မြန်မာနိုင်ငံမှ သောင်းအေးက ၂ နာရီ ၂၉ မိနစ် ၅၀ စက္ကန့်ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်နိုင်ငံမှ Enc Panique က ၂ နာရီ မိနစ် ၃၀ စက္ကန့်၃၀ဖြင့် တတိယ အသီးသီးပန်းဝင်ခဲ့ကြသည်။

အမျိုးသမီးပွဲစဉ်တွင် ဗီယက်နမ်နိုင်ငံမှ Thi Binh Pham က ၂ နာရီ ၄၅ မိနစ် ၃၄ စက္ကန့်ဖြင့် ပထမ၊ မြန်မာနိုင်ငံမှ မြင့်မြင့်အေးက **(ဝဲပုံ)** ၂ နာရီ ၄၆ မိနစ် ၀၇ စက္ကန့်ဖြင့် ဒုတိယနှင့် မြန်မာနိုင်ငံမှ ပပက ၂ နာရီ ၄၉ မိနစ် ၀၁ စက္ကန့်ဖြင့် တတိယ အသီးသီးပန်းဝင်ခဲ့ကြသည်။ ဗီယက်နမ်အားကစားမယ် အနေဖြင့် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းတွင် တတိယဆုရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ယနေ့ အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် အမျိုးသမီးအားကစားမယ်များကို ရွှေမှန်းခဲ့သော်လည်း ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုနှင့်သာ ကျေနပ်ခဲ့ရသည်။

သတင်း-ဖြိုးဖြိုး၊ သိမ့်သိမ့်၊ ဓာတ်ပုံ-သူရ(တောင်ငူ)

အမျိုးသမီးပိုက်ကျော်ခြင်း ဒ

နေပြည်တော် ဒီဇင်ဘာ ၁၆

ဆီးဂိမ်းအမျိုးသမီး ပိုက်ကျော်ခြင်း Regu ပြိုင်ပွဲနောက်ဆုံးပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဆက်လက်ကျင်းပခဲ့ရာ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့က ဗီယက်နမ်အမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့နှင့် အကြိတ်အနယ်ကစားပြီး ငွေတံဆိပ်ဆု ဆွတ်ခူးပေးလိုက်ပြန်ပြီ ဖြစ်သည်။ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့က ဗီယက်နမ်ကို ၂၁-၁၅၊ ၂၁-၁၈ ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ငွေတံဆိပ်ဆုဆွတ်ခူးပေးလိုက်ခြင်းဖြစ်သည်။

ယင်း Regu ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထိုင်းအမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့က လာအိုအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့ကို နှစ်ပွဲပြတ် ကစားပြီး ပထမဆုရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် လာအိုနှင့် ဗီယက်နမ်တို့က ပူးတွဲကြေးတံဆိပ်ဆု ဆွတ်ခူးသွားခဲ့သည်။

မြန်မာအမျိုးသမီးပိုက်ကျော်ခြင်း

အဖွဲ့
ပြိုင်ပွဲ
ခူးထ
လည်း
ပိုက်
နှစ်ဆု
မလေ
ထိုင်း
သမာ
Regu
တစ်ပွဲ
သော
သတ်
ရှိသ
နိုင်
အနိုင်

ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲပုံရိပ်များ

ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းတွင်
ညနေက (၂၇)ကြိမ်မြောက် ဆီးဂိမ်း
မ်းအနားကို ခမ်းနားထည်ဝါစွာ
မာနိုင်ငံတစ်ဝန်းမှ ကွင်းအတွင်း
င့် ရုပ်မြင်သံကြားမှတစ်ဆင့်
ည်သူအပေါင်းနှစ်ထောင်းအားရ
ကြမည် ဖြစ်ပါသည်။
ဒသကြီး ရေစကြိုမြို့တွင် ရုပ်မြင်
င့်ပွဲအစီအစဉ်များကို ကြည့်ရှုနေကြ
ည်နူးဝမ်းသာဂုဏ်ယူကြသည့် အသံ
ညာတက္ကသိုလ် ပထမနှစ် ကျောင်း
ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားကတော့
မမြင်ဖူးတာတွေမြင်ရပါတယ်၊
တွရဲ့ ဂဏန်းပုံဖော်မှုက ကောင်းပါ
ပြီး မြားပစ်မီးကူးတဲ့ပြကွက်က ကမ္ဘာ
ယဉ်ကျေးမှုမို့ ဂုဏ်ယူစရာကောင်း
န်းသုံးဝတ်စုံနဲ့ဆိုရင် ဒီ့ထက်ခံ့ညား
းတို့ကတော့ နိုင်ငံသားတစ်ဦးအနေ
ါတယ်။”
အငြိမ်းစားကျောင်းအုပ်ဆရာကြီး
‘မြန်မာနိုင်ငံမှာ မကြုံစဖူးကြုံရတဲ့
ဂုဏ်ယူရပါတယ်။ အခုလို ကမ္ဘာ့
ရာဖွင့်ပွဲကို ဖန်တီးပေးတဲ့ နိုင်ငံတော်
သူများ၊ နည်းပညာရှင်များ၊ ပါဝင်
ကျောင်းသား ကျောင်းသူများကိုကျေးဇူး
ါတယ်။နိုင်ငံရဲ့ အတိတ်ယဉ်ကျေးမှု

ဖော်ကျူးပုံ အလွန်ကောင်းပါတယ်။ ကမ္ဘာကိုပြခွင့်ရတာ ဂုဏ်ယူစရာပါ။ ဖျော်ဖြေသူတွေအားလုံး လုံလုံခြုံခြုံ ယဉ်ကျေးမှုနဲ့အညီ ဖျော်ဖြေလို့ ကျေးဇူးတင်ပါတယ်ဗျာ။”

ကုန်သည်ပွဲစားတစ်ဦးကလည်း “အခုလို နိုင်ငံနဲ့ လူမျိုးဂုဏ်သိက္ခာနဲ့ယှဉ်တဲ့ ဆီးဂိမ်းဖွင့်ပွဲကို ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနား စုစည်းညီညွတ်စွာနဲ့ ကမ္ဘာ့အလယ်အံ့ဩဖွယ်ဖြစ်အောင် စီမံသူတွေ၊ ပါဝင်ဆောင်ရွက်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီလောက်ထိ ခမ်းနားလိမ့်မယ်လို့မထင်ခဲ့ဘူး။ မျက်မြင်တွေ့ရတော့ ရင်တွေခုန်၊ ကြက်သီးတွေတောင် ထမိပါတယ်။ နိုင်ငံသားတစ်ဦးအနေနဲ့ ဂုဏ်ယူပါတယ်” ဟု ရင်တွင်းက စကားကိုလည်း ကြားခဲ့ရပါသည်။

ယခုကဲ့သို့ ကမ္ဘာ့အလယ်တွင် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ဆီးဂိမ်းဖွင့်ပွဲကို ထုတ်ဖော်ပြသနိုင်ခြင်းသည် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်ယူဖွယ်အောင်ပွဲဖြစ်ပါသည်။ ယခုကဲ့သို့ ဖွင့်ပွဲ၏ပုံရိပ်ကောင်းများ ဖြစ်တည်ရခြင်းသည် စီမံဆောင်ရွက်သူများ၊ ပါဝင်အားဖြည့်ကြသူများနှင့်အတူ နိုင်ငံသူ နိုင်ငံသားအားလုံးတို့၏ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်းနှင့် အမျိုးသားရေး တာဝန်ကျေပွန်ခဲ့မှုကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့မှသည် ပိတ်ပွဲပြီးဆုံးသည့်တိုင် အောင်မြင်နိုင်ရေးကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားအားလုံး အကောင်းဆုံး ကြိုးပမ်းကြပါစို့ဟု. . .။

ဖေထွဏ်းဇော်(ရေစကြို)

ဒီဇင်ဘာ ၁၆ ရက်က ပုသိမ်မြို့ ငွေဆောင်ကမ်းခြေ၌ ကျင်းပသည့် ဆီးဂိမ်း အားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ကျင်းပရာ ရွက်လှေပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-သူဇာနွယ်

စစ်တုရင်ပြိုင်ပွဲဝင် သက်ငယ်အားကစားသမားများ၏ ရင်ဖွင့်စကား

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ စစ်တုရင်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်နိုင်ရန်အတွက် စစ်တုရင်ကစားသမား ၂၃ ဦးက စတင်ကြိုးစားကာ ပြိုင်ပွဲဝင်နေပြီဖြစ်ပြီး ၎င်းတို့အနက်မှ အသက်အငယ်ဆုံး ကစားသမားလေးဦးနှင့် စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့သည်လည်း ဒီဇင်ဘာ ၁၇ ရက်၌ ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအတွက် စိတ်လှုပ်ရှားနေကြောင်း သိရသည်။

ရတီဝင့်ဝါ (၁၁ နှစ်)
(အထက)စမ်းချောင်း

သမီးက စတုတ္ထတန်းမှာစပြီး ကစားတာပါ။ ၂၀၁၀ ခုနှစ်မှာ ပြိုင်ပွဲတွေဝင်ပြိုင်ခဲ့ပါတယ်။ သမီးဖေဖေက သင်ပေးရင်းနဲ့ ဝါသနာပါလာလို့ ဆရာတွေနဲ့ ဂရုတစိုက် သင်ကြားခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲကနေ အဆင့်ဆင့် ရွေးချယ်ခံရပြီး နောက်ဆုံးဆီးဂိမ်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရတာမို့ စိတ်လှုပ်ရှားခဲ့ရပါတယ်။ သမီးတို့အနေနဲ့ အသက်ကန့်သတ်ချက်မရှိတဲ့ ပြိုင်ပွဲတွေလည်း ယှဉ်ပြိုင်ရမှာမို့ ကိုယ့်ထက် ဝါရင့်တဲ့ကစားသမားတွေကို အကောင်းဆုံး ရင်ဆိုင်နိုင်ဖို့ နည်းစနစ်ပိုင်းတွေ အများကြီးလေ့ကျင့်ထားပါတယ်။

မထက်ထက်သန်းစိန် (၁၄နှစ်)
အထက(၂) မင်္ဂလာဒုံ

နွေရာသီ ဒုတိယတန်းအပြီးမှာ အောင်ဆန်းကွင်းက စစ်တုရင်အဖွဲ့ချုပ်မှာ စပြီးသင်တန်းတက်ခဲ့ရာက နေ အဆင့်ဆင့် ကျော်ဖြတ်ခဲ့ရတာ အခုဆီးဂိမ်းမှာ ယှဉ်ပြိုင်ခဲ့ရပါတယ်။ China Vs Asean ပြိုင်ပွဲမှာ သမီးတတိယဆုရရှိခဲ့တဲ့အတွက် ဆရာသမားတွေက ဆီးဂိမ်းမှာလည်း ဆုရဖို့ မျှော်လင့်ပေးကြပါတယ်။ သမီးတို့အားကစားနည်းက ဦးနှောက်နဲ့ ယှဉ်ပြိုင်ကြရပြီး အဓိကကတော့ တစ်ဖက် ကစားသမားအပေါ် အထင်ကြီးတာ၊ အထင်သေးတာ၊ စိတ်လှုပ်ရှားတာတွေကိုထိန်းချုပ်ရပါတယ်။ နည်းစနစ်ပိုင်းမှာတော့ နိုင်ငံတကာ စစ်တုရင်အဖွဲ့ချုပ်ရဲ့ စည်းမျဉ်းအတိုင်းလေ့လာပြီး နေ့တိုင်း လေ့ကျင့်ပါတယ်။ ဆုရရှိမယ်လို့လည်း မျှော်လင့်ထားပါတယ်။ သမီးအနေနဲ့ Blilz ပြိုင်ပွဲ (၅ မိနစ်အမြန်)ကို စိတ်ပူမှုရှိပြီး Rapid (၂၅ မိနစ်) ပြိုင်ပွဲမှာ ကိုယ့်ကိုယ်ကိုပိုအားရပါတယ်။ ပထမဆုကို လိုချင်ပါတယ်။ အသက် ရှစ်နှစ်မှာ စစ်တုရင်ကို စတင်ကစားဖြစ်ခဲ့ပြီး စစ်တုရင်ကစားနည်းက လူငယ်တွေအတွက် ဉာဏ်ရည်ထက်မြက်မှုကို ရရှိစေတယ်လို့ ထင်မြင်မိပါတယ်။

မောင်မောင်ကျော်ဇေယျဟိန်း
(PISM) (၁၂နှစ်)

ကျွန်တော်က ခုနစ်နှစ်သားကတည်းကစတင်ပြီးစစ်တုရင်ကစားခဲ့ပါတယ်။ အပျော်ဆော့ကစားရာကနေ နောက်ပိုင်းမှာ မကစားရရင်တောင် မနေတတ်တော့ပါဘူး။ အခုကျွန်တော် ယှဉ်ပြိုင်မယ့်ပြိုင်ပွဲက နိုင်ငံတကာစစ်တုရင် Blilz ပြိုင်ပွဲဖြစ်ပြီး ပတ်လည်ကစားရမှာပါ။ ရွှေရမယ်လို့ မျှော်မှန်းထားပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရတာကို ဝမ်းသာပါတယ်။

မောင်ထက်နိုင်(၁၁ နှစ်)
(အထက ၅ ဗိုလ်တထောင်)

ကျွန်တော်က Rapid ပြိုင်ပွဲကို ယှဉ်ပြိုင်မှာပါ။ အာဆီယံတံခွန်စိုက်ဆုရထားဖူးပြီး လာမယ့် ဒီဇင်ဘာ ၁၇ ရက်ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော့်အနေနဲ့ ရွှေကို မျှော်မှန်းထားပြီး ရွှေထက်မြင့်တာရှိရင် ရလိုပါသေးတယ်။ ကျွန်တော့်ရဲ့ ပွဲဦးထွက်ယှဉ်ပြိုင်မှုကို King Indian ရွှေ့ကွက်နဲ့ စတင်ပြီး တစ်ဖက်အားကစားသမားကို ယှဉ်ပြိုင်သွားမယ်။

ဦးမောင်မောင်လွင်
ဥက္ကဋ္ဌ (စစ်တုရင်အဖွဲ့ချုပ်)

ကျွန်တော်တို့ မြန်မာစစ်တုရင်အဖွဲ့ချုပ်က ရွှေစုစုပေါင်း ၁၈ ခုအနက် ခုနစ်ခုရရှိဖို့ မျှော်လင့်ရည်မှန်းထားပါတယ်။ ပြီးခဲ့တဲ့SEA Games တုန်းက ရွှေက ကိုးခုပဲပေးခဲ့တာမို့ အရနည်းခဲ့ပေမယ့် ဒီနှစ်တော့ရိုးရာစစ်တုရင်အားကစား ပြိုင်ပွဲပေါင်းခြောက်ခုနဲ့ အာဆီယံစစ်တုရင်ပြိုင်ပွဲမှာ တစ်ခုရနိုင်ဖို့ မျှော်မှန်းထားပါတယ်။

စစ်တုရင်ပြိုင်ပွဲကို ထိုင်း၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မြန်မာ၊ ဗီယက်နမ်အသင်းတွေပတ်လည် ယှဉ်ပြိုင်သွားမှာဖြစ်ပြီး မြန်မာအားကစားသမားတွေအတွက် အားရကျေနပ်မှုရှိပါတယ်။

သတင်း-ခင်ရတနာ
ဓာတ်ပုံ-သွန်းဝဿန်

ဒီဇင်ဘာ ၁၆ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးအားကစားရုံတွင် ယှဉ်ပြိုင်လျက်ရှိသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး မီတာ (၂၀၀) အလွတ်ကူးပြိုင်ပွဲ၏ လူရွေးပွဲတွင် မြန်မာရေကူးလက်ရွေးစင် ခန့်ခန့်စုစ် ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-သီဟသစ်

်ခြင်း ဒုတိယငွေတံဆိပ်ဆွတ်ခူး

းပြီး ငွေတံဆိပ်
ာ်ပြန်ပြီ ဖြစ်
သမီးပိုက်ကျော်
နမ်ကို ၂၁-၁၅၊
ပြတ်အနိုင်ရပြီး
းပေးလိုက်ခြင်း

ိုက်ကျော်ခြင်း
မျိုးသမီး ပိုက်
လာအိုအမျိုး
အဖွဲ့ကို နှစ်ပွဲ
မဆုရွှေတံဆိပ်
။ ယင်းပြိုင်ပွဲ
ယက်နမ်တို့က
ဆွတ်ခူးသွား

းပိုက်ကျော်ခြင်း

အဖွဲ့သည် အဖွဲ့လိုက် (Team) ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ဆုဆွတ်ခူးထား၍ ယခု Regu ပြိုင်ပွဲတွင်လည်း ဆုဆွတ်ခူးနိုင်မှုကြောင့် ပိုက်ကျော်ခြင်းဖြင့် ငွေတံဆိပ်ဆုနှစ်ဆု ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

Regu ပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းတို့မှ ပိုက်ကျော်ခြင်းကစားသမားများ ပါဝင်ကစားခဲ့သည်။ Regu ပြိုင်ပွဲသည် Best of three တစ်ပွဲသာကစားရသည်။ အနိုင်ရသောအသင်းသည် အနိုင်ပွဲအဖြစ်သတ်မှတ်သည်။ ပြိုင်ပွဲဝင်ငါးသင်းရှိသည့်အတွက် လေးပွဲအနိုင်ကစားနိုင်သော ထိုင်းက ရွှေရသည်။ သုံးပွဲအနိုင်ကစားနိုင်သော မြန်မာက ငွေရသည်။ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့သည် လာအို၊ ဗီယက်နမ်နှင့် မလေးရှားတို့ကို နိုင်ပြီး ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ပြိုင်ပွဲတစ်ပွဲလျှင် ကစားသမားသုံးဦးစီ ပါဝင်ကစားရသည်။ Team ပြိုင်ပွဲမှာBest of three သုံးပွဲကစားရသည်။ ကစားသမားကိုလည်း Best of three တစ်ကြိမ်ကစားတိုင်းပြောင်းသည်။ စုစုပေါင်းသုံးယောက်အတွဲပေါင်း သုံးတွဲစီ တစ်နိုင်ငံအတွက် ပါဝင်ကစားရသည်။ Regu ပြိုင်ပွဲတွင် Best of three တစ်ကြိမ်သာ ကစားရသည်။

သတင်း-မောင်ရွှေရိုး
ဓာတ်ပုံ-မောင်ကျော်ကြီး

ဒီဇင်ဘာ ၁၆ ရက်က ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ဆီးဂိမ်းတစ်ဦးချင်းဂေါက်သီးရိုက်ပြိုင်ပွဲများကျင်းပနေ မျိုးဝင်းအောင်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ မြန်မာအသင်းဦးဆောင်နေ

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်ရှိ Royal Myanmar Golf Club တွင် ဆက်လက်ကျင်းပလျက်ရှိပြီး တစ်ဦးချင်းအမျိုးသားဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်များကို မြန်မာအသင်းမှ ဂေါက်သီးရိုက်အားကစားသမားများဖြစ်သည့် သိန်းနိုင်စိုး၊ မောင်မောင်ဦး၊ ရဲထက်အောင်နှင့် မျိုးဝင်းအောင်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မျိုးဝင်းအောင်က (-2)၊ သိန်းနိုင်စိုး (-1)၊ ရဲထက်အောင် (-1)၊ မောင်မောင်ဦး (+2) အသီးသီးရရှိထားသည်။ အမျိုးသမီးတစ်ဦးချင်းယှဉ်ပြိုင်ပွဲ ပထမပွဲစဉ်များတွင်မူ မေဦးခိုင်၊ ယဉ်မေမျိုးနှင့် ခင်မာနွယ်တို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

ဆီးဂိမ်းပြိုင်ပွဲ၏ မြားပစ်ဗိုလ်လုပွဲတွင် မြန်မာမြားပစ်အားကစားသမား အောင်ငြိမ်းဝင်ရောက်ယှဉ်ပြိုင်ဟန်။
သတင်း-ရှေ့ဖုံး

အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ မြန်မာတို့ ငွေနှင့် ကြေးဆုရယူ

နေပြည်တော် ဒီဇင်ဘာ ၁၆

နေပြည်တော်ရှိ ငလိုက်ဆည်အတွင်း ကျင်းပလျက်ရှိသော အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်တွင်ကျင်းပရာ အမျိုးသမီးအနောက်တိုင်းလှေပြိုင်ပွဲ မီတာ ၂၀၀၀ ပြိုင်ပွဲတွင် မြန်မာလှေလှော် အမျိုးသမီးအားကစားသမားများက တတိယဆုဆွတ်ခူးပေးနိုင်ခဲ့ပြီး အမျိုးသားတစ်ဦးချင်းလှေလှော်ပြိုင်ပွဲများအတွင်း မြန်မာလှေလှော်အားကစားသမား အောင်ကိုမင်းက ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ အနောက်တိုင်းလှေလှော်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း မီတာ ၂၀၀၀ပြိုင်ပွဲတွင် ဖိလစ်ပိုင်က ရွှေ၊ မြန်မာအသင်းမှ အောင်ကိုမင်းက ငွေတံဆိပ်နှင့် အင်ဒိုနီးရှားက ကြေးတံဆိပ်အသီးသီးရရှိခဲ့ခြင်းဖြစ်ပြီး M1xတွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံမှ လှေလှော်အားကစားသမားများ၊ LW2x တွင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ ယှဉ်ပြိုင်ကြကာ LM2x တွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် မလေးရှားလှေလှော်အားကစားသမားများ၊ LW2-တွင် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားတို့နှင့် LM4-တွင် မလေးရှား၊ ဖိလစ်ပိုင်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ အသီးသီးပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြခြင်း ဖြစ်သည်။

"အနောက်တိုင်းလှေကို ကျွန်တော်တို့ ယှဉ်ပြိုင်ခဲ့ပေမယ့် အများကြီး မမျှော်လင့်ထားခဲ့ပါဘူး။ အစကတည်းက ကြေးလောက်ပဲ မျှော်မှန်းရဲခဲ့ပါတယ်။ အခုတော့ မျှော်မှန်းတဲ့အတိုင်း ဆွတ်ခူးနိုင်ခဲ့တာပါ။ မြန်မာအားကစားသမားတွေ အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်တာကို အားလုံးလည်းမြင်တွေ့ရမှာပါ။ ကျန်ရှိနေတဲ့ပြိုင်ပွဲတွေနဲ့ ရိုးရာလှေမှာတော့ ရွှေရသလောက်ယူမယ်လို့ မျှော်မှန်းထားတယ်"ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနှစ်ယောက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ပထမရွှေဆုနှင့် ဗီယက်နမ်အသင်းက ဒုတိယ၊ မြန်မာအသင်းတို့က တတိယကြေးဆုများ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

"အနောက်တိုင်းလှေက လေ့ကျင့်မှုပိုင်းမှာ အချိန်နည်းခဲ့ပါတယ်။ ကျွန်တော်တို့ မျှော်မှန်းထားတာက ရိုးရာလှေပြိုင်ပွဲဖြစ်ပါတယ်။ ရိုးရာလှေလှော်ပြိုင်ပွဲမှာတော့ ချန်ပီယံဖြစ်ဖို့ မျှော်မှန်းထားလို့ အားကစားဝါသနာရှင်များ အားပေးကြပါလို့ ပြောချင်ပါတယ်" ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောပြသည်။

သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ခင်ရတနာ

မွေအားကစားနည်းဖြင့် ရွှေဆုလေးဆုရယူရန်မျှော်မှန်း

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲ၏ မွေအားကစားနည်းပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း စတင်ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။ မွေထိုင်းအားကစားနည်းဖြင့် မြန်မာနိုင်ငံက ရွှေဆုအနည်းဆုံးလေးဆုမျှော်လင့်ထားပြီး ယှဉ်ပြိုင်ဘက်ဖြစ်သည့် ထိုင်းနိုင်ငံမှ အားကစားသမားများနှင့် ဗီယက်နမ်ကစားသမားများကို အနည်းငယ်စိုးရိမ်မှုများရှိနေသော်လည်း ပြည်တွင်းရှိ အားကစားသမားများ လေ့ကျင့်မှုများကို အားရကျေနပ်ကြောင်း အဖွဲ့ချုပ် တာဝန်ရှိသူက ပြောကြားသည်။

လက်ဝှေ့ပြိုင်ပွဲများကျင်းပရာ အားကစားရုံအတွင်း မွေအားကစားယှဉ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

"လေ့ကျင့်မှုအားကောင်းပြီး အိမ်ရှင်ဖြစ်လို့ မြန်မာအားကစားသမားတွေကို ယှဉ်ပြိုင်ရာမှာ စိုးရိမ်မှုအနည်းငယ်တော့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မွေကနေ ရွှေအနည်းဆုံးသုံးခုအထိ မျှော်လင့်ထားတယ်" ဟု အင်ဒိုနီးရှားမွေအားကစားအဖွဲ့ချုပ် တာဝန်ရှိသူကပြောကြားသည်။

လူကြိုက်များသည့် အားကစားနည်းများတွင် မွေအားကစားနည်းလည်း တစ်ခုအပါအဝင်ဖြစ်ပြီး လက်ဝှေ့ပြိုင်ပွဲများနည်းတူ အားပေးသူ ပရိသတ်များပြားမည့် ပွဲစဉ်တစ်ခုဖြစ်လာနိုင်ကြောင်း မွေအားကစားသမားတစ်ဦးက ပြောကြားသည်။

သတင်းနှင့်ဓာတ်ပုံ-ခင်ရတနာ

» စာမျက်နှာ ၁ မှ

မြားပစ်စက်ဝိုင်းတစ်ခုတွင် အဝါရောင်၊ အနီရောင်၊ အပြာရောင်၊ အနက်ရောင်နှင့် အဖြူရောင်ဟူ၍ အရောင်များပါရှိသော စက်ဝိုင်းတစ်ခုဖြစ်သည်။ အဝါရောင်သည် အလယ်တည့်တည့်တွင်ရှိသည်။ အလယ်တည့်တည့်ထိမှန်အောင် ပစ်နိုင်လျှင် ရမှတ် ၁၀ မှတ်နှင့် ကိုးမှတ် သတ်မှတ်ထားသည်။ ဒုတိယ အနီစက်ဝိုင်းအတွင်းဝင်အောင်ပစ်နိုင်လျှင် ရမှတ်ရှစ်မှတ်၊ ခုနစ်မှတ်သတ်မှတ်ထားသည်။ တတိယစက်ဝိုင်းမှာ အပြာရောင်ဖြစ်သည်။ အပြာရောင်စက်ဝိုင်းအတွင်းဝင်အောင်ပစ်နိုင်လျှင် ရမှတ်ခြောက်မှတ်၊ ငါးမှတ် သတ်မှတ်သည်။ အနက်ရောင်စက်ဝိုင်းအတွင်းဝင်အောင်ပစ်နိုင်လျှင် ရမှတ် လေးမှတ်၊ သုံးမှတ်သတ်မှတ်သည်။ အဖြူရောင်စက်ဝိုင်းအတွင်းဝင်အောင်ပစ်နိုင်လျှင် ရမှတ်နှစ်မှတ်၊ တစ်မှတ် သတ်မှတ်ထားကြောင်း သိရသည်။

ဘတ်စကက်ဘောပွဲစဉ်ပြီးဆုံး ဆီးဂိမ်းချန်ပီယံဟောင်း ဖိလစ်ပိုင်နှင့် ထိုင်းတို့ဗိုလ်စွဲ

နေပြည်တော် ဒီဇင်ဘာ ၁၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဘတ်စကက်ဘောဗိုလ်လုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပရာ အမျိုးသားဘတ်စကက်ဘော ဆီးဂိမ်းချန်ပီယံရွှေဆုကို ယမန်နှစ် ဆီးဂိမ်းချန်ပီယံ ဖိလစ်ပိုင်ကရရှိခဲ့ပြီး အမျိုးသမီးဘတ်စကက်ဘော ချန်ပီယံရွှေဆုကို လက်ရှိချန်ပီယံထိုင်းအသင်းကပင် ဆွတ်ခူးသွားနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့သည် ရွှေဆုနှင့် လွဲချော်ခဲ့ပြီး အမျိုးသားပွဲ၌ ထိုင်းက ၈၃မှတ်၊ မြန်မာက ၆၉မှတ်ဖြင့် နောက်ဆုံးပွဲစဉ် ရှုံးနိမ့်ခဲ့ရသည်။

ဘတ်စကက်ဘောဗိုလ်လုပွဲပြိုင်ပွဲများမှာ အာဆီယံပတ်လည်ပြိုင်ပွဲများဖြစ်ပြီး အမျိုးသားပွဲစဉ်များကို နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ဖိလစ်ပိုင်က ပထမ၊ ထိုင်းက ဒုတိယနှင့် စင်ကာပူက တတိယဆုများရရှိခဲ့သည်။ အမျိုးသမီးအသင်းတွင် ထိုင်းက ပထမ၊ ဖိလစ်ပိုင်က ဒုတိယနှင့် မလေးရှားက တတိယဆုများ အသီးသီးရရှိခဲ့ကြသည်။

သတင်း-သွန်းဝသန်၊ ဓာတ်ပုံ-ဒီမို